# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ချမ်းသာကိုဆောင်ရွက်တတ်၏

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော၊ အလိုရှိရာအာရုံ၌ ကျရောက်ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၇ ရက် | ၂၀၁၈ ခုနှစ်၊ ဩဂုတ် ၁၈ ရက်၊ စနေနေ့ | အတွဲ (၅၇)၊ အမှတ် (၃၂၀)


# တောဆင်ရိုင်းများကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများတွင် တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက် နိုင်ခဲ့သဖြင့် ဦးကျော်မြင့်ထွန်း(ခ)ဦးထွန်းလေးအား ယခုနှစ် ဇူလိုင်လအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် ရွေးချယ်

## ပြည်သူသို့ ကျေးဇူးတင်လွှာထုတ်ပြန်

**နေပြည်တော် ဩဂုတ် ၁၇**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံသူ နိုင်ငံသားများ၊ ပရဟိတစေတနာရှင်များ၊ လူမှုအသင်းအဖွဲ့များမှ လစဉ်ချီးကျူး ဂုဏ်ပြုထိုက်သူများကို ရွေးချယ်၍ ပြည်သူသို့ ကျေးဇူးတင်လွှာထုတ်ပြန်ပေးလျက် ရှိရာ ၂၀၁၈ ခုနှစ် ဇူလိုင်လအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် တောဆင်ရိုင်းများ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးသူရဲကောင်း ဦးကျော်မြင့်ထွန်း(ခ) ဦးထွန်းလေးအား ရွေးချယ်လိုက်ကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံးမှ ဩဂုတ်လ ၁၇ ရက် ရက်စွဲဖြင့် ထုတ်ပြန်ထားသည်။

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်**
**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး**
**ပြည်သူသို့ကျေးဇူးတင်လွှာ**
**၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၆ ရက်**
**(၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်)**

၁။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုသည်မှာ သဘာဝတောတောင်ရေ မြေများ ထိန်းသိမ်းရေးသာမက ၎င်းသဘာဝသစ်တောများအတွင်း မှီတင်းနေထိုင် ကျက်စားလျက်ရှိကြသည့် တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းရေးကိုလည်း တစ်ပြိုင်နက်တည်း ဆောင်ရွက်ရမည်ဖြစ်ပါသည်။ သို့မှသာ သက်ရှိသက်မဲ့တို့အချင်းချင်း အပြန်အလှန် အမှီသဟဲပြု ရှင်သန်ဖွံ့ဖြိုးစေသည့်ဂေဟစနစ်များ မပျက်ယွင်းဘဲ သဘာဝပတ်ဝန်းကျင်များ ရေရှည်တည်တံ့ခိုင်မြဲမည်ဖြစ်ပါသည်။ သဘာဝပတ်ဝန်းကျင် ပျက်ယွင်းလာသည်နှင့်အမျှ ရာသီဥတုဖောက်ပြန်မှုများ ပိုမိုဖြစ်ပေါ်လာပြီး သဘာဝဘေးအန္တရာယ်များလည်း ပိုမိုရင်ဆိုင်ကြုံတွေ့ရမည်ဖြစ်ပါသည်။ နိုင်ငံတော် အစိုးရအနေဖြင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနှင့်အတူ ပြည်သူတို့၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့နိုင်ငံနှင့် လိုက်လျောညီထွေရှိမည့် စီးပွားရေးစနစ် များကိုလည်း

*စာမျက်နှာ ၃ ကော်လံ ၁*

# ဒုတိယသမ္မတ ဦးမြင့်ဆွေ ပဉ္စမအကြိမ် အငယ်စား၊ အသေးစားနှင့် အလတ်စား ဒေသတွင်း ထုတ်ကုန်ပစ္စည်းများပြပွဲနှင့် ပြိုင်ပွဲဖွင့်ပွဲအခမ်းအနား တက်ရောက်အမှာစကားပြောကြား

**မုံရွာ ဩဂုတ် ၁၇**

ပဉ္စမအကြိမ်မြောက် အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ဒေသတွင်းထုတ်ကုန် ပစ္စည်းများ (MSMEs Products) ပြပွဲနှင့် ပြိုင်ပွဲ (၂၀၁၈) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြို့တော်ခန်းမဥ္စကျင်းပရာ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားသို့ အသေးစားနှင့်အလတ်စား စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ လုပ်ငန်း ကော်မတီဝင်များဖြစ်ကြသည့် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီး ချုပ် ဒေါက်တာမြင့်နိုင်နှင့် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညို၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌဦးသန်း၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းမြင့်၊ ဒုတိယဝန်ကြီးများ၊ *စာမျက်နှာ ၄ ကော်လံ ၁*

## “ယခုပြပွဲ၊ ပြိုင်ပွဲ၏ ထူးခြားမှုတစ်ခုမှာ ပုဂ္ဂလိကဘဏ်များကို ဖိတ်ခေါ်ထားခြင်းဖြစ်၊ ပြပွဲ၊ ပြိုင်ပွဲနှင့်အတူ ပေါ်ပေါက်လာသည့် အခွင့်အရေးများကို မိမိရရ ရယူဆောင်ရွက်နိုင်ကြရန် တိုက်တွန်းပြောကြား”



ဒုတိယသမ္မတဦးမြင့်ဆွေ ပဉ္စမအကြိမ်မြောက် အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ဒေသတွင်းထုတ်ကုန်ပစ္စည်းများ ပြပွဲနှင့်ပြိုင်ပွဲ (၂၀၁၈) ဖွင့်ပွဲတွင် ပြသထားသည့် ဒေသတွင်းထုတ်ကုန်ပစ္စည်းပြခန်းများကို ကြည့်ရှုစဉ်။ သတင်းစဉ်




# မြန်မာ့အလင်း

## နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးမှုဆိုင်ရာ ကြိုးပမ်းဆောင်ရွက်မှုများ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ရည်မှန်းချက်သည် ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်ရေးအပေါ် အခြေခံလျက် ကုန်သွယ်မှုဖွံ့ဖြိုးခြင်းမှတစ်ဆင့် တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်ဖြစ်ပါသည်။ ကုန်သွယ်မှုဖွံ့ဖြိုးခြင်းဆိုရာ၌ ထုတ်လုပ်မှုမှသည် စားသုံးမှုအထိ အကျုံးဝင်သော ထုတ်လုပ်စားသုံးမှု ကွင်းဆက်တစ်ခုလုံး၏ ဖွံ့ဖြိုးတိုးတက်မှုကို ဆိုလိုခြင်းဖြစ်ပါသည်။

ကုန်သွယ်မှုဖွံ့ဖြိုးရေးအား လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် မဟာဗျူဟာအဖြစ် ပို့ကုန်ဦးဆောင်မှုဖြင့် စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ချမှတ်ထားပါသည်။ ဤမဟာဗျူဟာအောက်၌ လူထုအစိုးရသက်တမ်းအတွင်း ပို့ကုန်သုံးဆမြှင့်တင်ရန် ရည်မှန်းဆောင်ရွက်လျက်ရှိပါသည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် တစ်ဖက်၌ ပို့ကုန်မြှင့်တင်ရေးကို ဆောင်ရွက်လျက်ရှိသည့်နည်းတူ တခြားတစ်ဖက်၌လည်း သွင်းကုန်အစားထိုးရေးကို ဆောင်ရွက်လျက်ရှိပါသည်။ ဤကဲ့သို့ သွင်းကုန်အစားထိုးနိုင်ရေးအတွက် နိုင်ငံတော်အနေဖြင့် အထူးစီးပွားရေးဇုန်သုံးခုကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ အထူးစီးပွားရေးဇုန်သုံးခုမှာ သီလဝါအထူးစီးပွားရေးဇုန်၊ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန်များ ဖြစ်ပါသည်။

ပို့ကုန်မြှင့်တင်ရေးအား အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ အမျိုးသားပို့ကုန်မဟာဗျူဟာတစ်ရပ်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိပါသည်။ ဤကဲ့သို့ ပို့ကုန်မြှင့်တင်ရေးအတွက် အဓိကဈေးကွက်ရှိရာနိုင်ငံများသို့ စီးပွားရေးသံမှူးများအား တိုးချဲ့စေလွှတ်ထားသကဲ့သို့ ကုန်စည်ပြပွဲများကိုလည်း ခင်းကျင်းပြသပေးလျက်ရှိပါသည်။ ရန်ကုန်မြို့ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာနအား ကုန်စည်ပြပွဲများ ခင်းကျင်းပြသနိုင်ရေးအတွက် ထူထောင်ထားခြင်းဖြစ်ပါသည်။ ကုန်သွယ်ရေး ဖွံ့ဖြိုးတိုးတက်လာမှုကြောင့် နိုင်ငံတော်၏ ထုတ်လုပ်စားသုံးမှုကွင်းဆက်ဖွံ့ဖြိုးတိုးတက်လာသော်လည်း စားသုံးသူပြည်သူတို့၏ ဘေးကင်းလုံခြုံမှုကို အာမခံချက်မပေးနိုင်ပါက နိုင်ငံတော်အတွက် အနုတ်လက္ခဏာတို့ကို ဖြစ်ပေါ်စေမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်က စားသုံးသူကာကွယ်ရေး ဥပဒေသစ်တစ်ရပ်ကို လွှတ်တော်ထံ တင်ပြထားရှိပြီး ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရ၏ ဤသို့ကြိုးပမ်းဆောင်ရွက်မှုတို့ကြောင့် ကုန်ဆုံးခဲ့သော ဘဏ္ဍာနှစ်၏ ကုန်သွယ်မှုပမာဏသည် တိုင်းပြည်၏ သမိုင်းတစ်လျှောက် အမြင့်မားဆုံးသော ကုန်သွယ်မှုပမာဏဖြစ်ပါသည်။ အဆိုပါကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၃၃ ဒသမ ၅၃ ဘီလီယံ ရှိပါသည်။ နိုင်ငံတော်၏ အစဉ်အလာ ပို့ကုန်ဖြစ်သော ဆန်တင်ပို့မှုကိုလည်း တန်ချိန် ၃ ဒသမ ၅၉ သန်းအထိ တင်ပို့နိုင်ခဲ့ပါသည်။ ဆန်အပါအဝင် ပို့ကုန်များတိုးမြှင့်ရေး ဆောင်ရွက်ရာ၌လည်း ပမာဏတိုးချဲ့နိုင်ရေးနှင့်အတူ အရည်အသွေးမြင့်မားရေးကိုလည်း ဦးတည်ဆောင်ရွက်လျက်ရှိပါသည်။ ဤကဲ့သို့ အရည်အသွေးမြှင့်တင်နိုင်ရေးအတွက် နိုင်ငံတော်က ချေးငွေပံ့ပိုးပေးနိုင်ရေးကိုလည်း တိုးချဲ့ဆောင်ရွက်လျက်ရှိပါသည်။ နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်အစိုးရ၏ စီးပွားရေးဖွံ့ဖြိုးရေးအတွက် ရည်ရွယ်ဆောင်ရွက်လျက်ရှိသည့် ဤကြိုးပမ်းဆောင်ရွက်မှုတို့သည် နိုင်ငံသူ နိုင်ငံသားတို့၏ လူမှုစီးပွားရေး အခြေအနေကောင်းများကို ဖန်တီးပေးမည်ဖြစ်ကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။ ။

## တိုးမြစ် မအူပင်မြို့တွင် စိုးရိမ်ရေမှတ်ရောက်နိုင်

နေပြည်တော် ဩဂုတ် ၁၇

ယနေ့ နံနက် ၁၁ နာရီခွဲ တိုင်းထွာချက်အရ တိုးမြစ်ရေသည် မအူပင်မြို့တွင် ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်ပါသည်။ မိုး/ဇလ

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း၊ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပညာရေးဝန်ကြီးဌာန၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်ဝင်း ကို ရန်ကုန်စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့် ကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၃။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာနန်းဆိုင်ဟွမ် ကို ယင်းတက္ကသိုလ်၏ ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## မြန်မာ-လာအို နယ်နိမိတ်ရေပုံအမှတ် (၁၂) အတည်ပြုလက်မှတ်ရေးထိုး

နေပြည်တော် ဩဂုတ် ၁၇

လာအိုနိုင်ငံ လွမ်ပရာဘွမ်ပြည်နယ်၌ ဩဂုတ် ၁၅ ရက်မှ ၁၆ ရက်အထိ ကျင်းပသည့် (၁၃) ကြိမ်မြောက် မြန်မာ-လာအို ဗဟိုအဆင့် နယ်စပ်အာဏာပိုင်များ အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

အဆိုပါ အစည်းအဝေးကာလအတွင်း နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယနိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sengphet HOUNGBOUNGUANG တို့သည် ဩဂုတ် ၁၆ ရက်တွင် မြန်မာ-လာအို နယ်နိမိတ်ရေပုံအမှတ် (၁၂)အား လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။ (အပေါ်ပုံ)




သတင်းစဉ်

## ၂၀၁၈ ခုနှစ်(ဧပြီလမှ ဇူလိုင်လထိ)(ယာယီ) မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၁၁၉၂၄ သန်း ဆောင်ရွက်နိုင်၊ ယခင်ဘဏ္ဍာနှစ်ကာလတူထက် အမေရိကန်ဒေါ်လာ ၁၃၄၇ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့

နေပြည်တော် ဩဂုတ် ၁၇

၂၀၁၈ ခုနှစ်(ဧပြီလမှ ဇူလိုင်လထိ) မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၄၇၂ သန်းနှင့် ပြည်ပသွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၆၄၅၂ သန်းရှိသဖြင့် ပြည်ပကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၁၉၂၄ သန်း ဆောင်ရွက်နိုင်ခဲ့သည်။ ယခင်နှစ် ကာလတူ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (ဧပြီမှ ဇူလိုင်လထိ)တွင် ပြည်ပပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၄၄၉၅ သန်း၊ ပြည်ပသွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၆၀၈၂ သန်းဖြစ်၍ ပြည်ပကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၀၅၇၇ သန်းဖြစ်သဖြင့် ယခင်နှစ်ကာလတူထက် ပို့ကုန်တွင် ဒေါ်လာ ၉၇၇ သန်း၊ သွင်းကုန်တွင် ဒေါ်လာ ၃၇၀ သန်း ပိုမိုသဖြင့် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၃၄၇ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့သည်။

ပြည်ပပို့ကုန်ပစ္စည်းများ အုပ်စုလိုက်တင်ပို့မှုကို ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် အောက်ပါအတိုင်း ပိုမိုတင်ပို့နိုင်ခဲ့သည် -

တန်ဖိုးဒေါ်လာသန်းပေါင်း

| စဉ် | အကြောင်းအရာ | ၂၀၁၈ (ဧပြီလမှ ဇူလိုင်လထိ) (ယာယီ) | ၂၀၁၇ (ဧပြီလမှ ဇူလိုင်လထိ) | နှိုင်းယှဉ်ချက် (+)/(-) |
|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | ၉၃၂.၅၃၅ | ၁၀၈၇.၃၅၄ | -၁၅၄.၈၁၉ |
| ၂ | တိရစ္ဆာန်ထွက်ပစ္စည်းများ | ၁၀၅.၄၈၆ | ၄.၃၅၉ | ၁၀၁.၁၂၇ |
| ၃ | ရေထွက်ပစ္စည်းများ | ၁၉၄.၁၄၇ | ၁၇၄.၃၀၂ | ၁၉.၈၄၅ |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | ၆၅၁.၉၂၄ | ၃၅၈.၂၅၅ | ၂၉၃.၆၆၉ |
| ၅ | သစ်တောထွက်ပစ္စည်း | ၆၁.၇၁၆ | ၇၇.၁၀၀ | -၁၅.၃၈၄ |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၂၉၄၇.၉၈၄ | ၂၁၇၆.၇၅၉ | ၇၇၁.၂၂၅ |
| ၇ | အခြားပစ္စည်းများ | ၅၇၈.၁၄၆ | ၆၁၆.၉၁၈ | -၃၈.၇၇၂ |
| | စုစုပေါင်း | ၅၄၇၁.၉၃၈ | ၄၄၉၅.၀၄၇ | ၉၇၆.၈၉၁ |

ပြည်ပမှသွင်းကုန်တင်သွင်းမှုတွင် ၂၀၁၈ ခုနှစ် (ဧပြီလမှ ဇူလိုင်လထိ) သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၆၄၅၂ သန်းရှိပြီး ယခင်နှစ်ကာလတူ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၆၀၈၂ သန်း ရှိသည့်အတွက် သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၃၇၀ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့သည်။

ပြည်ပသွင်းကုန်ပစ္စည်းများ အုပ်စုအလိုက်တင်သွင်းမှုကို ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် အောက်ပါအတိုင်း ပိုမိုတင်သွင်းနိုင်ခဲ့သည်-

တန်ဖိုး-ဒေါ်လာသန်းပေါင်း

| စဉ် | အကြောင်းအရာ | ၂၀၁၈ (ဧပြီလမှ ဇူလိုင်လထိ) (ယာယီ) | ၂၀၁၇ (ဧပြီလမှ ဇူလိုင်လထိ) | နှိုင်းယှဉ်ချက် (+)/(-) |
|---|---|---|---|---|
| ၁ | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ | ၂၂၉၂.၂၀၄ | ၂၂၃၈.၇၂၉ | ၅၃.၄၇၅ |
| ၂ | လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများ | ၂၅၃၇.၀၂၃ | ၂၃၃၉.၂၈၈ | ၁၉၇.၇၃၅ |
| ၃ | လူသုံးကုန်ပစ္စည်းများ | ၁၆၂၃.၁၀၄ | ၁၅၀၃.၆၅၉ | ၁၁၉.၄၄၅ |
| | စုစုပေါင်း | ၆၄၅၂.၃၃၁ | ၆၀၈၁.၆၇၆ | ၃၇၀.၆၅၅ |

## အိန္ဒိယနိုင်ငံ ရေတပ်သင်္ဘော Khanjar ရန်ကုန်မြို့သို့ အလည်အပတ် လာရောက်မည်

ရန်ကုန် ဩဂုတ် ၁၇

အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြားရှိ နီးကပ်ပြီးခိုင်မာသော နှစ်နိုင်ငံဆက်ဆံရေးအား ပိုမိုအားဖြည့်ခိုင်မာစေရန်အတွက် အိန္ဒိယနိုင်ငံမှ ရေတပ်သင်္ဘော Khanjar သည် ဩဂုတ် ၁၈ မှ ၂၀ ရက်အထိ ရန်ကုန်မြို့သို့ လာရောက်မည်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံသံရုံး သတင်းထုတ်ပြန်ချက်အရ သိရသည်။

ရန်ကုန်မြို့သို့လာရောက်မည့် ရေတပ်သင်္ဘော Khanjar (P-47)သည် Khukri-class မစ်ဆိုင်းကော့ဗက်အမျိုးအစားသင်္ဘောဖြစ်ပြီး ၁၉၉၁ ခုနှစ် အောက်တိုဘာ ၂၂ရက်တွင် အိန္ဒိယရေတပ်သို့ တပ်တော်ဝင်ခဲ့ကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

Khanjar သင်္ဘောသည် တန်ချိန် ၁၃၅၀ တန် တင်ဆောင်နိုင်ပြီး အလျား ၉၁မီတာရှည်ကာ အမြန်နှုန်း ၂၅ knots ထက် ပိုမြန်နိုင်သည်။ သင်္ဘောပေါ်တွင် ရဟတ်ယာဉ်တစ်စင်း တင်ဆောင်နိုင်ရန် တည်ဆောက်ထားပြီး ယခုသင်္ဘောအား လက်နက်များ၊ ရေဒါများနှင့် အာရုံခံကိရိယာများတပ်ဆင်ထားကာ ပြည်တွင်းမှာပင် ပုံစံဒီဇိုင်းရေးဆွဲပြီး M/s Garden Reach Shipbuilders and Engineers, Kolkata မှ တည်ဆောက်ထားခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံမှ ရေတပ်သင်္ဘောဖြစ်သော Khanjar သည် Visakhapatnam တွင်အခြေစိုက်သော Eastern Fleet ၏အစိတ်အပိုင်းတစ်ခုဖြစ်သည်။ သင်္ဘော၏အမည်သည် ရှေးခေတ် စစ်သူရဲကောင်းများ ကောင်းစွာအသုံးပြုခဲ့ကြသည့် အသွားနှစ်ဖက်လုံး ပြတ်ရှနိုင်ရန် သွေးထားသည့် အိန္ဒိယနိုင်ငံသုံး ဓားကောက်မှတစ်ဆင့် ရရှိထားခြင်းဖြစ်သည်။ Khanjar သင်္ဘော၏ Commanding Officer မှာ Cdr V Shirdikant ဖြစ်ပြီး အရာရှိများနှင့် သင်္ဘောသားများအပါအဝင် သင်္ဘောအမှုထမ်း ၁၂၀ ကျော်အား ဦးဆောင်လာမည်ဖြစ်ကြောင်း သိရသည်။

မင်းသစ်(MNA)

## ပုဗ္ဗသီရိမြို့နယ်၌ မူးယစ်ဆေးဝါး အသိပညာပေး

နေပြည်တော် ဩဂုတ် ၁၇

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် အေးမြင့်သာယာကျေးရွာမဏ္ဍပ်၌ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး အသိပညာပေးဟောပြောခြင်းကို ဩဂုတ် ၁၇ ရက် နံနက်ပိုင်းကဆောင်ရွက်ရာ ပတ္တာနယ်မြေရဲစခန်းမှူး ရဲအုပ်ဝင်းရွှင်က ကျေးရွာသူကျေးရွာသားများ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ကြိုတင်ကာကွယ်ရေးသိကောင်းစရာများ၊ မှုခင်းကျဆင်းရေးအတွက် ရဲတပ်ဖွဲ့မှ ပြည်သူလူထုကိုဗဟိုပြုသော ရဲလုပ်ငန်းစနစ် ဆောင်ရွက်မှုများ ရှင်းလင်းပြောကြားရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်သန်းမင်းနှင့် ဒေသခံ ၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ ကျော်လှိုင်သင်း (နေပြည်တော်)

# “ ဦးကျော်မြင့်ထွန်းအား မြို့နယ်အဆင့် ဂုဏ်ပြုဆုနှင့် ရေဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၏ ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့သည့်အပြင် ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းရေးရန်ပုံငွေအဖွဲ့ (WWF) နှင့် ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းရေးမိတ်ဆွေများအသင်း (FOW) တို့ ပူးပေါင်း၍ “ဆင်ထိန်းသိမ်းရေးသူရဲကောင်းဆု” ကို ပေးအပ်ဂုဏ်ပြုချီးမြှင့်ခဲ့”

❐ ရှေ့ဖုံးမှ

ချမှတ်အကောင်အထည်ဖော်လျက်ရှိပါသည်။ တရားမဝင် ကူးသန်းရောင်းဝယ်မှုများပပျောက်ပြီး လူမှုအသိုက်အဝန်းအတွင်း ဥပဒေကိုလေးစားလိုက်နာသည့် အလေ့အကျင့်ကောင်းများ ရရှိရေးအတွက်ကိုလည်း ရေရှည်မျှော်မှန်းချက်ဖြင့် လုံ့လစိုက်ထုတ် စီမံဆောင်ရွက်လျက်ရှိပါသည်။ ပြည်သူအများ၏ အကျိုးစီးပွားနှင့် တည်ဆဲဥပဒေများကို မျက်ကွယ်ပြုလျက် မိမိတို့၏ အတ္တအကျိုးစီးပွား ဖြစ်ထွန်းရေးအတွက်သာရည်ရွယ်ပြီး ဥပဒေဖြင့် တရားဝင်ပိတ်ပင်တားမြစ်ထားသည့် လုပ်ငန်းများကို ချိုးဖောက်ကျူးလွန်နေသည့် လုပ်ရပ်များကို အစိုးရ၊ ပြည်သူအများ၊ အရပ်ဘက်အဖွဲ့အစည်းများ ပူးပေါင်းကာကွယ်နှိမ်နင်းရမည် ဖြစ်ပါသည်။ သို့မှသာလျှင် ပြည်သူတို့မျှော်လင့်တောင့်တသည့် တရားဥပဒေစိုးမိုးမှုရှိပြီး တည်ငြိမ်အေးချမ်းသည့် လူမှုအသိုက်အဝန်းမျိုး ရရှိမည်ဖြစ်ပါသည်။

၂။ ရေဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်အတွင်းရှိ သစ်တောကြိုးဝိုင်း(၆)ခုတွင် တောဆင်ရိုင်းများ နေထိုင်ကျက်စားလျက်ရှိပြီး မှတ်တမ်းများအရ ယခုအခါ စုစုပေါင်း ကောင်ရေ ၁၅၀ ခန့်ရှိပါသည်။ ၂၀၁၁ ခုနှစ်ခန့်မှစ၍ ဆင်စွယ်နှင့် ဆင်နှာမောင်းများ တရားမဝင်ရောင်းဝယ်မှုများကြောင့် တောဆင်ရိုင်းများမှာ ဆင်သတ်မုဆိုးတို့၏ သတ်ဖြတ်မှုခံခဲ့ရပါသည်။ ၂၀၁၃ ခုနှစ်မှစတင်၍ တောဆင်ရိုင်းများ သတ်ဖြတ်ခံရမှု ပိုမိုများပြားလာခဲ့ပြီး ယခုအခါ ဆင်စွယ်နှင့် ဆင်နှာမောင်းသာမက ဆင်သားရေနှင့် ဆင်သားတရားမဝင်ရောင်းဝယ်မှုများပါ ရှိနေပြီဖြစ်ပါသည်။ အဆိုပါ တောဆင်ရိုင်းများအား ဆင်သတ်မုဆိုးများရန်မှ ကာကွယ်စောင့်ရှောက်ရေးနှင့် ထိန်းသိမ်းရေးလုပ်ငန်းများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သစ်တောဦးစီးဌာန၊ မြန်မာနိုင်ငံတောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးအဖွဲ့ (WCS- Myanmar)၊ ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းရေးမိတ်ဆွေများအသင်း (FOW)နှင့် ကမ္ဘာ့တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်ရေးရန်ပုံငွေအဖွဲ့ (WWF)တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

၃။ ဦးကျော်မြင့်ထွန်း(ခ) ဦးထွန်းလေးသည် ၂၀၁၃ ခုနှစ်၊ တင်းချောင်းကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးမှူး တာဝန်ထမ်းဆောင်နေစဉ်ကတည်းကပင် တောဆင်ရိုင်းများ သတ်ဖြတ်ခံရမှုမှ ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများတွင် လည်းကောင်း၊ ဆင်သတ်တရားခံများ လိုက်လံဖမ်းဆီးရေးလုပ်ငန်းများတွင်လည်းကောင်း သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၊ တပ်ဖွဲ့တို့နှင့် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သူ ဖြစ်ပါသည်။ ထိုသို့ ပူးပေါင်းဆောင်ရွက်မှုကြောင့် ၂၀၁၆ ခုနှစ်တွင် ဆင်သတ်တရားခံ (၂) ဦးနှင့် ဆင်သတ်ရာတွင် အသုံးပြုသည့် လက်နက်ခဲယမ်းများကို ဖမ်းဆီးရမိခဲ့ပါသည်။ ၂၀၁၇ ခုနှစ်တွင်လည်း ဆင်သတ်ရာတွင် အသုံးပြုသည့် တူမီးသေနတ် (၄)လက်နှင့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့ပါသည်။ ထို့ကြောင့် ဦးကျော်မြင့်ထွန်းအား မြို့နယ်အဆင့် ဂုဏ်ပြုဆုနှင့် ရေဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၏ ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့သည့်အပြင် ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းရေးရန်ပုံငွေအဖွဲ့ (WWF)နှင့် ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းရေးမိတ်ဆွေများအသင်း (FOW) တို့ ပူးပေါင်း၍ **“ဆင်ထိန်းသိမ်းရေးသူရဲကောင်းဆု”** ကို ပေးအပ်ဂုဏ်ပြုချီးမြှင့်ခဲ့ပါသည်။

၄။ ဦးကျော်မြင့်ထွန်း၏ အဘိုး၊ အဖေတို့မှာ ကိုယ်ပိုင်ဆင်များဖြင့် အသက်မွေးဝမ်းကျောင်းခဲ့ကြသူများဖြစ်ကြသဖြင့် ဦးကျော်မြင့်ထွန်းမှာ ငယ်ရွယ်စဉ်ကတည်းက ဆင်များ၏ အသုံးဝင်မှုတန်ဖိုးကို သိရှိနားလည်ခဲ့သူဖြစ်ကာ တောဆင်ရိုင်းများ ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများတွင် သက်ဆိုင်ရာ ဌာန၊ တပ်၊ အဖွဲ့အစည်းများနှင့်အတူ ပူးပေါင်း၍ စေတနာ့ဝန်ထမ်းအဖြစ် တက်ကြွစွာပါဝင်ဆောင်ရွက်လျက်ရှိသူတစ်ဦး ဖြစ်ပါသည်။

၅။ သို့ဖြစ်၍ ယခုနှစ် ဇူလိုင်လအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် ဦးကျော်မြင့်ထွန်း(ခ) ဦးထွန်းလေးအား ရွေးချယ်၍ ဤကျေးဇူးတင်လွှာကို ထုတ်ပြန်လိုက်ပါသည်။

၆။ ဦးကျော်မြင့်ထွန်း(ခ) ဦးထွန်းလေးနည်းတူ နိုင်ငံသူနိုင်ငံသားများ၊ ပရဟိတစေတနာရှင်များ၊ လူမှုရေးအသင်းအဖွဲ့များအနေဖြင့် မိမိနိုင်ငံ တည်ဆောက်ရေးတွင် နိုင်ငံသားစိတ်ဓာတ်ကိုအရင်းခံလျက် ထက်သန်သော လုံ့လဝီရိယဖြင့် ကြိုးပမ်းဖြည့်ဆည်းဝိုင်းဝန်းကူညီပေးကြရန် မေတ္တာရပ်ခံလျက် မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**အောင်ဆန်းစုကြည်**
**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်**

# ဦးကျော်မြင့်ထွန်း(ခ)ဦးထွန်းလေး (တောဆင်ရိုင်းများထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးသူရဲကောင်း)



၁။ ရေဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်အတွင်းတွင် ဆင်မှုံ၊ မြစ်တစ်ရာ၊ ဆင်မ၊ မဲဇလီ၊ သစ်ပုတ်၊ မဲခရဲဟုခေါ်ဆိုသော သစ်တောကြိုးဝိုင်း (၆) ခုရှိပြီး စုစုပေါင်းအားဖြင့် သစ်တောကြိုးဝိုင်းဧရိယာ ၂၆၉၆၅၇ . ၆၈ ဧကနှင့် သစ်တောကြိုးဝိုင်းဧရိယာ ၁၄၇၉၉၃ ဧကရှိပါသည်။ ၎င်းသစ်တောကြိုးဝိုင်းအတွင်း တောဆင်ရိုင်းများ နေထိုင်ကျက်စားလျက်ရှိပြီး မှတ်တမ်းများအရ ယခုအခါ စုစုပေါင်းကောင်ရေ ၁၅၀ ခန့် ရှိပါသည်။ ၂၀၁၁ ခုနှစ်ခန့်မှစ၍ ဆင်စွယ်နှင့် ဆင်နှာမောင်းများ တရားမဝင် ရောင်းဝယ်မှုများကြောင့် တောဆင်ရိုင်းများမှာ ဆင်သတ်မုဆိုးတို့၏ သတ်ဖြတ်မှုခံခဲ့ရပါသည်။ ၂၀၁၃ ခုနှစ်မှစတင်၍ တောဆင်ရိုင်းများသတ်ဖြတ်ခံရမှုပိုမိုများပြားလာခဲ့ပြီး ယခုအခါ ဆင်စွယ်နှင့် ဆင်နှာမောင်းသာမက ဆင်သားရေနှင့် ဆင်သား တရားမဝင်ရောင်းဝယ်မှုများပါရှိနေပြီဖြစ်ပါသည်။ ဆင်သတ်မုဆိုးတို့၏ သတ်ဖြတ်မှုကြောင့် ရေဝတီတိုင်းဒေသကြီးအတွင်း ၂၀၁၁ ခုနှစ်မှ ၂၀၁၈ ခုနှစ် မေလအထိ တောဆင်ရိုင်း ၅၉ ကောင် သတ်ဖြတ်ခံခဲ့ရပါသည်။

၂။ အဆိုပါ တောဆင်ရိုင်းများအား ဆင်သတ်မုဆိုးများရန်မှ ကာကွယ်စောင့်ရှောက်ရေးနှင့် ထိန်းသိမ်းရေးလုပ်ငန်းများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သစ်တောဦးစီးဌာန၊ မြန်မာနိုင်ငံ တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးအဖွဲ့ (WCS-Myanmar)၊ ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းရေးမိတ်ဆွေများအသင်း (FOW) နှင့် ကမ္ဘာ့တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်ရေးရန်ပုံငွေအဖွဲ့ ( WWF) တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

၃။ ရေဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ငပုတောမြို့နယ်၊ တင်းချောင်းကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးမှူး တာဝန်ထမ်းဆောင်လျက်ရှိသော ဦးကျော်မြင့်ထွန်း(ခ) ဦးထွန်းလေးသည် တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းစဉ်များတွင် တက်ကြွစွာ ပါဝင်ပူးပေါင်းဆောင်ရွက်နေသူတစ်ဦး ဖြစ်ပါသည်။

၄။ ဦးကျော်မြင့်ထွန်းသည် ၂၀၁၃ ခုနှစ်၊ တင်းချောင်းကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးမှူး တာဝန်ထမ်းဆောင်နေစဉ်ကတည်းကပင် တောဆင်ရိုင်းများ သတ်ဖြတ်ခံရမှုမှ ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများတွင် လည်းကောင်း၊ ဆင်သတ်တရားခံများ လိုက်လံဖမ်းဆီးရေးလုပ်ငန်းများတွင်လည်းကောင်း သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၊ တပ်ဖွဲ့တို့နှင့် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သူ ဖြစ်ပါသည်။ ထိုသို့ ပူးပေါင်းဆောင်ရွက်မှုကြောင့် ၂၀၁၆ ခုနှစ်တွင် ဆင်သတ်တရားခံ(၂)ဦးနှင့် ဆင်သတ်ရာတွင် အသုံးပြုသည့် လက်နက်ခဲယမ်းများကို ဖမ်းဆီးရမိခဲ့ပါသည်။ ၂၀၁၇ ခုနှစ်တွင်လည်း ဆင်သတ်ရာတွင် အသုံးပြုသည့် တူမီးသေနတ် (၄) လက်နှင့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့ပါသည်။ ထို့ကြောင့် ဦးကျော်မြင့်ထွန်းအား မြို့နယ်အဆင့်ဂုဏ်ပြုဆုနှင့် ရေဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၏ ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့သည့်အပြင် ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များထိန်းသိမ်းရေးရန်ပုံငွေအဖွဲ့ (WWF) နှင့် ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များထိန်းသိမ်းရေး မိတ်ဆွေများအသင်း(FOW)တို့ပူးပေါင်း၍ **“ ဆင်ထိန်းသိမ်းရေးသူရဲကောင်းဆု”** ကို ပေးအပ်ဂုဏ်ပြုချီးမြှင့်ခဲ့ပါသည်။

၅။ ဦးကျော်မြင့်ထွန်း၏ အဘိုး၊ အဖေတို့မှာ ကိုယ်ပိုင်ဆင်များဖြင့် အသက်မွေးဝမ်းကျောင်းခဲ့ကြသူများဖြစ်ကြသဖြင့် ဦးကျော်မြင့်ထွန်းမှာ ငယ်ရွယ်စဉ်ကတည်းက ဆင်များ၏ အသုံးဝင်မှုတန်ဖိုးကို သိရှိနားလည်ခဲ့သူဖြစ်ကာ ဆင်မုဆိုးများ၏ သတ်ဖြတ်ခံရမှုများမှ ကာကွယ်ခြင်းနှင့် တောဆင်ရိုင်းများကျန်းမာစွာရှင်သန်နေထိုင်ပေါက်ပွားရေးလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ တပ်၊ အဖွဲ့အစည်းများနှင့်အတူ ပူးပေါင်း၍ စေတနာ့ဝန်ထမ်းအဖြစ် တက်ကြွစွာပါဝင်ဆောင်ရွက်လျက်ရှိသူတစ်ဦး ဖြစ်ပါသည်။

# ရခိုင်ပြည်နယ်ဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ



**ရန်ကုန် ဩဂုတ် ၁၇**

ရခိုင်ပြည်နယ်ဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ သံအမတ်ကြီး မစ္စရိုဆာရီယိုမယ်နာလိုသည် ယနေ့နံနက်ပိုင်းတွင် လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် သံအမတ်ကြီး မစ္စတာကင်ဇိုအိုရှီးမားသည် ညပိုင်းတွင်လည်းကောင်း ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။

ရခိုင်ပြည်နယ်ဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့အား နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ကေသီစိုး၊ သံတမန်ရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းဦးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**သတင်းစဉ်**

# နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဩဂုတ် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးရွာပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ရေဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မိုး/ဇလ

◆ *ရွှေဖုံးမှ*

နေပြည်တော်ကောင်စီဝင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အသိပညာရှင် အတတ်ပညာရှင်များ၊ အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယသမ္မတကအသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏ ဦးဆောင်မှုဖြင့် အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်ပစ္စည်းပြပွဲနှင့် ပြိုင်ပွဲများကို ကျင်းပခဲ့ရာ လေးကြိမ်အထိ အောင်မြင်စွာကျင်းပပြုလုပ်ပြီးဖြစ်ပါကြောင်း။

**ကျင်းပပြုလုပ်သွားမည်**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၌ ယနေ့ ကျင်းပပြုလုပ်သည့် MSMEs ထုတ်ကုန်ပစ္စည်းများပြပွဲနှင့် ပြိုင်ပွဲသည် ပဉ္စမအကြိမ်မြောက်ဖြစ်ပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့၌ ယခုကဲ့သို့သော ပြပွဲ၊ ပြိုင်ပွဲများကို အလှည့်ကျဆက်လက်ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ နောက်ဆုံးအဆင့်အနေဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် တစ်နိုင်ငံလုံးအတွက် MSMEs Products ပြပွဲနှင့် National Award ပြိုင်ပွဲကို ကျင်းပပြုလုပ်သွားမည် ဖြစ်ပါကြောင်း။

MSME များ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်၍ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ MSME များ၏ ဒေသတွင်း ထုတ်ကုန်ပစ္စည်းပြပွဲနှင့် ပြိုင်ပွဲများကို ပြုလုပ်ကျင်းပလျက်ရှိရာ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ အသင်းအဖွဲ့ များ၊ ပညာရှင်များ၊ လုပ်ငန်းရှင်များနှင့် Stakeholder များအားလုံး စုံစုံညီညီပူးပေါင်း၍ တစ်ကြိမ်ထက်တစ်ကြိမ် ပိုမိုကောင်းမွန်စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်သွားမည် ဖြစ်သကဲ့သို့ ကျင်းပပြီးခဲ့သည့် ပြပွဲ၊ ပြိုင်ပွဲများ၏ ရလဒ်များကိုအခြေခံ၍ လက်တွေ့ဆောင်ရွက်သင့်သည့် အစီအမံများကိုလည်း ဖြည့်ဆည်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

**ချိတ်ဆက်ပေးခြင်းများဆောင်ရွက်**

ဒေသအလိုက် ပြိုင်ပွဲများတွင် MSME များ၏ လိုအပ်ချက်များကို ထောက်ပြဆွေးနွေးခြင်း၊ ဈေးကွက်ချိတ်ဆက်ပေးခြင်းများ ဆောင်ရွက်ပေးသည့်အပြင် MSME များ၏ အခက်အခဲများကို သက်ဆိုင်ရာဒေသ Agency အစည်းအဝေးများတွင် တင်ပြဆွေးနွေးခြင်းနှင့် ပံ့ပိုးပေးခြင်း၊ ပြပွဲ၊ ပြိုင်ပွဲများတွင် ဆုရရှိသည့် လုပ်ငန်းများနှင့် အလားအလာရှိသည့် လုပ်ငန်းများကို မှတ်တမ်းတင်ထားရှိပြီး ပြည်တွင်းနှင့် နိုင်ငံတကာ Trade Fair များ၊ Business Matching အစီအစဉ်များနှင့် Business Plan Competition များ ကျင်းပပြုလုပ်ရာသို့ ဖိတ်ခေါ်ပေးခြင်း၊ ငွေကြေးအရင်းအနှီးရရှိနိုင်ရေးအတွက် ဘဏ်များနှင့်ချိတ်ဆက်ပေးခြင်း၊ လက်လီရောင်းချသူများထံသို့ ဒေသထုတ်ကုန်များ တင်ပို့ရောင်းချနိုင်ရေးအတွက် ချိတ်ဆက်ပေးခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ ဆက်လက်၍လည်း ဒေသဆိုင်ရာ MSME များ၏ ထုတ်ကုန်များကို အများပြည်သူသို့ ပိုမိုမိတ်ဆက်ရှင်းလင်းတင်ပြနိုင်ရန် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ၏ ဦးဆောင်မှုဖြင့် MSME လုပ်ငန်းရှင်များအား စွမ်းဆောင်ရည်မြှင့်တင်ပေးသည့်သင်တန်းများ၊ နည်းပညာဆိုင်ရာပံ့ပိုးပေးသည့် သင်တန်းများ၊ ဈေးကွက်နှင့် ငွေကြေးရရှိရေးဆိုင်ရာသင်တန်းများနှင့် အထောက်အကူပြုဆွေးနွေးပွဲများကို ကျင်းပပေးလျက်ရှိနေပါကြောင်း။

MSME လုပ်ငန်းများအနေဖြင့် လုပ်ငန်းရှင်များ၏ တီထွင်ကြံဆမှု၊ ဆန်းသစ်မှု၊ စွန့်စားမှုများကြောင့် မိရိုးဖလာစီးပွားရေးလုပ်ငန်းများမှ Innovative MSME အသွင်သို့ ပြောင်းလဲလာပြီး စွန့်ဦးတီထွင်သူလုပ်ငန်းရှင်များ ထွက်ပေါ်လာစေရန် လိုအပ်ပါကြောင်း။

**အတုယူရန်လိုအပ်**

နိုင်ငံတော်က ဦးဆောင်ကျင်းပပေးသည့်ပြပွဲ၊ ပြိုင်ပွဲများတွင် အခြားလုပ်ငန်းရှင်များ၏ စိတ်ကူးစိတ်သန်း၊ ကြိုးပမ်းအားထုတ်မှု၊ ဈေးကွက်ကို ထိထိမိမိ မိတ်ဆက်နိုင်မှုများကို အတုယူရန်လိုအပ်ပါကြောင်း။

မြန်မာ့ SME လုပ်ငန်းများအနေဖြင့် စီးပွားရေးဆိုင်ရာ ဆန်းသစ်သည့် အတွေးအခေါ် အသိအမြင်များ ဖွံ့ဖြိုးတိုးတက်လာပြီး ပိုမိုကောင်းမွန်သည့် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်မှသာ ဒေသတွင်းလုပ်ငန်းများနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိပြီး နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်မည် ဖြစ်ပါကြောင်း။




**ဒုတိယသမ္မတ ဦးမြင့်ဆွေ ပဉ္စမအကြိမ်မြောက် အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ဒေသတွင်းထုတ်ကုန်ပစ္စည်းများ ပြပွဲနှင့် ပြိုင်ပွဲ (၂၀၁၈) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။** သတင်းစဉ်

**စိတ်ဝင်စားစေမည်**

ယခုကဲ့သို့ ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပပေးသည့်အတွက် ဒေသတွင်းရှိ အသေးစားနှင့် အလတ်စားလုပ်ငန်းများအနေဖြင့် မိမိတို့လုပ်ငန်းများ၊ ထုတ်ကုန်များ၏ ထူးခြားချက်နှင့် အားသာချက်များကို ဖော်ထုတ်ပြသနိုင်သည့် အခွင့်အရေးရရှိသကဲ့သို့ မိမိတို့ဒေသ၏ သဘာဝအရင်းအမြစ်ပေါကြွယ်ဝမှု၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများနှင့် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူများကို စိတ်ဝင်စားစေမည်ဖြစ်ပါကြောင်း။

ယခုပြပွဲ၊ ပြိုင်ပွဲ၏ ထူးခြားမှုတစ်ခုမှာ ပုဂ္ဂလိကဘဏ်များကို ဖိတ်ခေါ်ထားခြင်းဖြစ်ပါကြောင်း၊ ပြပွဲ၊ ပြိုင်ပွဲနှင့်အတူ ပေါ်ပေါက်လာသည့် အခွင့်အရေးများကို မိမိရရ ရယူဆောင်ရွက်နိုင်ကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

ဒေသကြီးတစ်ခုတွင် ပြုလုပ်သည့် ပြပွဲ၊ ပြိုင်ပွဲများတွင် အခြားဒေသများမှ လုပ်ငန်းများလည်း လာရောက်ပါဝင်ပြသနိုင်ခြင်းဖြင့် ဒေသတစ်ခုနှင့် တစ်ခုအကြားရှိ Supply Chain ကို ဖြည့်ဆည်းနိုင်ပြီး အချင်းချင်းပူးပေါင်းဆောင်ရွက်လာနိုင်ပါကြောင်း။

**နိုင်ငံတကာဈေးကွက်ရရှိနိုင်ရေး**

MSME များအနေဖြင့် ဈေးကွက်အခွင့်အလမ်းမရရှိလျှင် ရေရှည်တည်တံ့နိုင်မည် မဟုတ်သည့်အတွက် ရေရှည်တည်တံ့နိုင်စေရန် မိမိတို့၏ထုတ်ကုန်ပစ္စည်းများသည် အရည်အသွေးကောင်းမွန်ပြီး ယှဉ်ပြိုင်နိုင်စွမ်းရှိရန် လိုအပ်မည်ဖြစ်သည့်အပြင် နိုင်ငံတကာဈေးကွက်ရရှိနိုင်ရေးအတွက်လည်း ကြိုးစားအားထုတ်သွားကြရမည် ဖြစ်ပါကြောင်း။

ထုတ်ကုန်များ၊ ဝန်ဆောင်မှုများကို ဖော်ဆောင်နိုင်သည့် MSME လုပ်ငန်းများ ပိုမိုဖြစ်ထွန်းပေါ်ပေါက်လာစေရေးနှင့် နိုင်ငံ၏ စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် အထောက်အကူပြုနိုင်သည့် MSME အသိုက်အဝန်းတစ်ခု ဖြစ်ထွန်းပေါ်ပေါက်လာစေရန်အတွက် ရည်မှန်းချက်ထား၍ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က စစ်ကိုင်းတိုင်းဒေသကြီးအတွင်း MSMEs လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ထားရှိမှုများနှင့် တိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းမြှင့်တင်ရေးဆိုင်ရာ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။




**ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများ ပဉ္စမအကြိမ်မြောက် အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ဒေသတွင်းထုတ်ကုန်ပစ္စည်းများ ပြပွဲနှင့် ပြိုင်ပွဲမှခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။** သတင်းစဉ်

**ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်**

ယင်းနောက် အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (MSMEs)၏ ပဉ္စမအကြိမ် ဒေသတွင်းထုတ်ကုန်ပစ္စည်းများပြပွဲနှင့် ပြိုင်ပွဲကျင်းပနိုင်ရေးအတွက် လုပ်ငန်းရှင်များနှင့် ကုမ္ပဏီများက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကေဆိုင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးစိုးဦးတို့က လက်ခံကြပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ပဉ္စမအကြိမ်မြောက် အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ဒေသတွင်းထုတ်ကုန်ပစ္စည်းများ (MSMEs Products) ပြပွဲနှင့် ပြိုင်ပွဲ အခမ်းအနားကို မုံရွာမြို့ပြည်သူ့အားကစားကွင်း၌ ဆက်လက်ကျင်းပရာ

*စာမျက်နှာ ၇ သို့*




**ဒုတိယသမ္မတဦးမြင့်ဆွေ ပဉ္စမအကြိမ်မြောက် အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ဒေသတွင်းထုတ်ကုန်ပစ္စည်းပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။** သတင်းစဉ်

# ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေးအတွက် ဌာနဆိုင်ရာနဲ့ လုပ်ငန်းရှင်တွေ ပူးပေါင်းလုပ်ကိုင်ကြမယ်ဆိုရင် စီးပွားရေးလုပ်ကိုင်ရလွယ်ကူပြီး ထိုက်သင့်တဲ့ အခြေအနေကိုရောက်လာမှာပါ

အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်

## "ပုဂ္ဂလိကစွမ်းအား ပြည်ထွန်းကား" စီးပွားရေးစကားဝိုင်း

ခင်ရတနာ၊ ဓာတ်ပုံ- မေဦးမိုး

နိုင်ငံ၏ စီးပွားရေးဆိုင်ရာ ကဏ္ဍအသီးသီးတို့တွင် လုပ်ကိုင်ဆောင်ရွက်နေကြသည့် ပုဂ္ဂိုလ်များထံမှ ဗဟုသုတရရှိဖွယ်ရာများကို သိရှိနိုင်ကြရန်အတွက် "ပုဂ္ဂလိကစွမ်းအား ပြည်ထွန်းကား" ခေါင်းစဉ်ဖြင့် စီးပွားရေးစကားဝိုင်း အစီအစဉ်ကို ဩဂုတ်လ ၉ ရက်နေ့က နေပြည်တော်ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် ပြုလုပ်ခဲ့ပါသည်။

စကားဝိုင်းတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်၊ စားသုံးသူရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင်၊ ဆင်ဖြူကျွန်းမြို့နယ် အောင်ချစ်စံ နွားမွေးမြူရေးခြံပိုင်ရှင် ဦးအောင်နိုင်ဦး တို့က ဆွေးနွေးခဲ့ကြပါသည်။

*(ယမန်နေ့မှ အဆက်)*

**အစီအစဉ်မှူး။** ။ မကြာမီမှာ လုပ်ငန်းကဏ္ဍနယ်ပယ်စုံပါဝင်တဲ့ ပွဲဖိုရမ်ကို ကျင်းပသွားမယ်လို့ သိရပါတယ်။ ဘယ်လိုရည်ရွယ်ချက်တွေနဲ့ ကျင်းပပြုလုပ်မယ်ဆိုတာကိုလည်း ပြောကြားပေးစေလိုပါတယ်။

**အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်။** ။ ပွဲဖိုရမ်ကို ၂၀၁၈ ခုနှစ် ဩဂုတ် ၁၈ ရက်တွင် ရန်ကုန်မြို့မှာ ကျင်းပပါမယ်။ ပွဲဖိုရမ်အကြောင်း မပြောသေးခင် လက်ရှိမြန်မာနိုင်ငံရဲ့ပွဲဈေးကွက်အခြေအနေလေးကိုလည်း အနည်းငယ် ရှင်းပြလိုပါတယ်။

### စိုက်ပျိုးရေးကိုအခြေခံ

ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးရေးကိုအခြေခံတဲ့ စီးပွားရေးဖြစ်ပြီး နိုင်ငံလူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းဟာ စိုက်ပျိုးရေးလုပ်ငန်းခွင်အတွင်းမှာ အများဆုံးနေထိုင်ကြပါတယ်။ အဲဒီထဲမှာမှ ဆန်စပါးဟာ အများဆုံးစိုက်ပျိုးတဲ့သီးနှံဖြစ်ပြီး ဒုတိယအများဆုံး စိုက်ပျိုးကြတာက ပဲဖြစ်ပါတယ်။ ပဲတင်ပို့မှုဆိုရင် နှစ်စဉ်တန်ချိန် တစ်သန်းခွဲလောက်အထိ နိုင်ငံခြားကို တင်ပို့နေရတဲ့သီးနှံလည်း ဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ ခုနှစ်လောက်မှာ ပဲဈေးနှုန်းဟာ အတော်လေးကို မြင့်တက်လာခဲ့ပါတယ်။ ပဲလောကမှာ ထပ်ပြီးခွဲခြားနိုင်တာက ဈေးကွက်တစ်ခုတည်းကို မှီခိုနေကြတဲ့ပဲနဲ့၊ ဈေးကွက်အများကြီးကို မှီခိုတဲ့ ပဲဆိုပြီး နှစ်ပိုင်းခွဲလို့ရပါတယ်။

**အများဆုံးတင်ပို့တဲ့ပဲက မတ်ပဲဖြစ်ပါတယ်။ နှစ်စဉ်တန်ချိန် ငါးသိန်းကနေ ခုနစ်သိန်းအထိ ဈေးကွက်လိုအပ်ချက်အရ တင်ပို့ခဲ့ရပါတယ်။ ပဲတီစိမ်းကို ဒုတိယအများဆုံး တင်ပို့ကြရပြီး ပဲစင်းငုံကို တတိယအများဆုံး တင်ပို့ကြရပါတယ်။ ပဲတန်ချိန် တစ်သန်းကျော် တင်ပို့နေကြတဲ့အခါ တစ်သန်းလောက်ဟာ ဒီပဲသုံးမျိုးတင်ပို့မှုကပဲ ဖြစ်ပါတယ်။ ကျန်တဲ့ ပဲအမျိုးအစားတွေကတော့ အနည်းအကျဉ်းသာ ပြည်ပသို့ တင်ပို့ရောင်းချပါတယ်။**

အိန္ဒိယနိုင်ငံကို အဓိကတင်ပို့နေကြရတဲ့ ပဲတွေကတော့ မတ်ပဲနဲ့ ပဲစင်းငုံ ဖြစ်ပါတယ်။ မတ်ပဲတင်ပို့မှု စုစုပေါင်းရဲ့ ၈၀ရာခိုင်နှုန်းဟာ အိန္ဒိယကို တင်ပို့ရတာဖြစ်ပြီး တိုက်ရိုက် ပို့ကြသလို မလေးရှားနဲ့ စင်ကာပူတို့ကနေတစ်ဆင့်လည်း တင်ပို့ရတာရှိပါတယ်။ ပဲစင်းငုံဟာဆိုရင်လည်း အိန္ဒိယကို ၉၅ ရာခိုင်နှုန်းလောက်အထိ တင်ပို့ရပါတယ်။

၂၀၁၅ နှစ်စလောက်မှာ တစ်ဖက်ဈေးကွက်ရဲ့ လိုအပ်ချက်အရ ပုံမှန်ဖြစ်နေတဲ့ ဈေးနှုန်းတစ်တန်ကို ငွေကျပ် ငါးသိန်း၊ ခြောက်သိန်းလောက်ကနေ ၂၀၁၅ ဒီဇင်ဘာလမှာ မတ်ပဲဆိုရင် တစ်တန်ကို ငွေကျပ် ၂၃ သိန်း၊ ပဲစင်းငုံဆိုရင် တစ်တန်ကို ငွေကျပ် ၁၆ သိန်းလောက်အထိ မြင့်တက်ခဲ့ပါတယ်။ ဈေးကွက်က တောင်းဆိုတယ်၊ ဈေးကောင်းကလည်းရတယ်ဆိုပြီး ဒီအပေါ်မှာ စုပြုံစိုက်လာတဲ့အခါ တစ်ဖက်နိုင်ငံရဲ့ဈေးကွက်အနေအထားကို သတိ မထားမိလိုက်ကြဘူး ဖြစ်သွားတယ်။

၂၀၁၆-၂၀၁၇ စိုက်ပျိုးရာသီမှာ ရာသီဥတုကလည်း ကောင်းမွန်တဲ့အတွက် အိန္ဒိယနိုင်ငံရဲ့ နှစ်စဉ် ပဲထုတ်လုပ်မှုဟာ မူလကတန်ချိန် ၁၇ သန်းလောက်ရှိရာကနေ ၂၃ သန်းအထိ ငါးသန်းကျော်လောက် တိုးတက်ထုတ်လုပ်ထားတယ်။ သူ့နိုင်ငံကို တင်ပို့တဲ့ ပဲအရေအတွက်ကို သူတို့ပြည်တွင်းကနေ ဖြည့်တင်းနိုင်သလောက် ဖြစ်လာတယ်။ ဒါကြောင့် ၂၀၁၆ ခုနှစ်မှာ သူတို့ပဲလိုအပ်ချက်က အတော်လေး ပြည့်စုံနေပြီ။ ကျွန်တော်တို့ဘက်ကိုလည်း အစိုးရချင်း စာချုပ်ချုပ်ဆိုဖို့အတွက် အတော်လေး ဆွေးနွေးခဲ့ပါတယ်။ ကိုယ့်ဘက်က တောင်သူတွေ၊ ကုန်သည်တွေက အဲဒီအချိန်က ဈေးကလည်း မြင့်နေသေးတဲ့အတွက် စိုးရိမ်မှု သိပ်မရှိခဲ့ကြဘူး။



ဦးတိုးအောင်မြင့် (အမြဲတမ်းအတွင်းဝန်)



ဦးမြင့်လွင် (ညွှန်ကြားရေးမှူးချုပ် စားသုံးသူရေးရာဦးစီးဌာန)



ဦးအောင်နိုင်ဦး (အောင်ချစ်စံ နွားမွေးမြူရေးခြံပိုင်ရှင်)

၂၀၁၇ ခုနှစ် ဩဂုတ်မှာ ပြဿနာစပြီး တက်ပါတယ်။ ပဲဈေးက တအိအိနဲ့ နိမ့်ဆင်းလာတယ်။ အရင်က တစ်တန်ကို ငွေကျပ် သိန်း ၂၀ ကျော်တာကနေ ငွေကျပ် ၁၀ သိန်း အောက်အထိ ကျဆင်းလာတယ်။ အဲဒီအချိန်မှာ အိန္ဒိယကလည်း သူတို့နိုင်ငံမှာ အဓိက ပဲတွေကို အနိမ့်ဆုံးဝယ်ဈေး Minimum Support Price (MSP) သတ်မှတ်ပေး ပါတယ်။ အဲဒီဈေးထက်ကို လက်တွေ့မှာ ဈေးကွက်ထဲကဈေးက ကျလာတဲ့အတွက် ကျွန်တော်တို့နိုင်ငံက တင်သွင်းတဲ့ပဲတွေအပါအဝင် တစ်ကမ္ဘာလုံးက တင်သွင်းတဲ့ ပဲတွေကို ကိုတာ (Quota) သတ်မှတ်ခြင်း၊ အခွန်မြှင့်ခြင်း ဆောင်ရွက်ပါတယ်။ ကျွန်တော်တို့နိုင်ငံက အခွန်ကင်းလွတ်ခွင့် ရပါတယ်။

### အခွန်နှုန်းတိုးမြှင့်

အခွန်ကင်းလွတ်ခွင့်ပေးတဲ့ အာဆီယံနိုင်ငံအပါအဝင် နိုင်ငံတချို့ကိုတော့ ကိုတာ(Quota) သတ်မှတ်ပြီး နိုင်ငံကြီးတွေဖြစ်တဲ့ ကနေဒါတို့၊ ဩစတြေးလျတို့ကိုတော့ အခွန်နှုန်းတွေကို တိုးမြှင့်လိုက်ပါတယ်။ ဒါကြောင့် အိန္ဒိယကို ပဲတင်ပို့တဲ့ နိုင်ငံတွေအားလုံးမှာ ဂယက်ရိုက်ပါတော့တယ်။ ဩဂုတ်လ ကိုတာ(Quota) စတင်သတ်မှတ်ကတည်းက ဈေးနှုန်းကျဆင်းခဲ့တဲ့ မြန်မာ့ပဲဟာလည်း ကိုတာ(Quota) ပထမနှစ်မှာ ပဲစင်းငုံတန်ချိန် နှစ်သိန်းနဲ့ မတ်ပဲနဲ့ ပဲတီစိမ်း HS ကုတ်တူညီတဲ့အတွက် တန်ချိန်သုံးသိန်းသတ်မှတ်ပြီး မတ်လကုန်တဲ့အထိ ဝယ်ပါတယ်။ ကိုတာ(Quota) သတ်မှတ်ပြီးနောက်မှာ ဈေးတွေက တောက်လျှောက်ကျဆင်းနေပါတယ်။

ကျွန်တော်တို့က ၂၀၁၇ ခုနှစ်ကစပြီး ပဲပြဿနာစဖြစ်ပြီ ဆိုကတည်းက မတ်ပဲကိုတော့ ရာသီချိန်က အောက်တိုဘာလ စစိုက်တဲ့အတွက် ကြိုတင်ပြီး မစိုက်သင့်ဘူးလို့ အကြံပေးတာ ရှိပါတယ်။ ဒါပေမယ့် ထိထိရောက်ရောက် မပြောနိုင်ခဲ့တဲ့အတွက် မတ်ပဲအထွက်နှုန်းဟာ အများကြီးလျော့ကျသွားတာ မရှိခဲ့ပါဘူး။ နှစ်စဉ်တန်ချိန် ၆ သိန်းလောက် ထွက်ရာကနေ ၄ သိန်း လောက်တော့ ထွက်လာပါတယ်။ ပဲစင်းငုံကတော့ မနှစ်က မိုးလေဝသကြောင့် သိပ်မထွက်နိုင်ခဲ့ဘူး။

၂၀၁၈-၂၀၁၉ အိန္ဒိယစိုက်ပျိုးရာသီအတွက် ကြိုတင်စဉ်းစားပြီး ဘယ်လိုစီမံဆောင်ရွက်ရမလဲဆိုတာကို ပြင်ဆင်ဖို့ ပြည်ထောင်စုဝန်ကြီးကိုယ်တိုင် အိန္ဒိယနိုင်ငံကတာဝန်ရှိသူတွေနဲ့ အကြိမ်ကြိမ်ဆွေးနွေးခဲ့ပါတယ်။ သူတို့ဘက်မှာလည်း အခက်အခဲကြီးကြီးမားမား တွေ့ကြုံနေရတာ ရှိပါတယ်။ သူတို့ပြည်တွင်းကထွက်တဲ့ ပဲတောင်သူတို့ သတ်မှတ်ပေးထားတဲ့ Minimum Support Price နဲ့ မဝယ်နိုင်တဲ့အတွက် ခက်ခဲနေကြရပါတယ်။ ၂၀၁၈ ခုနှစ် မေလ ၄ ရက်မှာ ကိုတာ (Quota) အသစ်တစ်ခုကို စတင်ပြီး သတ်မှတ်ပေးခဲ့ပါတယ်။ အားလုံးမျှော်လင့်တာက ကိုတာ(Quota) အသစ် သတ်မှတ်ရင် ဈေးတွေ ပြန်တက်လာမယ်လို့ မျှော်လင့်ခဲ့ကြတာပါ။ ဒါပေမယ့် ဖြစ်မလာပါဘူး။

Trade နဲ့ပတ်သက်တဲ့ Trade Negotiation တွေကို အခြေအနေတွေပေါ်မှာ လေ့လာသုံးသပ်ဆောင်ရွက်ကြတဲ့အခါ သူတို့မှာကျွမ်းကျင်သူတွေရှိတဲ့အတွက် ပဲလိုင်စင်ကို ဇွန်လ ၁ ရက်နေ့ကစပြီး ထုတ်ပေးတယ်။ ထုတ်ပေးတဲ့ ပဲလိုင်စင်ကို စုပြုံထုတ်ပေးတာမျိုးမဟုတ်ဘဲ တဖြည်းဖြည်းချင်း ထုတ်ပေးခဲ့တယ်။ ပဲစင်းငုံကိုတော့ တန်ချိန်နှစ်သိန်း တင်သွင်းခွင့်ပြုတယ်။ ပြည်တွင်းမှာနှစ်သိန်းလောက်ပဲ ကျန်မယ်။ သူကပြဿနာမရှိပေမယ့် မတ်ပဲကျတော့ မတ်ပဲတန်ချိန် တစ်သိန်းခွဲနဲ့ ပဲတီစိမ်းတန်ချိန် တစ်သိန်းခွဲလို့ပြောတော့ မတ်ပဲက ဒီနိုင်ငံမှာ လက်ကျန်ကများနေတော့ ရောင်းချင်တဲ့သူကများပြီး ဈေးတွေက ပိုကျဆင်းလာတယ်။ Supply နဲ့ Demand အခြေအနေကို ကျွမ်းကျွမ်းကျင်ကျင် သုံးသွားတာပါ။

### ဈေးနိမ့်ဝယ်

သူတို့ဆီက ပဲခွဲစက်လုပ်ငန်းရှင်တွေကို ပဲတင်သွင်းခွင့်လိုင်စင် ပေးတယ်။ သူတို့က ကျွန်တော်တို့ဆီကပဲတွေကို ဈေးနိမ့်ဝယ်ကြရာမှ အခုနောက်ဆုံး ဇူလိုင်လကုန် ဩဂုတ်လဆန်းအထိဆိုရင် သူတို့နိုင်ငံရဲ့အနိမ့်ဆုံးဈေးထက် များစွာနည်းလာခဲ့တယ်။ လက်ရှိ သူတို့သတ်မှတ်ထားတဲ့ Minimum Support Price ဟာ တစ်တန်ကို အမေရိကန်ဒေါ်လာ ၈၄၀ ပါ။ သူတို့နိုင်ငံတွင်းမှာ ပဲ တစ်တန်ကို ဒေါ်လာ ၅၄၀ ရှိပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံကနေ FOB စနစ်နဲ့ ဝယ်တဲ့ဈေးကတော့ တစ်တန်ကို ဒေါ်လာ ၂၉၀ ဝန်းကျင်ပဲရှိပါတယ်။ တင်သွင်းခွင့်ရတဲ့လူတွေက တစ်တန်ကို ဒေါ်လာ ၂၀၀ ကျော် အမြတ်ရနေတယ်။

**ဒီဈေးနဲ့ကြည့်မယ်ဆိုရင် တောင်သူတွေဟာ ထုတ်လုပ်မှုကုန်ကျစရိတ်တောင် ပြန်မရနိုင်အောင်ကို ရှုံးနိုင်ပါတယ်။ ကုန်သည်တွေကလည်း ရှုံးနေကြပြီ။ ဒါတွေကို ကျွန်တော်တို့က ဒီအတိုင်းနေလို့ မရတော့ပါဘူး။ သတင်းစာတွေ၊ ဂျာနယ်တွေမှာလည်း နည်းနည်းစီ ပြောနေတာတော့ရှိပါတယ်။ ဒီမှာရှိတဲ့ စိုက်ပျိုးထုတ်လုပ်တဲ့ တောင်သူတွေရော၊ ရောင်းဝယ်နေတဲ့ ကုန်သည်တွေအားလုံးနဲ့ ဆွေးနွေးပြီး ဥပမာ- ဒီပဲတွေကို မစိုက်ရင် တခြားဘယ်သီးနှံကို ပြောင်းလဲစိုက်ပျိုးကြမလဲ။ ဘယ်လိုသီးနှံတွေက ဈေးကွက်ရှိသလဲ စတာတွေကို အမြန်ဆုံးဖော်ထုတ်ဖို့ လိုအပ်နေပြီလို့ ပြောချင်ပါတယ်။**

မနှစ်ကတည်းက အစည်းအဝေးတွေကနေပြီး ပဲစိုက်ပျိုးတဲ့အခါ သိထားရမယ့် အချက်တွေ၊ မစိုက်သင့်တဲ့အကြောင်းတွေကို ပြောတာရှိပေမယ့် မထိရောက်ခဲ့ဘူး။ အခုတော့ မတ်ပဲအဓိကစိုက်တဲ့နေရာတွေဖြစ်တဲ့ ဧရာဝတီ၊ ရန်ကုန်၊ ပဲခူးတိုင်းဒေသကြီးတွေမှာ ဘယ်လိုသီးနှံတွေကို ပြောင်းလဲစိုက်ပျိုးကြမလဲ၊ ပဲတီစိမ်း ပြောင်းစိုက်မယ်ဆိုရင်ကော ဈေးကွက်အနေအထားဘယ်လိုဖြစ်မလဲ၊ မဟုတ်ရင် ပြောင်း စိုက်ကြမလား။ ဒါမှမဟုတ် ကုလားပဲ စိုက်မလား၊ ပဲနီလို့ခေါ်တဲ့ ပဲရာဇာ ပြောင်းစိုက်မလား။ တရုတ်ကနေ နှစ်စဉ် တန်ချိန် သန်းပေါင်းဆယ်ဂဏန်း ဝယ်ယူတင်သွင်းနေတဲ့ ပဲပုပ်ပြောင်းစိုက်ရင် ရမလား။ ဒီလိုအချက်တွေကို ကျွန်တော်တို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကုန်သည်အသင်းအဖွဲ့တွေနဲ့ တောင်သူတွေ ဝိုင်းဝန်းဆွေးနွေးပြီး နည်းလမ်းရှာကြဖို့အတွက် ပဲဖိုရမ်ကို ကျင်းပဖို့ စီစဉ်ရခြင်း ဖြစ်ပါတယ်။

**အကြမ်းအားဖြင့်တော့ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၊ ရန်ကုန်တိုင်းဒေသကြီး ဘုရင့်နောင်ကုန်စည်ဒိုင်တို့ကနေပူးပေါင်းပြီး တစ်နိုင်ငံလုံးမှာရှိတဲ့ ကုန်စည်ဒိုင်တွေ၊ စိုက်ပျိုးတဲ့သူတွေဆီက ကိုယ်စားလှယ်တွေ၊ ပညာရှင်တွေနဲ့ ဌာနဆိုင်ရာတာဝန်ရှိသူတွေ အားလုံးဝိုင်းဝန်းဆွေးနွေးကြမှာပါ။ အခုမကြာမီမှာပဲ မိုးစပါးကာလပြီးဆုံးလို့ ပဲစိုက်ပျိုးချိန်ရောက်ရှိလာပါတော့မယ်။ ဆောင်းသီးနှံစချိန်မှာ ပြောင်းလဲ စိုက်ပျိုးနိုင်ဖို့အတွက် ရည်ရွယ်ကျင်းပခြင်း ဖြစ်ပါတယ်။**

လက်ရှိအခြေအနေကနေ ထွက်ပေါက်တွေ့ရလာဖို့ လက်ရှိအခက်အခဲနဲ့ နောင်ကြုံရမယ့် အခက်အခဲအနေအထားတွေမှာ ပဲစိုက်တောင်သူတွေ ဘာလုပ်မလဲ၊ နိုင်ငံခြားကို ဘယ်လိုသီးနှံတင်ပို့မလဲဆိုတာကို သိထားမှဖြစ်ပါမယ်။ အထူးသဖြင့် သတိထားရမယ့် အချက်တွေက မိမိကုန်ပစ္စည်းဟာ ဈေးကွက်ထဲမှာ ဈေးနှုန်းအရ ယှဉ်ပြိုင်နိုင်ရမယ်။ အရည်အသွေးအရလည်း ယှဉ်ပြိုင်နိုင်ရမယ်၊ ဈေးကွက်လိုအပ်ချက်ရှိတဲ့အချိန်မှာ အချိန်ကိုက်ပေးပို့နိုင်မှသာ အောင်မြင်မှာ၊ ဈေးကွက်ရမှာ ဖြစ်ပါတယ်။ အဲဒီလိုမှသာ စိုက်ပျိုးထုတ်လုပ်တိုင်း ထုတ်လုပ်မှုစရိတ်ကကြီးပြီး နိုင်ငံခြားပို့ရမယ့်ဈေးကနည်းလို့ တွက်ခြေမကိုက်တဲ့ ဘေးကလွတ်မြောက်မှာပါ။ ဒါကြောင့် တွက်ခြေကိုက်နိုင်အောင် တွက်ချက်စိုက်ပျိုးကြပါလို့ တင်ပြလိုပါတယ်။

*စာမျက်နှာ ၉ သို့*

> **"မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၊ ရန်ကုန်တိုင်းဒေသကြီး ဘုရင့်နောင်ကုန်စည်ဒိုင်တို့ကနေ ပူးပေါင်းပြီး တစ်နိုင်ငံလုံးမှာရှိတဲ့ ကုန်စည်ဒိုင်တွေ၊ စိုက်ပျိုးတဲ့သူတွေဆီက ကိုယ်စားလှယ်တွေ၊ ပညာရှင်တွေနဲ့ ဌာန ဆိုင်ရာတာဝန်ရှိသူတွေ အားလုံးဝိုင်းဝန်းဆွေးနွေးကြမှာပါ။ အခုမကြာမီမှာပဲ မိုးစပါး ကာလပြီးဆုံးလို့ ပဲစိုက်ပျိုးချိန်ရောက်ရှိလာပါတော့မယ်။ ဆောင်းသီးနှံစချိန်မှာ ပြောင်းလဲစိုက်ပျိုး နိုင်ဖို့အတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်"**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒသမနေ့ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၇**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယနေ့အစည်းအဝေးတွင် သဘာဝဘေးကယ်ဆယ်ရေး၊ စာရင်းစစ်ဆိုင်ရာ၊ သစ်တောကဏ္ဍတို့နှင့် သက်ဆိုင်သည့်မေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ မြန်မာ့သတ္တုတွင်းနည်းဥပဒေများနှင့် စပ်လျဉ်းသည့် ပြင်ဆင်ချက်များကို လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းနှင့် သဘာဝငှက်သိုက်တောင်များ ရေရှည်တည်တံ့ရေးနှင့် သက်ဆိုင်သည့်အဆိုတစ်ခု လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ကြသည်။

## မတူပီမြို့တွင် သဘာဝဘေးဒဏ်ကြောင့် ဖြစ်ပေါ်နေသော မြေပြိုမှုအန္တရာယ်များကို ရေရှည်ထိန်းသိမ်းနိုင်ရန် တံတားများ၊ ရေထုတ်မြောင်းများ၊ ရေထုတ်ပြွန်များ၊ မြေကာနံရံများကို ဆောင်ရွက်ပေးသွားရန် တင်ပြထား

မတူပီမဲဆန္ဒနယ်မှ ဦးပါထန်း၏ **မတူပီမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် မြောင်းရေတိုက်စားခြင်းနှင့် မြေပြိုခြင်းကြောင့် နေအိမ်များ ပျက်စီးနေပါသဖြင့် အရေးပေါ်ဆောင်ရွက်ပေးနိုင်ခြင်းရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ မတူပီမြို့နယ် မြေပြိုမှုကာကွယ်နိုင်ရေး၊ စံဘောင်ရပ်ကွက် ရေမြောင်းအမှတ်(၁)၊ အမှတ် (၅)၊ လောင်းဗန်ရပ်ကွက် ရေမြောင်းအမှတ်(၇)တို့အား ကျောက်စီရေမြောင်းတည်ဆောက်ရန်နှင့် ခိုဘွေရပ်ကွက် မြေထိန်းနံရံအမှတ်(၁)အား ပေ ၆၀၀ တည်ဆောက်ရန်အတွက် ငွေကျပ် ၂၇၉ သိန်းကို ၂၀၁၇ ခုနှစ် ဧပြီလတွင် ချင်းပြည်နယ်အစိုးရသို့ လွှဲပြောင်းထောက်ပံ့ပေးခဲ့ပါကြောင်း။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် တင်ဒါအောင်မြင်ခဲ့သည့် တော်ဝင်ဖူးကြားကုမ္ပဏီနှင့် AIDAK ကုမ္ပဏီတို့ကို လုပ်ငန်းအပ်နှံခဲ့ပါကြောင်း၊ တော်ဝင်ဖူးကြားကုမ္ပဏီက စံဘောင်ရပ်ကွက်ရှိ မြောင်းအမှတ်(၅)နှင့်(၇)ကို ၂၀၁၈ ခုနှစ် မတ်လတွင် စတင်ဆောင်ရွက်ခဲ့ရာ ၂၀၁၈ ခုနှစ် မေလ ၁၀ ရက်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေမြောင်းအောက်ပိုင်းထိခိုက်ခဲ့ပြီး ဘိလပ်မြေဖျော်စက် ရေမြောင်းအတွင်းသို့ ထိုးကျခဲ့မှုကြောင့် လုပ်ငန်းများ ခေတ္တရပ်ဆိုင်းခဲ့ရပါကြောင်း၊ AIDAK ကုမ္ပဏီက ဆောင်ရွက်သည့် စံဘောင်ရပ်ကွက် မြောင်းအမှတ်(၁)နှင့် ခိုဘွေရပ်ကွက် မြေထိန်းနံရံအပိုင်း(ခ)တို့မှာ လုပ်ငန်းများအားလုံး ပြီးစီးပြီဖြစ်ပါကြောင်း။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့်လည်း ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာနှစ်တွင် မတူပီမြို့ မြေပြိုမှုအန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် စံဘောင်၊ ခိုဘွေ၊ လောင်ဘန်းနှင့် ငလားရပ်ကွက်များရှိ ရေမြောင်းငါးခု ရေပြွန်ပါ မြေကာနံရံတို့အတွက် ငွေကျပ် ၂၃၆ ဒသမ ၂၅ သန်းဖြင့် လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ထို့ပြင် မတူပီမြို့တွင် သဘာဝဘေးဒဏ်ကြောင့် ဖြစ်ပေါ်နေသော မြေပြိုမှုအန္တရာယ်များကို ရေရှည်ထိန်းသိမ်းနိုင်ရန် နည်းလမ်းများရှာဖွေ၍ ယာယီထိန်းသိမ်းရန် တံတားများ၊ ရေထုတ်မြောင်းများ၊ ရေထုတ်ပြွန်များ၊ မြေကာနံရံများကို ဆက်လက်ဆောင်ရွက်ပေးသွားရန် ဆောက်လုပ်ရေးဝန်ကြီးဌာနက တင်ပြထားပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားသည်။

## အလွဲသုံးစားမှု၊ မသမာမှု၊ လေလွင့်ပြုန်းတီးမှု၊ မမှန်မကန်မှုများနှင့်ပတ်သက်၍ ကြားဖြတ်အစီရင်ခံစာကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက သက်ဆိုင်ရာဝန်ကြီးဌာနများသို့ လိုအပ်သလို စီမံခန့်ခွဲနိုင်ရန် အကြောင်းကြား

သရက်မဲဆန္ဒနယ်မှ ဦးကံမြင့်၏ **ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ အခါအားလျော်စွာ ပေါ်ပေါက်သောအလွဲသုံးစားမှု၊ မသမာမှု၊ လေလွင့်ပြုန်းတီးမှု၊ မမှန်ကန်မှုများနှင့် ပတ်သက်၍ ကြားဖြတ်အစီရင်ခံစာ ထုတ်ပြန်နိုင်ခြင်းရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းက ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအနေဖြင့် စစ်ဆေးတွေ့ရှိချက်တစ်ရပ်သည် အရေးကြီးပြီး သက်ဆိုင်ရာသို့ အလျင်အမြန် အသိပေးရန်လိုအပ်သည်ဟု ယူဆပါက သက်ဆိုင်ရာအဖွဲ့အစည်းသို့ ကြားဖြတ်အစီရင်ခံစာပေးပို့ရန် စာရင်းစစ်ချုပ်ရုံးလက်စွဲတွင် လည်းကောင်း၊ အရေးကြီးသော စစ်ဆေးတွေ့ရှိချက်များနှင့်စပ်လျဉ်း၍ အစီရင်ခံစာပြုစုပြီးသည်အထိ မစောင့်ဆိုင်းဘဲ အမြန်ဆုံးပြုစုတင်ပြရန်လည်းကောင်း ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက ညွှန်ကြားထားပြီးဖြစ်ပါကြောင်း။

ယင်းညွှန်ကြားချက်နှင့်အညီ တိုင်းဒေသကြီးနှင့်ပြည်နယ် စာရင်းစစ်ချုပ်ရုံးများက ဌာန၊ အဖွဲ့အစည်းများကို စစ်ဆေးရာတွင် တွေ့ရှိရသည့် အလွဲသုံးစားမှု၊ မသမာမှု၊ လေလွင့်ပြုန်းတီးမှု၊ မမှန်မကန်မှုများနှင့်ပတ်သက်၍ ကြားဖြတ်အစီရင်ခံစာကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက သက်ဆိုင်ရာဝန်ကြီးဌာနများသို့ လိုအပ်သလို စီမံခန့်ခွဲနိုင်ရန် အကြောင်းကြားပါကြောင်း၊ ထို့ပြင် စစ်ဆေးတွေ့ရှိချက်များ၏ အရေးပါမှုအရ နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသည့် အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားသည်။



ပြည်ထောင်စုဝန်ကြီး
ဦးအုန်းဝင်း



တောင်တွင်းကြီးမဲဆန္ဒနယ်မှ
ဦးမင်းသိန်း

## ၂၀၁၅ ခုနှစ်မှ ယနေ့အထိ သစ်တောမြေငှားရမ်းခအတွက် ငွေကျပ် ၁၃၄၅၂ သိန်းကို နိုင်ငံတော်သို့ ပေးသွင်းခဲ့

မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနု၏ **သစ်တောနယ်မြေများအတွင်း စိုက်ထူထားသော ဆက်သွယ်ရေးတာဝါတိုင်များ၏ မြေငှားရမ်းခြင်းအတွက် ကုမ္ပဏီမှ ပေးသော အခကြေးငွေများသည် အခွန်အဖြစ် နိုင်ငံတော်ဘဏ္ဍာသို့ ရောက်ရှိခြင်းရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက သစ်တောနယ်မြေများနှင့် ဌာနပိုင်နယ်မြေများတွင် တည်ဆောက်ခွင့်ပြုမိန့်ရရှိထားသည့် ကုမ္ပဏီ ၁၀ ခုမှ တာဝါတိုင် ၂၄၁ ခုအနက် ကုမ္ပဏီများနှင့် နှစ်ရှည်မြေငှားစာချုပ် ချုပ်ဆိုထားသည့်တာဝါတိုင် ၂၄၀ တိုင်အတွက် သတ်မှတ်ထားသည့် မြေငှားရမ်းခ၊ လုပ်ငန်းအာမခံနှင့် လုပ်ငန်းကုန်သွယ်ခွန် ၅ ရာခိုင်နှုန်းတို့အား နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သက်ဆိုင်ရာသစ်တောဦးစီးဌာနငွေစာရင်းသို့ ပေးသွင်းလျက်ရှိပါကြောင်း၊ ၂၀၁၅ ခုနှစ်မှ ယနေ့အထိ သစ်တောမြေငှားရမ်းခအတွက် ငွေကျပ် ၁၃၄၅၂ သိန်းကို နိုင်ငံတော်သို့ ပေးသွင်းခဲ့ပြီးဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို၏ **အာရှနိုင်ငံအချို့တွင် စီးပွားဖြစ် စိုက်ပျိုးလျက်ရှိသည့် မန်ဂျန်းရှား (ဂျပန်ပိတောက်) Acacia Mangium သစ်ပင်အမျိုးအစားကို နိုင်ငံအနှံ့ကျယ်ပြန့်စွာ စိုက်ပျိုးလာနိုင်ရေးအတွက် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်း၊ မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာ ဦးသန်းအောင်စိုး၏ **တောဆင်ရိုင်းများ သတ်ဖြတ်ခံနေရမှုအတွက် မည်ကဲ့သို့ စီမံဆောင်ရွက်ထားရှိမှုနှင့် လူသားတို့အတွက် အန္တရာယ်မရှိအောင် မည်သို့ကာကွယ်မှုများ ပြုလုပ်ထားသည်ကိုသိလိုခြင်း** မေးခွန်းနှင့် တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း၏ **မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် တောဆင်ရိုင်းများကို သတ်ဖြတ်နေခြင်းအား တားဆီးကာကွယ်ရန် မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ထားသည်ကို သိလိုခြင်း** မေးခွန်းတို့နှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

## မြန်မာ့သတ္တုတွင်းနည်းဥပဒေများနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက် အဆိုများကို လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူ

ထို့နောက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ပေးပို့လာသော **မြန်မာ့သတ္တုတွင်းနည်းဥပဒေများ**နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက် အဆိုများကို လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်သည်။

ယင်းနောက် ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီတင်သွင်းသည့် မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံခြားဈေးကွက်ဝင် သဘာဝငှက်သိုက်တောင်များရှိရာ ကျွန်းများအား ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အထူးစီမံချက်တစ်ရပ်အနေဖြင့် ထိန်းသိမ်းစောင့်ရှောက်ကာကွယ်ဆောင်ရွက်ပေးရန် အစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

## မြန်မာနိုင်ငံအတွင်းရှိ သဘာဝငှက်သိုက်တောင်များရှိရာ ကျွန်းများအား အထူးစီမံချက် တစ်ရပ်အနေဖြင့် ထိန်းသိမ်းစောင့်ရှောက် ကာကွယ်ဆောင်ရွက်ပေးရန် အစိုးရသို့ တိုက်တွန်းကြောင်း အဆိုဆွေးနွေး

မြိတ်မဲဆန္ဒနယ်မှ ဦးစိုးပိုင်ဌေးက အဆိုရှင်တင်သွင်းသည့် နိုင်ငံတော်က သဘာဝငှက်သိုက်တောင်များကို ထိန်းသိမ်းရန်မှာ လိုအပ်ပါကြောင်း၊ သို့သော် အိမ်မွေးငှက်သိုက်ထုတ်လုပ်ရေးလုပ်ငန်းများကိုလည်း ပိုမိုအားပေးရန် လိုအပ်ပါကြောင်း၊ ငှက်အိမ်လျှောက်ထားသည့် လုပ်ငန်းရှင်များကို အမြန်ဆုံးစိစစ်ပြီး ခွင့်ပြုပေးသင့်ပါကြောင်း၊ ငှက်သိုက်လုပ်ငန်းလုပ်ကိုင်သူများ ပိုမိုအခွင့်အလမ်းရရှိလာစေရန် သင့်လျော်သည့် အခွန်နှုန်းထားကို သတ်မှတ်ပေးသင့်ပါကြောင်း၊ ထို့ပြင် ငှက်သိုက်မွေးမြူရေးစနစ်ကို ခေတ်မီနည်းစနစ်ဖြင့် မွေးမြူနိုင်ရန် နိုင်ငံတော်အနေဖြင့် အားပေးစေလိုပါကြောင်း၊ ပြင်ဆင်မှု၊ ထုတ်လုပ်မှု၊ ရောင်းချမှုကို နိုင်ငံတကာဈေးကွက်သို့ ရောက်ရှိနိုင်ရေးကို ဆောင်ရွက်ပေးသင့်ပါကြောင်း ဆွေးနွေးသည်။

လောင်းလုံးမဲဆန္ဒနယ်မှ ဒေါ်ခင်စန္ဒီက မိမိတို့နိုင်ငံ၏ သစ်တောသယံဇာတများထဲတွင် သစ်မဟုတ်သည့် သယံဇာတတစ်မျိုးမှာ ငှက်သိုက်ဖြစ်ပါကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးတွင် သစ်တောထွက်ပစ္စည်းများထဲမှ ရရှိသည့် အခွန်များထဲတွင် ငှက်သိုက်မှ အခွန်အများဆုံးရရှိသည်ဟု သိရပါကြောင်း၊ သို့ဖြစ်၍ နိုင်ငံတော်အခွန် ပိုမိုရရှိစေရန်အတွက် ငှက်သိုက်ထုတ်လုပ်သည့်လုပ်ငန်း ယခုထက် ပိုမိုထုတ်လုပ်နိုင်အောင် စီမံဆောင်ရွက်သင့်ပါကြောင်း၊ ယခုအခါတွင် တနင်္သာရီတိုင်းဒေသကြီးရှိ အချို့ကျွန်းများတွင် ငှက်သိုက်ထုတ်ယူခွင့် လိုင်စင်ချထားပေးပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် ငှက်သိုက်ကျွန်းများကို ဇီဝဗိုးငှက်များ မျိုးသုဉ်းပျောက်ကွယ်မသွားစေရေး ထိန်းသိမ်းရန်အတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန စည်းမျဉ်းစည်းကမ်းများအတိုင်း ကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ထို့ပြင် ငှက်သိုက်ထုတ်ယူခွင့် လိုင်စင်ချထားပေးမှုမရှိသည့် ကျွန်းများကို ငှက်သိုက်ထွက်ရှိမှုကို လေ့လာဆန်းစစ်သင့်ပါကြောင်း၊ ငှက်သိုက်ကျွန်းများကို ကြိုးဝိုင်းအဖြစ် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ စနစ်တကျထုတ်ယူခြင်း ဟုတ်၊ မဟုတ် ကြီးကြပ်ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်သင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

အလားတူ ကော့သောင်းမဲဆန္ဒနယ်မှ ဦးခင်ဇော်နှင့် သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးဉာဏ်ဟိန်းတို့ကလည်း ဆွေးနွေးကြသည်။

အဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက လက်ရှိတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံးမြို့နယ်တွင် ပါဝင်သည့် မော့စကော့ကျွန်းအုပ်စု၊ မြိတ်ခရိုင် ကျွန်းစုမြို့နယ်တွင်ပါဝင်သည့် ရေကျွေန်းအုပ်စု၊ ကော့သောင်းခရိုင် ကော့သောင်းမြို့နယ်တွင် ပါဝင်သည့် ရေကျွေန်းအုပ်စုနှင့် မြိတ်ခရိုင် ပုလောမြို့နယ်တွင်ပါဝင်သည့် မလိကျွန်းစုတို့ကို လပ်ပုံလေးပုံခွဲခြားပြီး ငှက်သိုက်စုဆောင်းခြင်းကို ခွင့်ပြုပေးလျက်ရှိပါကြောင်း။

ရေဝတီတိုင်းဒေသကြီး အနောက်ဘက်ကမ်းရိုးတန်းတစ်လျှောက်ရှိ ပုသိမ်နှင့် ငပုတောမြို့နယ်တို့ရှိ ကျွန်းလျားရှည်၊ စခန်းတောင်၊ အပြင်တောင်၊ သောင်မန်ကျည်း၊ ငှက်ပျောကျွန်းနှင့် ဂေါ်ရင်ဂျီကျွန်းတို့အား ရေဝတီတိုင်းသစ်တောဦးစီးဌာနက ငှက်သိုက်သိမ်းယူခွင့်လိုင်စင်ကို နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ဇီဝဗိုးငှက်များ သဘာဝအတိုင်း ရှင်သန်ပေါက်ဖွားမှုကို မထိခိုက်စေဘဲ စဉ်ဆက်မပြတ် ငှက်သိုက်စုသိမ်းထုတ်လုပ်နိုင်ရေးအတွက် တင်ဒါအောင်မြင်သူများ၏ ဆောင်ရွက်မှုများအပေါ် စစ်ဆေးကြပ်မတ်ရန် တနင်္သာရီတိုင်းဒေသကြီးတွင် တိုင်းဒေသကြီးအဆင့်နှင့် ခရိုင်အဆင့် လုပ်ငန်းကြီးကြပ်ရေးအဖွဲ့များကို သစ်တောဦးစီးဌာနနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ ခရိုင်နှင့်မြို့နယ်အဆင့် တာဝန်ခံများဖြင့် ဖွဲ့စည်းထားပါကြောင်း။

ဇီဝဗိုးငှက်များ၏ သဘာဝအသိုက်အား ခွာယူခြင်းနှင့်နေအိမ်များတွင် အသံတုထုတ်လွှင့်ကာ ဆွဲဆောင်အသိုက်ပြုလုပ်၍ ငှက်သိုက်များစုဆောင်းခြင်းကို စနစ်တကျစည်းကမ်းသတ်မှတ်ပြီး ကြီးကြပ်ဆောင်ရွက်လျက်ရှိခြင်း၊ ငှက်သိုက်ထုတ်လုပ်သောကျွန်းများကို ၁၉၄၆ ခုနှစ်မှစပြီး ငှက်သိုက်ကြိုးဝိုင်းများအဖြစ် ဖွဲ့စည်းကာထိန်းသိမ်းလျက်ရှိခြင်းနှင့် ဇီဝဗိုးငှက်များနှင့် ယင်းတို့ကျက်စားရာ ငှက်သိုက်ကျွန်းများအား ထိန်းသိမ်းရေးကို လုပ်ငန်းရှင်များပိုမိုရင်းနှီးမြှုပ်နှံလာစေရန် တိုင်းဒေသကြီး သစ်တောဦးစီးဌာနက ငှက်သိုက်စုသိမ်းခွင့်လပ်ပုံများ အိတ်ဖွင့်တင်ဒါရောင်းချခြင်းကို ပြင်ဆင်ရန် စီစဉ်ဆောင်ရွက်နေခြင်းတို့ကြောင့် အဆိုအားမှတ်တမ်းအဖြစ် ထားရှိပေးရန် ရှင်းလင်းတင်ပြသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က မှတ်တမ်းတင်စောင့်ကြည့်ရန် သဘောတူကြောင်းဆုံးဖြတ်သည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်နဝမပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ဩဂုတ် ၂၀ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမြင့်(သတင်းစဉ်)**

## အမာမြို့ ရေဘေးသင့် မိသားစုဝင်များအား ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်

**အမာ ဩဂုတ် ၁၇**

ရေဝတီတိုင်းဒေသကြီး အမာမြို့နယ်အတွင်း ဩဂုတ် ၁၂ ရက်မှစတင်၍ ထူးကဲဒီရေတက်လာသောကြောင့် ပင်လယ်ကမ်းစပ်ကျေးရွာများမှ နေအိမ်အများအပြား ပြိုကျပျက်စီးခဲ့ရာ ဖျာပုံခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တတိယအကြိမ်အဖြစ် ဩဂုတ် ၁၇ ရက် နံနက် ၁၀ နာရီက ဒေါ်ညိမ်းကျေးရွာသို့ သွားရောက်ပြီး ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်ဦးစီးအရာရှိ ဒေါ်သီသီချိုက ဩဂုတ် ၁၄ ရက်နှင့် ၁၅ ရက်တွင် ပြိုကျပျက်စီးခဲ့သော အိမ် ၄၁ လုံးအတွက် မိသားစုဝင်များကို တစ်ပုံးလျှင် ငွေကျပ် ၃၄၇၀၀ ရှိ ပစ္စည်း ၁၆ မျိုးပါ အရေးပေါ်အသုံးပြုရသည့် ကယ်ဆယ်ရေးပုံးတစ်ပုံးစီနှင့် လူဦးရေ ၁၇၆ ဦးအတွက် တစ်ဦးလျှင် ခုနစ်ရက်စာ ဆန်ဖိုး ၂၁၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ရာ ဒေါ်ညိမ်းကျေးရွာရှိ အုပ်ချုပ်ရေးမှူးနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စာရေးဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ မီးသတ်တပ်ဖွဲ့ဝင်များက ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဝင်းမြင့်အောင်**

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒသမနေ့ ကျင်းပ

နေပြည်တော် ဩဂုတ် ၁၇

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အစီရင်ခံစာနှစ်ခု ဖတ်ကြား၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းနှင့် အဆိုတစ်ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။**

အစည်းအဝေးတွင် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခင်မောင်ဝင်း၏ **တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင် ပြည်သူ့ဆေးရုံကြီး အား အကြီးစားပြင်ဆင်မှုနှင့်အတူ ခုတင် ၁၀၀ ဆံ့မှ ခုတင် ၂၀၀ ဆံ့ ဆေးရုံကြီးအဖြစ် အဆင့်တိုးမြှင့်ပေးနိုင်ခြင်း ရှိ၊ မရှိ သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကော့သောင်း ဆေးရုံတွင် အထူးကု ကိုးမျိုးအနက် ရှစ်မျိုးရှိပါကြောင်း၊ ဘွဲ့လွန်ဆရာဝန် ငါးဦး ရှိပါကြောင်း၊ အထူးကုဆရာဝန် သုံးဦးရှိသည့်အတွက် ထပ်မံခန့်ထားရန် လိုအပ်ပါကြောင်း၊ ခုတင် ၁၀၀ မှ ခုတင် ၂၀၀ တိုးမည်ဆိုပါက ခုတင် ၁၀၀ ဆေးရုံတွင် ဝန်ထမ်း ၂၀၁ ဦးရှိရမည် ဖြစ်ပါကြောင်း၊ ကော့သောင်းဆေးရုံတွင် ၁၀၁ ဦးသာ ရှိပါကြောင်း၊ ခုတင် ၂၀၀ ပေးမည်ဆိုပါက ဝန်ထမ်း ၅၉၄ ဦးနှင့် အထူးကု ဘာသာရပ်ပေါင်း ၁၇ မျိုးပေးရမည် ဖြစ်ပါကြောင်း၊ လတ်တလောတွင် ပေးနိုင်ခြင်းလည်း မရှိသေးပါကြောင်း၊ ပေးမည်ဆိုပါကလည်း လိုအပ်ချက်အရပေး၍ မရသေးပါကြောင်း၊ အခြားလိုအပ်နေသည့် အထူးကုဆရာဝန်များ ကြိုးစားပေးမည် ဖြစ်ပါကြောင်း။

ဆေးရုံ ပြင်ဆင်စရိတ်အနေဖြင့် လျာထားသော်လည်း တင်ပြချက်များ မှားနေသည့်အတွက် ချပေး၍ မရပါကြောင်း၊ ၂၀၁၈ - ၂၀၁၉ဘဏ္ဍာနှစ်တွင် စီစဉ်ပေးမည် ဖြစ်ပါကြောင်း၊ တန်ဖိုးငွေကျပ်သန်း ၆၄၀ ဖြင့် ခြောက်ခန်းတွဲသုံးထပ် ဝန်ထမ်း အိမ်ရာတစ်လုံး တည်ဆောက်ပေးလျက်ရှိပါကြောင်း၊ ထို့ပြင် တန်ဖိုးအားဖြင့် ငွေကျပ်သိန်း ၅၆၈၀ ဖြင့် လေးခန်းတွဲ လေးထပ် ဝန်ထမ်းအိမ်ရာတစ်လုံးကိုလည်း ဆောက်လုပ်ရန် လျာထားပါကြောင်း ဖြေကြားသည်။

## လှိုင်းဘွဲ့မြို့တွင်ရှိသည့် ဇွဲမာန်အားကစားကွင်းနှင့် ပတ်သက်၍ ပြန်လည်သုံးသပ်ရာတွင် မီတာ ၄၀၀ ပြေးလမ်းပါ အဆင့်မီဘောလုံးကွင်းဆောက်လုပ်ရန်အတွက် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ကရင်ပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေဖြင့် ငွေကျပ် သန်း ၉၀ ရရှိခဲ့

ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)မှ ဦးစောချစ်ဦး၏ **ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့ ဇွဲမာန်အားကစားကွင်းအတွက် ပွဲကြည့်စင်တစ်ခု၊ ခြံစည်းရိုးကာရံခြင်းနှင့် မြေထိန်းနံရံ ပြုလုပ်ခြင်းများ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့တွင်ရှိသည့် ဇွဲမာန်အားကစားကွင်းနှင့် ပတ်သက်၍ ပြန်လည်သုံးသပ်ရာတွင် မီတာ ၄၀၀ ပြေးလမ်းပါ အဆင့်မီဘောလုံးကွင်းဆောက်လုပ်ရန်အတွက် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ကရင်ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေဖြင့် ငွေကျပ်သန်း ၉၀ ရရှိခဲ့ပြီး ၂၀၁၈ ခုနှစ် မတ် ၃၁ တွင် အားလုံးပြီးစီးသွားပြီ ဖြစ်ပါကြောင်း။

ဇွဲမာန်အားကစားကွင်းသည် အပြင်ခြံစည်းရိုး ပေ ၂၇၀၀ လုပ်ငန်းကိုလည်းကောင်း၊ အတွင်း ခြံစည်းရိုး ပေ ၁၈၀၀ လုပ်ငန်းကို လည်းကောင်း ပြည်နယ်ဘတ်ဂျက်မှ ထည့်သွင်းတောင်းခံသည့်အခါတွင် ပြည်နယ်ငွေစာရင်းဦးစီးဌာနမှ ခွဲဝေချထားခြင်းမရှိပါကြောင်း၊ ထို့ကြောင့် ၂၀၁၉ - ၂၀၂၀တွင် ပွဲကြည့်စင်ဆောက်ခြင်း၊ ခြံစည်းရိုးကာခြင်းနှင့် မြေထိန်းနံရံပြုလုပ်ခြင်းလုပ်ငန်းများကို ပြည်နယ်တွင် ထည့်သွင်းပေးမည် ဖြစ်ပါကြောင်း၊ ထည့်သွင်း၍မရပါက ပြည်ထောင်စုဘတ်ဂျက်မှ အသင့်အတင့်ပေးမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာလင်းဝေဖြိုးလတ်၏ မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဒေါက်တာမျိုးအောင်က **ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ** ကို ပြန်လည်ဖတ်ကြားရှင်းလင်းရာတွင် ကော်မတီ၏ သဘောထားမှတ်ချက်အနေဖြင့် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကြည်ဝင်း၏ အကြံပြုဆွေးနွေးချက်များအနက်မှ



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး



ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)မှ ဦးစောချစ်ဦး

မူလဥပဒေပုဒ်မ- ၃ ပုဒ်မခွဲ (စ) အဖြစ် ပြင်ဆင်ဖြည့်စွက်ရန် အကြံပြုဆွေးနွေးချက်သည် လယ်ယာမြေကို နိုင်ငံပိုင်အဖြစ် သိမ်းဆည်း၍ ပြန်လည်ဝေခြမ်းပေးရန် ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါကြောင်း၊ ကော်မတီအနေဖြင့် ဤလုပ်ငန်းစဉ်သည် ခေတ်စနစ်နှင့် လျော်ညီမှုမရှိခြင်း၊ ဈေးကွက်စီးပွားရေးစံနှုန်းများနှင့် ညီညွတ်မှု မရှိခြင်းတို့ကြောင့် ပြင်ဆင်ဖြည့်စွက်ရန် လိုအပ်ခြင်းမရှိကြောင်း သဘောထား ရရှိခဲ့ပါကြောင်း။

သို့ဖြစ်ပါ၍ ကော်မတီသည် ဥပဒေကြမ်းအပေါ် အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီတို့မှ ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များနှင့် အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ပြီးဖြစ်ပါသဖြင့် ဥပဒေကြမ်းကော်မတီက မူလတင်ပြထားသည့် ပြင်ဆင်ချက်များနှင့် ယခုထပ်မံတင်ပြသည့် ပြင်ဆင်ချက်များအတိုင်း အမျိုးသားလွှတ်တော်က အတည်ပြု ဆောင်ရွက်နိုင်ပါရန်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကြည်ဝင်း၏ မူလဥပဒေပုဒ်မ - ၃ ပုဒ်မခွဲ (စ) ပြင်ဆင်အကြံပြုချက်ကို လွှတ်တော်၏အဆုံးအဖြတ် ရယူဆောင်ရွက်သင့်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အဆိုပါ ဥပဒေကြမ်းအား လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

## ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာဖတ်ကြားရှင်းလင်း

ဆက်လက်၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဒေါ်အုန်းကြည်က **ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ** ကို ပြန်လည်ဖတ်ကြားရှင်းလင်းရာတွင် ကော်မတီ၏ သဘောထားမှတ်ချက်အနေဖြင့် မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်အောင်ထွန်း၏ အကြံပြုဆွေးနွေးချက်များအနက်မှ ပုဒ်မ - ၂ ပုဒ်မခွဲ (ခ) အဖြစ် ပြင်ဆင်ဖြည့်စွက်ရန် အကြံပြုဆွေးနွေးချက်သည် အဓိပ္ပာယ်တိကျမှုမရှိခြင်း၊ စကားလုံးအသုံးအနှုန်းကျစ်လျစ်မှုမရှိခြင်း၊ ပိုမို၍ ရှုပ်ထွေးသည့် ဖော်ပြချက်များ ဖြစ်ခြင်းတို့ကြောင့် ပြင်ဆင်ဖြည့်စွက်ရန် မသင့်ကြောင်းနှင့် ပုဒ်မ - ၁၀ ပုဒ်မခွဲ (ခ)နှင့် (ဂ)တို့သည် ဩဝါဒါစရိယအဖွဲ့၏ လုပ်ငန်းတာဝန်များကို ထိရောက်စွာ ဆောင်ရွက်နိုင်စေရန် လိုအပ်သည့် ပြဋ္ဌာန်းချက်များဖြစ်ခြင်းတို့ကြောင့် ပယ်ဖျက်ရန် မသင့်ကြောင်း ဥပဒေကြမ်းကော်မတီက သဘောထား ရရှိခဲ့ပါကြောင်း။

သို့ဖြစ်ပါ၍ ကော်မတီသည် ဥပဒေကြမ်းအပေါ် အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များနှင့် အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ပြီး ဖြစ်ပါသဖြင့် ဥပဒေကြမ်းကော်မတီက မူလတင်ပြထားသည့် ပြင်ဆင်ချက်များနှင့် ယခုထပ်မံတင်ပြသည့် ပြင်ဆင်ချက်များအတိုင်း အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန်နှင့် ဦးတင်အောင်ထွန်း၏ ပုဒ်မ - ၂ ပုဒ်မခွဲ (ခ) ပြင်ဆင်ချက်နှင့် ပုဒ်မ - ၁၀ ပုဒ်မခွဲ(ခ) နှင့် (ဂ) ပယ်ဖျက်ချက်တို့ကို လွှတ်တော်၏ အဆုံးအဖြတ်ရယူဆောင်ရွက်သင့်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းအား လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ယင်းနောက် မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၈)မှ ဦးမျိုးဝင်း၏ **မြန်မာနိုင်ငံတွင် လယ်ယာဥယျာဉ်ခြံမြေများကို စည်းကမ်းမဲ့စွာ အကွက်ဖော် ရောင်းစားနေကြခြင်းတို့ကြောင့် စိုက်ပျိုးမြေများ အလျင်အမြန် လျော့နည်းလာခြင်း၊ မြို့ပေါ်နှင့် ကျေးရွာများတွင် နောင်တစ်ချိန် လိုအပ်ပါက အသုံးပြုနိုင်ရန် ချန်လှပ်ထားသော မြေလွတ်များ ပျောက်ဆုံးကုန်ခြင်း စသည်တို့နှင့် အဓိကသက်ဆိုင်သော စီမံခန့်ခွဲမှုကော်မတီ၊ စည်ပင်သာယာရေးကော်မတီနှင့် လယ်ယာမြေစီမံခန့်ခွဲမှု ကော်မတီအဆင့်ဆင့် (ကော်သုံးကော်) တို့၏ လျော့ရဲပြီး အဂတိတရားမကင်းသည့် လုပ်ဆောင်ချက်များကို ထိရောက်စွာ ထိန်းညှိပေးနိုင်မည့် အစီအမံတစ်ခုကို အလျင်အမြန်ရေးဆွဲပြဋ္ဌာန်း အကောင်အထည်ဖော်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို** ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

## ကော်သုံးကော်ကို ထိန်းညှိဆောင်ရွက်ရာတွင် ပြည်သူအားလုံး စိတ်ချမ်းသာစေမည့် လမ်းကြောင်းကို ရွေးချယ်ဆောင်ရွက်သင့်

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၁)မှ ဦးကျော်ဆွေက ကော်သုံးကော်ကို ထိန်းညှိဆောင်ရွက်ရာတွင် ပြည်သူအားလုံး စိတ်ချမ်းသာစေမည့် လမ်းကြောင်းကို ရွေးချယ်ဆောင်ရွက်သင့်ပါကြောင်း၊ တောင်သူလယ်သမားများ၏ အခွင့်အရေးကိုကြည့်သကဲ့သို့ အခြားနည်းအသုံးပြုချင်သည့်သူများကို ဥပဒေနှင့်အညီ သုံးစွဲခွင့်ရရန်လည်း စဉ်းစားပေးသင့်ပါကြောင်း၊ ဥပဒေစည်းကမ်းများအနေဖြင့်လည်း ပြည်သူလူထုလိုက်နာချင်အောင် ရေးဆွဲပြဋ္ဌာန်းခြင်းမျိုး ဖြစ်သင့်ပါကြောင်း၊ အရေးယူသည့် ရှုထောင့်တစ်ခုမှမကြည့်ဘဲ လူထု၏ လိုအင်ဆန္ဒနှင့် လိုက်လျောညီထွေဖြစ်အောင် ဝိုင်းဝန်းစဉ်းစားပေးရန် လိုအပ်ပါကြောင်း။

တိုးပွားလာသည့် လူဦးရေဖြင့် လိုက်လျောညီထွေဖြစ်အောင် မြို့ကွက်များ စနစ်တကျ ရိုက်ပေးခြင်းလည်း လုပ်ဆောင်သင့်ပါကြောင်း၊ တာဝန်ရှိသူများအနေဖြင့် မြေလွတ်၊ မြေရိုင်းများကို ဖော်ထုတ်ပြီး စိုက်ပျိုးမြေတိုးပွားရေးကို ဆောင်ရွက်မည်ဆိုပါက မြေအခက်အခဲများလည်း အဆင်ပြေသွားမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးအေးမင်းဟန်က မြန်မာနိုင်ငံရှိ မြို့ပြ၊ ကျေးရွာများနှင့် ထိစပ်နေသည့် လယ်မြေ၊ ဥယျာဉ်၊ ခြံမြေများသာမက မြို့များရှိ မြို့မြေ၊ ကျေးလက်ဒေသရှိ ယာမြေ၊ တောမြေ၊ စားကျက်မြေ၊ မြေလွတ် မြေရိုင်း၊ ကိုင်းကျွန်းမြေများတွင် အကွက်ချ ခြံစည်းရိုးခတ်ခြင်း၊ နေအိမ်ဆောက်ခြင်းများကို ပြုလုပ်လာခဲ့ရာ မြေလွတ်မြေများ ပျောက်ဆုံးကုန်ခြင်းနှင့် လယ်ယာမြေ၊ ဥယျာဉ်၊ ခြံမြေများ လျော့နည်းလာခြင်းတို့ကို နိုင်ငံတစ်ဝန်းလုံးရှိ နေရာဒေသတိုင်းတွင် ဖြစ်ပေါ်လျက်ရှိပါကြောင်း၊ ယခုကဲ့သို့ ဖြစ်ပေါ်လာရခြင်းသည် တာဝန်ရှိအစိုးရအဖွဲ့များ၏ အရေးယူမှုလျော့ရဲခြင်း၊ ကော်သုံးကော်၏ လုပ်ဆောင်မှု လျော့ရဲခြင်း၊ အဂတိတရား မကင်းခြင်းနှင့် မတော်လောဘသမားများနှင့် အောက်ခြေဝန်ထမ်းများ ပူးပေါင်းကြံစည်လုပ်ဆောင်မှုတို့ကြောင့် ဖြစ်ပါကြောင်း။

ထို့ပြင် လယ်မြေ၊ ဥယျာဉ်ခြံမြေများသာမက မြို့မြေ၊ စားကျက်မြေ၊ ကိုင်းကျွန်းမြေစသဖြင့် အခြားမြေများတွင်လည်း အကွက်ချ ခြံစည်းရိုးခတ်ခြင်းများ လုပ်ဆောင်နေသည့်အတွက် အားလုံးကို လွှမ်းခြုံနိုင်ရန် ဆွေးနွေးခဲ့ကြသည့်အတိုင်း လယ်မြေ၊ ဥယျာဉ်ခြံမြေနှင့် အခြားမြေများကို အဆိုတွင် ဖြည့်စွက်လိုပါကြောင်း ဆွေးနွေးသည်။

ယင်းအဆိုကို ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ ဦးညီစိန်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ ဦးမြင့်နိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဦးမောင်မောင်လတ်တို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ဩဂုတ် ၂၁ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်**

---

*စာမျက်နှာ ၄ မှ*

အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်များ ဖြစ်ကြသည့် ဒေါက်တာမြင့်နိုင်နှင့် ဒေါက်တာအောင်မိုးညို၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးအောင်လှထွန်း၊ ဒေါက်တာထွန်းနိုင်၊ ဦးမောင်မောင်ဝင်းနှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကေဆိုင်းတို့က ပဉ္စမအကြိမ်အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ဒေသတွင်းထုတ်ကုန်ပစ္စည်းများပြပွဲနှင့် ပြိုင်ပွဲမှခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ပဉ္စမအကြိမ်မြောက် အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ဒေသတွင်းထုတ်ကုန်ပစ္စည်းပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဒုတိယသမ္မတသည် မုံရွာမြို့ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ် (SMIDB) မုံရွာဘဏ်ခွဲ၌ ကျင်းပသည့် SME Centre ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုနှင့် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်တို့က SME Centre ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် ဒုတိယသမ္မတသည် ဘဏ်ခွဲအတွင်း လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ဗောဓိတစ်ထောင် ပျိုးဥယျာဉ်သို့ရောက်ရှိကြရာ ပျိုးဥယျာဉ်ရှင်းလင်းဆောင်၌ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင်က ဗောဓိတစ်ထောင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ပျိုးဥယျာဉ်တည်ထောင်ခြင်းလုပ်ငန်း၊ သဘာဝတောကျန် ထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်း၊ တောင်တန်း စိုက်ခင်းများ တည်ထောင်ခြင်းလုပ်ငန်းနှင့် အထူးစိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပျိုးခြင်းလုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများ၊ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုများနှင့် သဘာဝရေထွက်များထိန်းသိမ်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးမြင့်ဆွေက ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗောဓိတစ်ထောင်ဒေသစိမ်းလန်းစိုပြည်ရေးအတွက် သဘာဝတောကျန်သစ်ပင်များအား ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ ကွက်လပ်ဖြည့်စိုက်ပျိုးခြင်းများကို စဉ်ဆက်မပြတ် အောင်မြင်အောင်ဆောင်ရွက်သွားရေး၊ စိုက်ပျိုးပြီးသစ်ပင်များ ရှင်သန်အောင် အထူးဂရုစိုက်ထိန်းသိမ်းသွားရေးနှင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးအတွက် စနစ်တကျဂရုပြုဆောင်ရွက်ရေးတို့ကို မှာကြားသည်။

**သတင်းစဉ်**

# DW Akademie ရုံးခန်းအသစ်ဖွင့်ပွဲ အခမ်းအနား ရန်ကုန်၌ကျင်းပ



**DW Akademie ရုံးခန်းအသစ် ဖွင့်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံ ဆိုင်ရာ ဂျာမန် သံအမတ်ကြီး H.E. Dorothee Janetzke-Wenzel အမှာစကား ပြောကြားစဉ်။**
သတင်းစဉ်

**ရန်ကုန် ဩဂုတ် ၁၇**
DW Akademie ရုံးခန်းအသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့ ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ကမ္ဘာအေးစေတီလမ်းရှိ Goethe Institute ခြံဝင်း၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက်သည်။

အခမ်းအနားတွင် DW Akademie ရုံးချုပ်အကြီးအကဲ Ms.Ute Schaeffer နှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျာမန်သံအမတ်ကြီး H.E.Dorothee Janetzke-Wenzel တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အမှာစကားပြောကြားသည်။

ယင်းနောက် လွန်ခဲ့သည့် လေးနှစ်တာ ကာလအတွင်း မြန်မာနိုင်ငံ၏ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် DW Akademie ၏ ပါဝင်ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်းသည့် အကြောင်းအရာများကို ဗီဒီယိုမှတ်တမ်းဖြင့် ရှင်းလင်းပြသသည်။

**ကြိုဆိုနှုတ်ဆက်**

ဆက်လက်၍ DW Akademie ၏ ရန်ကုန်အခြေစိုက်ရုံးတွင် တာဝန်ထမ်းဆောင်ခဲ့သည့် Country Manager Mr. Patrick Benning နှင့် Country Representative Ms. Isabella Kurkowski တို့ကို နှုတ်ဆက်ပြီး ယခု ရုံးသစ်တွင် Country Manager အဖြစ် ဦးစီးဆောင်ရွက်မည့် Ms. Eva Mehl တို့ကို ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တက်ရောက်လာသူများနှင့် DW Akademie မှ တာဝန်ရှိသူများသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

DW Akademie သည် မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ်မှ စတင်ကာ မြန်မာသတင်းပညာသိပ္ပံ ( MJI ) နှင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီတို့၏ ဖွဲ့စည်းတည်ဆောက်မှုတို့တွင် အဓိကကျသော အခန်းကဏ္ဍများမှ ပါဝင်ပံ့ပိုးခဲ့သည်။

DW Akademie အနေဖြင့် မီဒီယာ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် အစိုးရအဖွဲ့များအကြား အလုပ်ရုံဆွေးနွေးပွဲများနှင့် နှစ်စဉ်ကျင်းပသော မီဒီယာဖွံ့ဖြိုးတိုးတက်ရေးညီလာခံများကိုလည်း ပံ့ပိုးကူညီမှုပြုလျက်ရှိသည်။ DW Akademie သည် ဒစ်ဂျစ်တယ်ဆိုင်ရာအခွင့်အရေး၊ မီဒီယာသတင်းအချက်အလက်ဆိုင်ရာ ပညာပေးမှု ( Media information literacy) နှင့် မီဒီယာရပ်တည်ရှင်သန်နိုင်စွမ်း (Media viability) ဆိုင်ရာ ကဏ္ဍရပ်များကိုလည်း ပံ့ပိုးကူညီလျက်ရှိသည်။

**စံနှုန်းများချမှတ်ပေး**

DW Akademie သည် ဂျာမနီနိုင်ငံ၏ ရှေ့ပြေး ဦးဆောင်နေသော မီဒီယာဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့အစည်းတစ်ခုဖြစ်ပြီး မိတ်ဖက်အဖွဲ့အစည်းများနှင့်အတူ လွတ်လပ်သော မီဒီယာစနစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ သတင်းအချက်အလက်များ ရရှိခွင့်ကို တိုးတက်စေရေးနှင့် အမှီအခိုကင်းသော စာနယ်ဇင်းအတတ်ပညာအတွက် စံနှုန်းများချမှတ်ပေးခြင်း စသည်တို့အတွက် ရှေ့ပြေးဦးဆောင်သည့် အခန်းကဏ္ဍတစ်ရပ်မှ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် မီဒီယာအဖွဲ့အစည်းများ၊ မီဒီယာဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေသော နိုင်ငံတကာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးအောင်လှထွန်း မုံရွာမြို့ရှိ ကိုယ်ပွားသတင်းစာတိုက်နှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံတို့ကို ကြည့်ရှုစစ်ဆေး




**နေပြည်တော် ဩဂုတ် ၁၇**
ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းသည် ယနေ့ မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ ကိုယ်ပွားသတင်းစာတိုက် (မုံရွာ)(**ယာပုံ**)နှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ကိုယ်ပွားသတင်းစာတိုက် (မုံရွာ)ရှိ သတင်းစာပုံနှိပ်ထုတ်ဝေနေမှု အခြေအနေနှင့် ကိုယ်ပွားသတင်းစာတိုက် ဝန်ထမ်းအိမ်ရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ဆက်လက်၍ မုံရွာမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံသို့ ရောက်ရှိရာ စက်ရုံမှူး ဦးတင်စိုးက စက်ရုံ၏ထုတ်လွှင့်ပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များကို မှာကြားခဲ့သည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ဆော်ဒီအာရေဗျနိုင်ငံတွင် မြန်မာနိုင်ငံသို့ ပြန်ရန်အခက်အခဲဖြစ်နေသည့် မြန်မာအလုပ်သမားများအား ပြန်လည်ခေါ်ဆောင်နိုင်ခဲ့

**နေပြည်တော် ဩဂုတ် ၁၇**
ဆော်ဒီအာရေဗျနိုင်ငံတွင် အလုပ်ခွင်မှ ထွက်ပြေးသည့်အတွက် အလုပ်ရှင်က ထွက်ခွာခွင့်ဗီဇာ (Final Exist Visa) ထုတ်မပေးရန် တားမြစ်ထားခြင်းကြောင့် မြန်မာနိုင်ငံသို့ ပြန်ရန်အခက်အခဲများ ကြုံတွေ့လျက်ရှိသည့် မြန်မာအလုပ်သမား ၁၄ ဦးသည် ယနေ့ညနေပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိကြသည်။

၎င်းတို့ပြန်လည်ရောက်ရှိနိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန၊ မြန်မာသံရုံး၊ ရီယာဒ်မြို့ပြည်ထဲရေးဝန်ကြီးဌာနနှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့အနေဖြင့် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM) နှင့် ဆော်ဒီအာရေဗျနိုင်ငံမှ ၎င်းတို့၏ အလုပ်ရှင်၊ သက်ဆိုင်ရာအာဏာပိုင်များနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

မြန်မာအလုပ်သမား ၂၆ ဦးသည် ဆော်ဒီအာရေဗျနိုင်ငံ၊ Dar AI Samara Est for General Contracting တွင် ခြောက်နှစ်အလုပ်လုပ်ကိုင်ရန် သဘောတူစာချုပ်ချုပ်ဆို၍ မြန်မာအေဂျင်စီများ၏ စီစဉ်မှုဖြင့် ၂၀၁၀ ခုနှစ် ဒီဇင်ဘာလတွင် ဆော်ဒီအာရေဗျနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်ခဲ့သည်။ အဆိုပါ ၂၆ ဦးအနက် တစ်ဦးသည် စာချုပ်ပြည့်သည်အထိ လုပ်ကိုင်ခဲ့ပြီး မိမိအစီအစဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ကာ ကျန် ၂၅ ဦးမှာ လစာများမရရှိခြင်း၊ ခြိမ်းခြောက်ခံရခြင်း၊နေထိုင်စားသောက်မှု အဆင်မပြေခြင်းတို့ကြောင့် အလုပ်မှစွန့်ခွာထွက်ပြေးခဲ့ကြခြင်း ဖြစ်သည်။ ကျန်ရှိသည့် အလုပ်သမား ၂၅ ဦးအနက် ၁၁ ဦးသည် ၎င်းတို့အစီအစဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိနိုင်ရေးအတွက် မြန်မာသံရုံး၊ ရီယာဒ်မြို့မှ ဆော်ဒီအာရေဗျနိုင်ငံရှိ သက်ဆိုင်ရာအာဏာပိုင်များနှင့် ညှိနှိုင်း၍ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

မြန်မာအလုပ်သမားများသည် အလုပ်မှ စွန့်ခွာထွက်ပြေးသဖြင့် ဆော်ဒီအာရေဗျနိုင်ငံ၏ အလုပ်သမားဥပဒေအရ အလုပ်ရှင်မှသာ ထွက်ခွာခွင့်ဗီဇာ (Final Exist Visa) ကို လျှောက်ထားပေးနိုင်သည်ဖြစ်ရာ မြန်မာသံရုံး၊ ရီယာဒ်မြို့အနေဖြင့် နိုင်ငံခြားရေး ဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ဆော်ဒီအာရေဗျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဂျက်ဒါမြို့ရှိ လူဝင်မှုကြီးကြပ်ရေးဌာန၊ ရီယာဒ်မြို့ရှိ နိုင်ငံကူးလက်မှတ်ဌာနတို့နှင့် လည်းကောင်း နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာနမှ မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျ သံအမတ်ကြီးအား ခေါ်ယူတွေ့ဆုံ၍ လည်းကောင်း ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ကျန်ရှိနေသည့် ၁၄ ဦးအတွက် ထွက်ခွာခွင့်ဗီဇာ (Final Exist Visa) ရရှိရေး၊ ၎င်းတို့မှ ပေးဆောင်ရမည့် အလုပ်သမားခွန်၊ နှစ်စဉ်ကြေး၊ ဗီဇာကြေး၊ ဒဏ်ကြေးစသည်တို့ ကင်းလွတ်ခွင့်ရရှိရေးတို့အတွက် ဆောင်ရွက်နိုင်ခဲ့သည်။

ထို့ပြင် ၎င်းတို့၏ အပြန်လေယာဉ်စရိတ်အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ညှိနှိုင်းပေးမှုဖြင့် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း(IOM)မှ ကူညီထောက်ပံ့ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## စစ်တောင်း၊ သံလွင်နှင့် ဝေါ်မြစ်တို့၏ မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၁၇**
ယနေ့ မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း တစ်ပေခန့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**သံလွင်မြစ်ရေ စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် လေးပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်ငါးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ဝေါ်မြစ်စိုးရိမ်ရေမှတ်များ၌ တည်ရှိနေမှုအခြေအနေ**

ဝေါ်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် သုံးလက်မခန့်နှင့် သာပေါင်းမြို့တွင် ပေဝက်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး ငါးသိုင်းချောင်းမြို့တွင် နောက်နှစ်ရက်အတွင်းနှင့် သာပေါင်းမြို့တွင် နောက်သုံးရက်အတွင်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မဒေါက်မြို့၊ ငါးသိုင်းချောင်းမြို့၊ ဘားအံမြို့နယ်၊ သာပေါင်းမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# မြန်မာရေလုပ်သားများ ထိုင်းနိုင်ငံသို့ MoU စနစ်ဖြင့် စေလွှတ်ရေးဆွေးနွေး




ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာနမှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သည့်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်။

**ရန်ကုန် ဩဂုတ် ၁၇**

ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာနမှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့ Chatrium Hotel ၌ ယနေ့နံနက်ပိုင်းတွင် တွေ့ဆုံဆွေးနွေးသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ဇူလိုင် ၁၆ ရက်မှ ၁၇ ရက်အထိ ထိုင်းနိုင်ငံတွင် ကျင်းပခဲ့သည့် နှစ်နိုင်ငံ အလုပ်သမားရေးရာ ကျွမ်းကျင်သူများ ညှိနှိုင်းအစည်းအဝေး၏ သဘောတူညီချက်များကို ဆက်လက်အကောင်အထည်ဖော်ရေး၊ ထိုင်းနိုင်ငံသို့ MoU စနစ်ဖြင့် မြန်မာရေလုပ်သားများ စေလွှတ်နိုင်ရန်ဆောင်ရွက်မည့် လုပ်ငန်းစဉ်၊ ရာသီလုပ်သားနှင့်အိမ်တွင်းအထောက်အကူအလုပ်သမားများကို ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးရေး၊ မြန်မာအလုပ်သမားများ ထည့်ဝင်ခဲ့သည့် လူမှုဖူလုံရေး ရန်ပုံငွေများကို အလုပ်သမားစောင့်ရှောက်ရေးဂေဟာ (သို့မဟုတ်) မြန်မာနိုင်ငံရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်းများသို့ အသုံးပြုခွင့်ပြုရေး၊ မိမိတို့ အလုပ်သမားများအပေါ် ကြွေးမြီဖြင့် ချည်နှောင်ခြင်းမပြုရေး၊ သတ်မှတ်ထားသည့် အခကြေးငွေနှင့်အညီ ခံစားခွင့်ပြုရေး၊ လုပ်ခလစာအပေါ် တရားနည်းလမ်းမကျသည့် ဖြတ်တောက်မှုမပြုရေး၊ အထောက်အထား စာရွက်စာတမ်းများ အလုပ်ရှင်မှ သိမ်းဆည်းမထားရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ အလေးထားဆောင်ရွက်ပေးရေး၊ လိုအပ်သည့် ကျွမ်းကျင်မှုသင်တန်းများပေးရေး၊ မြန်မာနိုင်ငံသို့ နိုင်ငံကူးလက်မှတ် သက်တမ်းကုန်ဆုံး၍ ပြန်လာမည့် မြန်မာအလုပ်သမားများကို အလုပ်ရှင်နှင့် သက်ဆိုင်ရာအဖွဲ့အစည်းများမှ ကောင်းမွန်စွာ လုပ်ဆောင်ခဲ့ကြောင်း အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရေးကိစ္စရပ်များ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

◆ *ကျောဖုံးမှ*

ယင်းမြစ်ကမ်းပြိုကျလျက်ရှိသည့်နေရာနှင့် နီးစပ်လျက်ရှိသည့် လူနေအိမ် ၄၈ လုံး၊ အိမ်ထောင်စု ၄၈ စု၊ လူဦးရေ ၂၀၃ ဦးနှင့် ဓမ္မာရုံတစ်လုံးတို့အား ကြိုတင်ဖျက်သိမ်း ပြောင်းရွှေ့ပေးခဲ့ပြီး လူနှင့်တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိခြင်းမရှိကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

ညောင်တုန်းမြို့နယ်တွင် ကွင်းရေမြင့်တက်မှုကြောင့် ဩဂုတ် ၇ ရက်မှ ၁၆ ရက်အထိ စာသင်ကျောင်းပေါင်း ၁၄ ကျောင်းကို ယာယီပိတ်ထားခဲ့ရပြီး ယနေ့ ဩဂုတ် ၁၇ ရက်တွင် အောက်ဆယ်ကျေးရွာရှိ အမက(ခွဲ) (အောက်ဆယ်) စာသင်ကျောင်း တစ်ကျောင်းကို ထပ်မံပိတ်ထားလျက်ရှိရာ စာသင်ကျောင်း စုစုပေါင်း ၁၅ ကျောင်းကို ယာယီပိတ်ထားရကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**ဝဋ္ဋာနိုင်(ညောင်တုန်း)**

## မြန်မာ - ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံညှိနှိုင်း၍ ရေမိုင်လှည့်ကင်းဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၇**

မောင်တောမြို့ နယ်မြေ(၃)၊ အမှတ်(၁)နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ ကျီးကျွန်းကင်းစခန်းမှ ရဲအုပ်နိုင်လင်း ဦးစီးသည့် တပ်ဖွဲ့ဝင်ခြောက်ဦးသည် ဩဂုတ် ၁၆ ရက် နံနက် ၁၀ နာရီမိနစ် ၂၀ က ရေယာဉ်တပ်ဖွဲ့စု(မောင်တော)မှ အမြန်သွားတိုက်ခိုက်ရေးရေယာဉ်နှစ်စင်းဖြင့် လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၂)နယ်ခြားစောင့်တပ်မှ Subedar Md. Adul Jalil ဦးစီး ၁၂ ဦးသည် စက်တပ်ရေယာဉ်နှစ်စင်းဖြင့် ရေတွင်းပြင်ချောင်းဝအနီး နတ်မြစ်အလယ် နှစ်နိုင်ငံနယ်နိမိတ်အနီး ဆုံရပ် ရေမိုင် ၁၅ ၌ တွေ့ဆုံ၍ နတ်မြစ်ကြောင်းအတိုင်း ညှိနှိုင်းကင်းလှည့်ခဲ့ရာ နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် သဲချောင်း ချောင်းဝအနီး ရေမိုင် ၁၈ သို့ ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။

**ကိုရဲ**



*စာမျက်နှာ ၅ မှ*

**အစီအစဉ်မှူး။** ။ တောင်သူလယ်သမားတွေရဲ့အကျိုးကို ကာကွယ်စောင့်ရှောက်ပေးဖို့အတွက် စားသုံးသူရေးရာဦးစီးဌာနက ဘယ်လိုဆောင်ရွက်မှုမျိုးတွေ လုပ်ဆောင်နေပါသလဲဆိုတာနဲ့ ပြည်တွင်းကုန်သွယ်မှုတိုးတက်ရေးအတွက်ရော ဘယ်လိုလုပ်ငန်းတွေ လုပ်ဆောင်နေသလဲဆိုတာကိုလည်း သိချင်ပါတယ်ခင်ဗျာ။

**ညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင်။** ။ ၂၀၁၃ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့တဲ့ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေမှာ ပြဋ္ဌာန်းထားချက်အရ ကျွန်တော်တို့ရဲ့ဝန်ကြီးဌာနကနေ လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေးအဖွဲ့ကို တာဝန်ယူပြီး ဆောင်ရွက်နေပါတယ်။ ဒီအဖွဲ့ကနေ တောင်သူတွေထုတ်လုပ်တဲ့ သီးနှံတွေရဲ့ ဈေးကွက်အလားအလာ၊ သီးနှံဈေးနှုန်းဖြစ်ပေါ်နိုင်မယ့် အခြေအနေ၊ ပြည်ပဝယ်လိုအား စတာတွေကို သုံးသပ်ပြီး သတင်းဖြန့်ဝေပေးပါတယ်။ ဒါ့အပြင် တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် မြို့ကြီးတွေအလိုက် ဖြစ်ပေါ်နေတဲ့ လယ်ယာထွက်ကုန်သီးနှံတွေရဲ့ ဈေးနှုန်းကို နေ့စဉ်ကောက်ယူပြီးတော့ ဂျာနယ်တွေ၊ သတင်းစာတွေ၊ ရုပ်သံလိုင်းတွေနဲ့ ရေဒီယိုတွေကနေ တောင်သူတွေ ဗဟုသုတရအောင် အသိပညာပေးခြင်းတွေကို စဉ်ဆက်မပြတ်ဆောင်ရွက်နေပါတယ်။

### တောင်သူတွေအတွက် ဈေးကွက်အခြေအနေ၊ သီးနှံအခြေအနေအသိပညာပေး

**ကျွန်တော်တို့ စားသုံးသူရေးရာဦးစီးဌာနက တိုင်းဒေသကြီးနဲ့ ပြည်နယ်အားလုံးမှာ အဆင့်ဆင့်ရုံးခွဲတွေ ဖွင့်လှစ်ထားပါတယ်။ ဝန်ထမ်းတွေဟာ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းတွေကို ကျေးလက်အထိ ကွင်းဆင်းလုပ်ဆောင်ပေးနေသလို တောင်သူတွေအတွက် ဈေးကွက်အခြေအနေတွေ၊ သီးနှံအခြေအနေနဲ့ ဘယ်မြို့တွေမှာ ဘယ်ဈေးနှုန်းတွေ ဖြစ်ပေါ်နေသလဲဆိုတာကို အသိပညာပေးလျက်ရှိပါတယ်။**

ပြည်တွင်းကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာကတော့ အဓိကအားဖြင့် ပုဂ္ဂလိကကဏ္ဍကို အားပေးမြှင့်တင်ပြီး ဆောင်ရွက်တဲ့နည်းလမ်းတွေရှိပါတယ်။ လုပ်ငန်းကဏ္ဍအလိုက် ကုန်သည်အဖွဲ့တွေ၊ အစုအဖွဲ့တွေ တည်ထောင်တာ၊ ကုန်စည်ဒိုင်တွေ၊ သီးနှံဇုန်တွေ တည်ထောင်တာ စတာတွေကို အရောင်းအဝယ် ဖွံ့ဖြိုးမယ့်နေရာတွေမှာ တည်ထောင်ထားရှိတာမျိုးတွေကိုလည်း ဆောင်ရွက်နေပါတယ်။ ဆက်လက်ပြီးတော့လည်း အသင်းအဖွဲ့တွေ ခိုင်မာတောင့်တင်းလာအောင် လုပ်ဆောင်ပေးသွားမှာပါ။

အခုဆွေးနွေးတဲ့သူတွေထဲမှာပါဝင်တဲ့ ဦးအောင်နိုင်ဦးတို့လို ကျွဲ၊ နွားတင်ပို့ရေးကဏ္ဍမှာလည်း ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ကျွဲ၊ နွား မွေးမြူရေးဇုန်တွေ ဖွဲ့စည်းနေတာရှိပါတယ်။ မွေးမြူရေးအသင်းအဖွဲ့တွေကိုလည်း ဖွဲ့စည်းထားရှိပြီး အသင်းတွေကနေလည်း ပြည်တွင်း ပြည်ပကုန်သွယ်မှုကို အထောက်အကူဖြစ်စေမှာပါ။ ကုန်စည်စီးဆင်းမှုနဲ့ ထုတ်လုပ်တဲ့ လုပ်ငန်းစဉ်တစ်လျှောက် တောင်သူလယ်သမားကနေ တင်ပို့ချိန်၊ ရောင်းချပြီးချိန်အထိ လေ့လာသုံးသပ်ဆောင်ရွက်ပေးနေပါတယ်။ ပြည်တွင်းကုန်သွယ်မှုဆိုတာ အင်မတန် ကျယ်ပြန့်ပါတယ်။ အားလုံးစုပေါင်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှသာ တိုင်းပြည်ရဲ့စီးပွားရေးလည်း ဖွံ့ဖြိုးမှုအရှိန်မြင့်လာမှာပါ။

**အစီအစဉ်မှူး။** ။ ပုဂ္ဂလိကကဏ္ဍဟာ မြန်မာနိုင်ငံရဲ့စီးပွားရေးမှာ ဘယ်လောက်အထိ အရေးပါပါသလဲခင်ဗျ။ ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံတော်ကရော ဘယ်လိုတွေ ဆောင်ရွက်ပေးနေသလဲဆိုတာနဲ့ ပတ်သက်ပြီး သိချင်ပါတယ်။

**အမြဲတမ်းအတွင်းဝန်။ ။ ပုဂ္ဂလိကကဏ္ဍဟာ မြန်မာ့စီးပွားရေးမှာ ၉၀ ရာခိုင်နှုန်း ပါဝင်ပတ်သက်နေပါတယ်။ နိုင်ငံ့စီးပွားရေးတိုးတက်ဖို့ အတွက်ဆိုရင် ပုဂ္ဂလိကကဏ္ဍတွေ ဖွံ့ဖြိုးတိုးတက်မှသာ ဖြစ်မှာပါ။ တိုးတက်ဖို့ဆိုတဲ့နေရာမှာလည်း သူတို့လုပ်ကိုင်နေတဲ့ စီးပွားရေးတွေ အဆင်ပြေတိုးတက်မှသာ ရမှာပါ။**

ဒါကြောင့် ၂၀၁၆ခုနှစ် အောက်တိုဘာလကတည်းကစတင်ပြီးတော့ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီဆိုပြီးတော့ နိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေက ဥက္ကဋ္ဌအဖြစ်တာဝန်ယူပြီး ကျွန်တော်တို့ဝန်ကြီးဌာနက အဓိကတာဝန်တွေယူဆောင်ရွက်နေပါတယ်။ လုပ်ငန်းစဉ်အနေနဲ့ လုပ်ငန်းကော်မတီ ငါးရပ်ကို ဖွဲ့စည်းထားပါတယ်။

အချို့က ဥပဒေ၊ လုပ်ထုံးလုပ်နည်း ပြင်ဆင်ဖို့ကိစ္စရပ်တွေကို ဆောင်ရွက်ပါတယ်။ အချို့ကိစ္စတွေကျတော့လည်း ပူးပေါင်းညှိနှိုင်းပြီး ဌာနတစ်ခုနဲ့တစ်ခု ချိတ်ဆက်ဆောင်ရွက်ကြတာရှိပါတယ်။ အချို့ကော်မတီတွေမှာတော့ ဒုတိယဝန်ကြီးအဆင့်တွေ ပါဝင်ဖွဲ့စည်းပြီး ဌာနတစ်ခုနဲ့တစ်ခု ပေါင်းစပ်ဆောင်ရွက်ကြရတာဖြစ်ပါတယ်။ ကုန်သည်လုပ်ငန်းရှင်တွေရဲ့ အခက်အခဲကို တင်ပြနိုင်ဖို့အတွက် မြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် UMFCCI မှာ တွေ့ဆုံပွဲတွေကို တစ်လတစ်ကြိမ် ကျင်းပပေးပါတယ်။

### ပုဂ္ဂလိကလုပ်ငန်းကဏ္ဍညှိနှိုင်းဖြေရှင်းပေး

ပုဂ္ဂလိကလုပ်ငန်းကဏ္ဍမှာလည်း အခက်အခဲတွေအများကြီး ရှိကြတယ်ပေါ့လေ။ ဒါတွေကို တစ်ပြိုင်နက်ပြောဆိုဖို့ကိစ္စမှာ အချိန်မပေးနိုင်တာတွေလည်း ရှိတယ်ပေါ့။ တစ်ခါတွေ့ဆုံရင် စီးပွားရေးအဖွဲ့အစည်း ငါးခုလောက်စုပြီး တွေ့ကြတာမျိုးရှိပါတယ်။ ဝန်ကြီးအဆင့် တက်ရောက်ပြီး ညှိနှိုင်းဖြေရှင်းပေးနေတာရှိပါတယ်။ အချို့ကိစ္စရပ်တွေမှာတော့ ချက်ချင်းညှိနှိုင်းဖို့ အခက်အခဲတွေရှိတယ်။ လက်ရှိမှာတွေ့ဆုံတာ ၁၈ ကြိမ်ရှိသွားပါပြီ။ တင်ပြချက်ကတော့ ၂၆၀ ကျော်လောက်ရှိပါတယ်။ ကျွန်တော်တို့ဘက်က ချက်ချင်းဆောင်ရွက်ပေးနိုင်တာကို ချက်ချင်းလုပ်ပေးပါတယ်။

ဥပမာအားဖြင့် ထောက်ခံချက်ကိစ္စတွေဆိုရင် ဝန်ကြီးဌာနတွေနဲ့ ချိတ်ဆက်ရတဲ့အခါ ဌာနတစ်ခုနဲ့တစ်ခု လုပ်ဆောင်ချက်တွေ မတူညီတာရှိသလို ဥပဒေတွေ၊ နည်းဥပဒေတွေနဲ့ လုပ်ထုံးလုပ်နည်းတွေလည်း ကွာခြားတာရှိတော့ လုပ်ငန်းရှင်တွေ အခက်အခဲအများကြီးရှိတယ်။ အဲဒီလိုအခက်အခဲတွေကြုံလာတဲ့အခါ သက်ဆိုင်ရာဌာနတွေရဲ့ တာဝန်ရှိသူတွေ၊ ပညာရှင်တွေကို ဖိတ်ကြားပြီး ဘယ်လိုလုပ်ကိုင်မလဲဆိုတာ ပေါင်းစပ်ညှိနှိုင်းပေးရပါတယ်။

လုပ်ငန်းရှင်တွေဟာ သူတို့လုပ်ချင်တဲ့ ကိစ္စရပ်တွေ၊ အလားအလာကောင်းတဲ့ကိစ္စတွေကို တင်ပြပေးတဲ့အတွက် လုပ်ငန်းဖော်ဆောင်ပေးတာတွေလည်း ရှိပါတယ်။ မပြီးပြတ်သေးတဲ့ လုပ်ငန်းတွေကိုတင်ပြတဲ့ လုပ်ငန်းအဖွဲ့အစည်း၊ အသင်းအဖွဲ့အလိုက်၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက်၊ နယ်စပ်ကုန်သွယ်ရေးအသင်းအလိုက် တင်ပြကြတဲ့အပေါ် မိမိတင်ပြတဲ့အချက်တွေကို ကျေနပ်မှုမရှိရင် ပုဂ္ဂလိကလုပ်ငန်းရှင်နဲ့ ဌာနဆိုင်ရာတွေ တွေ့ဆုံဆွေးနွေးတဲ့အဆင့်ကို ဆက်ပြီးသွားပါတယ်။

အချင်းချင်း ပွင့်လင်းစွာဆွေးနွေးကြတယ်။ ဒါကိုတော့ Private Public Dialogue (PPD) လို့ခေါ်ပါတယ်။ ဒုတိယဝန်ကြီးအဆင့်၊ ညွှန်ကြားရေးမှူးချုပ်အဆင့်မျိုးတွေကဦးစီးပြီး ကုန်သည်လုပ်ငန်းရှင်တွေက ပွင့်လင်းစွာဆွေးနွေး၊ အစိုးရဘက်ကလည်း ဖြေလျှော့ပေးတာ ရှိပါတယ်။ ဒီအခြေအနေမှာ အောင်မြင်ပြီးပြတ်တာရှိသလို ကျန်ရှိတာတွေ၊ မပြီးပြတ်တာတွေနဲ့ ဥပဒေတွေ၊ လုပ်ထုံးလုပ်နည်းတွေ၊ ညွှန်ကြားချက်တွေ ပြင်ဆင်ရမှာတွေရှိပါတယ်။ ဒါတွေဆက်လက်ဆောင်ရွက်ခြင်းကလည်း ပုဂ္ဂလိကဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ချက်တွေ ဖြစ်ပါတယ်။

### စီးပွားရေးဖွံ့ဖြိုးဖို့ ပြင်ဆင်ရမှာတွေရှိ

ကျွန်တော်တို့နိုင်ငံဟာ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် အရှိန်အဟုန်ယူနေတဲ့အချိန်ဖြစ်ပါတယ်။ ရှိနေတဲ့ ဥပဒေတွေ၊ လုပ်ထုံးလုပ်နည်းတွေ၊ ညွှန်ကြားချက်တွေဟာ လက်ရှိ Market Economy ဈေးကွက်စီးပွားရေးစနစ်၊ အခြားနိုင်ငံတွေရဲ့စနစ်၊ နိုင်ငံတကာစနစ်တွေနဲ့ အကုန်လုံးလိုက်လျောညီထွေဖြစ်တယ်လို့ မဆိုနိုင်ပါဘူး။ အင်္ဂလိပ်ခေတ်ကဥပဒေတွေ အခုထိအသက်ဝင်တာတွေရှိသလို ဒီဘက်ခေတ်မှာလည်း ဆိုရှယ်လစ်စနစ်တုန်းက ပြဋ္ဌာန်းထားတာတွေ ရှိနေတယ်။ ဒီအပေါ်မှာ ပြင်ဆင်ရမှာတွေအများကြီးကျန်နေပါသေးတယ်။

ဒါကိုအခြေခံပြီး ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဝန်ကြီးဌာနက တာဝန်ခံဝန်ကြီးဌာနအဖြစ် ဆောင်ရွက်နေသလို နောက်တစ်ချက်က စီးပွားရေးလုပ်ငန်းလုပ်ကိုင်တဲ့အခါ ကမ္ဘာ့ဘဏ်က နှစ်စဉ် Indicator တွေ တိုင်းပါတယ်။ Ease of Doing Business ပေါ့နော်။ စီးပွားရေးလုပ်ငန်း လုပ်ကိုင်တဲ့အခါ ဘယ်လောက်အထိလွယ်ကူသလဲဆိုတာကို တိုင်းတာတဲ့အခါ ၂၀၁၃-၁၄ လောက်ကစပြီး လုပ်စဉ်က ၁၈၂ အဆင့်သာရှိခဲ့ပါတယ်။ အခုကတော့ ၁၇၁ ကို ရောက်ရှိလာပြီဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ရည်မှန်းချက်က ၁ ကနေ ၁၀၀ အတွင်း ဝင်ရောက်နိုင်အောင် ရည်ရွယ်ထားပါတယ်။

ကျွန်တော်တို့ ဝန်ကြီးဌာနဆိုရင် ကုန်သွယ်ရေးလုပ်ငန်းဆောင်ရွက်ပေးတဲ့အခါ ပို့ကုန်တစ်ခုပို့မယ်ဆိုရင် ငွေဘယ်လောက်ကုန်သလဲ၊ အချိန်ဘယ်လောက်ကုန်သလဲ၊ အဆင့်ဘယ်လောက်ဖြတ်သန်းရသလဲ တိုင်းတာတဲ့အခါ ကျွန်တော်တို့က နိုင်ငံတကာနာမည်ရအောင် ယှဉ်ပြိုင်တာထက် ကိုယ့်ဆီကလုပ်ငန်းရှင်တွေ၊ အချိန်ကုန်၊ ငွေကုန်သက်သာအောင် ဌာနဆိုင်ရာတွေဘက်က ကူညီဆောင်ရွက်ပေးရမှာ အများကြီးရှိပါတယ်။

ဒါတွေကို ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလက်အောက်က လုပ်ငန်းကော်မတီတွေနဲ့ ပေါင်းစပ်ဆောင်ရွက်ပေးနေပါတယ်။ ရည်မှန်းချက်ကတော့ အဆင့် ၁၀၀ အတွင်း ဝင်ရောက်နိုင်ဖို့အတွက် လာမယ့်နှစ်နှစ်တာကာလအတွင်း ကြိုးပမ်းမှာဖြစ်ပါတယ်။ ဒီလိုဖြစ်လာအောင် ဌာနဆိုင်ရာနဲ့လုပ်ငန်းရှင်တွေ ပူးပေါင်းကြမယ်ဆိုရင် စီးပွားရေးလုပ်ကိုင်တဲ့အခါ လွယ်ကူတဲ့နိုင်ငံဖြစ်လာပြီး ထိုက်သင့်တဲ့အခြေအနေတစ်ခုကို ရောက်လာမှာပါ။ ဒါမှသာ ပြည်တွင်းလုပ်ငန်းရှင်တွေ အဆင်ပြေသလို နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေလည်း အဆင်ပြေပြီး စီးပွားရေးအခြေအနေကောင်းတွေ ပိုင်ဆိုင်နိုင်မယ်လို့ ပြည်သူတွေသိအောင် ပြောကြားလိုပါတယ် ခင်ဗျာ။

အားလုံးကို ကျေးဇူးတင်ပါတယ်။ ။

# အပြောင်အပြက်၊ အတုအယောင်တွေဘေးက လွတ်စေဖို့

နေဘုန်းလတ်

**သတင်းဆာလောင်နေကြတဲ့ လူသားတွေအတွက် လူမှုကွန်ရက်တွေဟာ သတင်းရှာဖွေစားသုံးရာ နေရာတစ်ခုဖြစ်လာခဲ့ပါတယ်။ တကယ်တမ်းပြောရမယ်ဆိုရင်တော့ လူမှုကွန်ရက်ပေါ်မှာ တွေ့မြင်ရတဲ့အရာတွေဆိုတာဟာ ဘယ်သူဘယ်ဝါဆိုတာကို အတည်ပြုရခက်တဲ့ ရင်းမြစ်တွေကနေ စီးဆင်းလာတဲ့အရာတွေဖြစ်တာကြောင့် ယုံကြည်စိတ်ချရသော သတင်းမီဒီယာတွေနဲ့ မတူညီတာကို နားလည်ထားကြဖို့ လိုပါလိမ့်မယ်။**

**သေချာတာတစ်ခုကတော့ လူမှုကွန်ရက်တွေပေါ်က အချက်အလက်တွေကို သတင်းအဖြစ်နဲ့ စားသုံးချင်တယ်ဆိုရင် စာဖတ်သူအနေနဲ့ စာဖတ်သူအဖြစ်သာမက တည်းဖြတ်သူ (Editor) ဆိုတဲ့ အခန်းကဏ္ဍကိုပါယူပြီး မြင်သမျှ၊ တွေ့သမျှတွေကို ဟုတ်၊ မဟုတ်၊ မှန်၊ မမှန် ဆန်းစစ်တည်းဖြတ်ဖို့ အရေးတကြီးကို လိုအပ်လာပါတယ်။**

## သတင်းအမျိုးအစားများ

လူမှုကွန်ရက်စာမျက်နှာတွေပေါ်မှာ တွေ့နိုင်တဲ့ အချက်အလက် အမျိုးအစားတွေကို ပိုင်းခြားစိတ်ဖြာကြည့်တဲ့အခါ (၁) သတင်းဌာနတွေရဲ့ တရားဝင် စာမျက်နှာတွေကတင်တဲ့ သတင်းတွေ၊ (၂) တရားဝင် စာမျက်နှာက မဟုတ်ဘဲ သတင်းသမားတွေတင်တဲ့ အချက်အလက်တွေ၊ (၃) အချက်အလက် အမှန်အချို့ ပါဝင်နေနိုင်တဲ့ သတင်းမဟုတ်သော တင်ဆက်မှုတွေ၊ (၄) ရည်ရွယ်ချက်ရှိရှိနဲ့ ဖြန့်ဝေတဲ့သတင်းအတုအယောင်တွေ၊ (၅) သရော်ပြီး ရေးထားတဲ့အချက်အလက်တွေနဲ့ (၆) နောက်ပြောင်ရုံသက်သက်ဖြစ်တဲ့ သတင်းတွေဆိုပြီး တွေ့ရပါတယ်။

အခု ဒီဆောင်းပါးမှာ ဆွေးနွေးချင်တဲ့ အကြောင်းအရာကတော့ တမင်တကာ ရည်ရွယ်ချက်ရှိရှိနဲ့ ကောလာဟလဖြန့်တာမျိုး မဟုတ်ဘဲ နောက်ပြောင်ထားတဲ့ သတင်းတွေနဲ့ပတ်သက်ပြီး ခွဲခြားနိုင်ကြဖို့ ဖြစ်ပါတယ်။

## နောက်လို့နောက်မှန်းမသိတဲ့ကိစ္စ

U - 20 ဘောလုံးအသင်းက ကစားသမားတစ်ယောက်ကို မန်ယူက စာချုပ်ချုပ်တော့မယ်ဆိုတဲ့သတင်းကို တစ်ယောက်က နောက်ပြီးတင်လိုက်တာကို နေ့စဉ်ထုတ်သတင်းစာတစ်စောင်က တကယ်မှတ်ပြီး ယူသုံးလိုက်တဲ့ အဖြစ်မျိုးဖြစ်ဖူးပါတယ်။ အဲဒီလို သတင်းမျိုးကို အင်္ဂလိပ်လိုဆိုရင်တော့ Prank လို့ခေါ်ပြီး a trick of an amusing, playful, or sometimes malicious nature လို့ အဓိပ္ပာယ်ဖွင့်ပါတယ်။

အပြောင်အပြက်သဘော နောက်ပြောင်တာမျိုးဖြစ်ပြီး တစ်ခါတစ်ရံမှာ တစ်စုံတစ်ယောက်ကို ထိခိုက်စေလိုတဲ့ သဘောသဘာဝတွေပါနိုင်တယ်ဆိုတဲ့ သဘောပါ။ အင်တာနက်ပေါ်က You Tube မှာ Prank လို့ရိုက်ထည့်ပြီး ရှာကြည့်မယ်ဆိုရင်လည်း နောက်ပြောင်ထားတဲ့ ဗီဒီယိုဖိုင်တွေကို တွေ့မြင်နိုင်ပါတယ်။ အဲဒီလိုပဲ မြန်မာနိုင်ငံသားလက်ဝှေ့သမား အောင်လနဲ့ မေဝယ်သာတို့ ထိုးမယ်ဆိုတဲ့သတင်းနဲ့ နိုင်ငံကျော် ရက်ပ်အဆိုတော် Akon ဗုဒ္ဓဘာသာကို ကူးပြောင်းတယ်ဆိုတဲ့ သတင်းအတုတွေလည်း တက်လာခဲ့ဖူးပါတယ်။

ပြည်တွင်းက နာမည်ကြီးဘုန်းကြီးရဲ့ ပုံကိုယူ Photoshop နဲ့ Akon ရဲ့ ခေါင်းကို ထည့်ပြင်ထားတဲ့ပုံက လက်ရာမြောက်တော့ ယုံသူတွေယုံကြပြီး ပြည်တွင်းဂျာနယ်တစ်ခုကပါ သူ့ဂျာနယ်မှာ ထည့်ဖော်ပြတဲ့အဆင့် ရောက်ခဲ့ပါတယ်။ အဲဒီဘုန်းကြီးရဲ့ ပုံကိုရိုက်ခဲ့တဲ့ ဓာတ်ပုံသတင်းသမားတစ်ယောက်က ပုံအစစ်နဲ့ ပုံအတုယှဉ်ပြပြီး ရှင်းခဲ့ပေမယ့် အဲဒီရှင်းချက်က ဖေ့စ်ဘွတ်စာမျက်နှာပေါ် တက်မလာတဲ့ ဂျာနယ်ဖတ်သူတွေကို လိုက်မရှင်းနိုင်တာ သေချာပါတယ်။

အဲဒီဂျာနယ်ပါပဲ။ အရင်ကလည်း နတ်ပြည်ကိုရှာဖွေတွေ့ရှိခဲ့ပြီဆိုတဲ့ သတင်းတုသတင်းယောင်တစ်ခုကို ယူသုံးခဲ့ပါသေးတယ်။ တစ်ခါက မြန်မာ U- 23 အသင်း ဗီယက်နမ်အသင်းကို နိုင်သွားတာဟာ အောက်လမ်းနည်းတွေသုံးလို့ ဖြစ်တယ်ဆိုတာမျိုး တစ်ဖက်ကပြောတယ်ဆိုတဲ့ သတင်းတစ်ပုဒ်တက်လာပြီး အဲဒီသတင်းကိုလည်း ဂျာနယ်ကယူသုံးထားပြန်တာ တွေ့ရပါတယ်။ ဒါတွေကတော့ အင်တာနက်တွေပေါ်မှာ နောက်ထားတာတွေကို နောက်လို့ နောက်မှန်းမသိတဲ့ ကိစ္စပဲဖြစ်ပါတယ်။

## ကမ္ဘာကျော် Hoax News အချို့

အဲဒီလိုမျိုး အတုအယောင်တွေဖန်တီးတင်ဆက်ပြီး နောက်ပြောင်ရုံသက်သက် ရည်ရွယ်တဲ့ သတင်းမျိုးတွေကို အင်္ဂလိပ်လို Hoax News လို့ခေါ်ပြီး နိုင်ငံတကာ သတင်းလောကမှာလည်း နာမည်ကြီးခဲ့တဲ့ Hoax News တွေရှိခဲ့ဖူးတာကို လေ့လာတွေ့ရှိရပါတယ်။ ၁၈၇၀ ပြည့်နှစ်တုန်းက နယူးယောက်ဟေရယ် (New York Herald) သတင်းစာဟာ ကမ္ဘာပေါ်မှာ လူဖတ်အများဆုံးနဲ့ လွှမ်းမိုးမှုအရှိဆုံး သတင်းစာတွေထဲက တစ်ခုပါ။

**၁၈၇၄ ခုနှစ် နိုဝင်ဘာလ ၉ ရက်နေ့မှာတော့ အဲဒီသတင်းစာရဲ့ ရှေ့ဆုံးစာမျက်နှာမှာ ဗဟိုပန်းခြံတိရစ္ဆာန်ရုံထဲက တိရစ္ဆာန်တွေ လွတ်ကုန်ပြီး မြို့အနှံ့ပျံ့နှံ့ရောက်ရှိနေပြီဆိုတဲ့ အကြောင်းပါလာပါတယ်။ ခြင်္သေ့တစ်ကောင် ဘုရားကျောင်းထဲရောက်နေပြီး ကြံ့တစ်ကောင်လည်း ရေဆိုးမြောင်းထဲပြုတ်ကျနေတဲ့အကြောင်း၊ ရဲတွေနဲ့ လုံခြုံရေးအရာရှိတွေဟာ ရဲရင့်စွာနဲ့ တိရစ္ဆာန်တွေနဲ့ တိုက်ပွဲဆင်နွှဲနေရကြောင်း၊ အခုအချိန်အထိ ၄၉ ယောက်သေဆုံးပြီး နှစ်ရာခန့် ဒဏ်ရာရကြကြောင်း၊ ဒါဟာ တကယ့်ကိုကြောက်စရာကောင်းတဲ့ သွေးမြေကျပွဲတစ်ခုဖြစ်ကြောင်းတွေကို ခမ်းခမ်းနားနား ရေးဖွဲ့ထားပြီး တိရစ္ဆာန်တွေဟာ ဆက်လက်လွတ်မြောက်နေဆဲဖြစ်တယ်လို့ ဆိုပါတယ်။**

အဲဒီသတင်းရဲ့အောက်ဆုံးနားလေးမှာရေးထားတဲ့ စာသားလေးကို ဖတ်မိတဲ့သူအချို့ကလွဲရင် ကျန်တဲ့ ဖတ်မိသူအားလုံးလိုလိုဟာ ကြောက်ရွံ့ထိတ်လန့်ကုန်ကြပါတယ်။ အဲဒီသတင်းဆောင်းပါးရဲ့အောက်မှာ သေးသေးလေး ရေးထားတာက “အထက်မှာရေးထားတဲ့ သတင်းတစ်ပုဒ်လုံးဟာ ထွင်လုံးသက်သက်သာဖြစ်တယ်” ဆိုတဲ့ စာသားလေးပါ။

အဲဒီသတင်းမတိုင်မီ ၁၈၃၅ ခုနှစ်မှာလည်း နက္ခတ္တဗေဒပညာရှင် ဆာဂျွန်ဟာရှယ်ဟာ အဝေးကြည့်မှန်ပြောင်းတစ်ခုကို တီထွင်နိုင်ခဲ့ပြီး လပေါ်မှာ သက်ရှိတွေကို တွေ့ရှိခဲ့ပြီဆိုတဲ့ သတင်းဟာ နယူးယောက်ရဲ့ The Sun သတင်းစာမှာ အခန်းဆက်ပါဝင်လာခဲ့ဖူးပါတယ်။ အဲဒီနှစ်ခုကတော့ ၁၉ ရာစုအတွင်း အကျော်ကြားဆုံး သတင်းတုသတင်းယောင်နှစ်ခုဖြစ်ခဲ့ပြီး နောက်ပိုင်းတွေမှာလည်း အများကြီးထပ်မံပေါ်ပေါက်ခဲ့ပါသေးတယ်။

**ကမ္ဘာကြီးကို နေက ဆွဲယူလောင်ကျွမ်းပစ်တော့မယ်ဆိုတဲ့ သတင်း၊ တရုတ်ပြည်က လမ်းခင်းဖို့အတွက် တရုတ်မဟာတံတိုင်းရဲ့ အစိတ်အပိုင်းအချို့ကို ဖြိုပစ်မယ်ဆိုတဲ့ သတင်း၊ ရုရှားက နိုင်ငံခြားငွေရရှိဖို့အတွက် လီနင်ရဲ့ ရုပ်အလောင်းကို ရောင်းချမယ်ဆိုတဲ့ သတင်း၊ ဟစ်တလာရဲ့ ဒိုင်ယာရီအတု စတာတွေဟာ ထင်ရှားခဲ့ပါတယ်။**

UFO လို့ခေါ်တဲ့ ပန်းကန်ပြားပျံကိစ္စ၊ ဂြိုဟ်သားကိစ္စနဲ့ပတ်သက်တဲ့ အတုအယောင်၊ နောက်ပြောင်တဲ့သတင်းတွေ အမြောက်အမြားရှိခဲ့တာကိုလည်း တွေ့ရပါတယ်။ ၁၉၉၅ ခုနှစ်က New York City သတင်းစာမှာ အဝတ်ဗလာနဲ့ အမွေးရှည်လူထွားကြီး ဝင့်စတက်မြို့မှာ သောင်းကျန်းနေတယ်ဆိုတဲ့ သတင်းမျိုးပါဝင်ခဲ့ပါသေးတယ်။

◆ **Hoax News တွေကို ဂျာနယ်တွေ၊ သတင်းစာတွေက အသုံးပြုကြတယ်ဆိုတဲ့နေရာမှာ သူတို့ကိုယ်တိုင်သေချာမသိဘဲ သုံးလိုက်တာမျိုးရှိသလို၊ တမင်သက်သက် ရည်ရွယ်ချက်ရှိရှိနဲ့ သုံးကြတာတွေလည်း ရှိပါတယ်။**

◆ **ပြောချင်တာကတော့ နောက်ပြောင်တာပဲဖြစ်ဖြစ်၊ ရည်ရွယ်ချက်တစ်ခုခုကြောင့် လုပ်တာပဲဖြစ်ဖြစ် တကယ်မဟုတ်တဲ့ အတုအယောင်သတင်းတွေ အင်တာနက်ပေါ်မှာရော ဂျာနယ်တွေပေါ်မှာပါ ရှိနေတယ်ဆိုတာပါ။**

ကျွန်တော်တို့ဆီမှာ တလောက ခေတ်စားခဲ့တဲ့ ပြည်မြို့က ကတုံးဆိုတာမျိုးနဲ့ ဆင်တူပါတယ်။ Hoax News တွေကို ဂျာနယ်တွေ၊ သတင်းစာတွေက အသုံးပြုကြတယ်ဆိုတဲ့နေရာမှာ သူတို့ကိုယ်တိုင် သေချာမသိဘဲ သုံးလိုက်တာမျိုး ရှိသလို၊ တမင်သက်သက် ရည်ရွယ်ချက်ရှိရှိနဲ့ သုံးကြတာတွေလည်း ရှိပါတယ်။

## ကိုယ်ထိလက်ရောက် နောက်တာမျိုး

ဧပြီလ ၁ ရက်နေ့ April Fool လို့နေ့မျိုးမှာ အရူးလုပ်တဲ့ သတင်းမျိုးတွေကို တမင်တကာ ထည့်သုံးကြတာမျိုးတွေလည်း ရှိခဲ့ဖူးပါတယ်။ Hoax News တွေထဲမှာမှ ထိခိုက်လိုစိတ်မရှိဘဲ နောက်ပြောင်ချင်စိတ်သက်သက်၊ သရော်ချင်စိတ်သက်သက်နဲ့ ရေးထားတဲ့ အပြောင်အပြက်သတင်းအချို့ရဲ့ ထူးခြားချက်က နောက်ထားမှန်းသိအောင် တစ်ခုခုထည့်သွင်းထားတတ်တာပါပဲ။

နတ်ပြည်ကို တွေ့တယ်ဆိုတဲ့ သတင်းမှာတွေ့တဲ့ အာကာသယာဉ်နာမည်က ဖောရှောအင်ထု ၁၀ (Forshor Inhtu 10) လို့ ရေးထားပြီး ပြောရေးဆိုခွင့်ရှိသူဆိုသူက ဒေါက်တာ ဆွဲတလောက် (Dr. Swal Talout) ဆိုတော့ ပြောင်းပြန်လှန်ကြည့်ရင် အဖြေကပေါ်နေပါတယ်။ မြန်မာ U - 23 အသင်း အောက်လမ်းနည်းသုံးတယ်ဆိုတဲ့ သတင်းမှာလည်း ပြောသူက ဒေါက်တာ ငုရင်ငိုးမ (Dr Nguyen Ngoma) လို့ ရေးထားပြီး သတင်းဌာနကျပြန်တော့လည်း ယုံသူ‌ေ-ာက်ရူး နေ့စဉ် (Daily Yonethusoutyuu) လို့ရေးထားပြန်ပါတယ်။ သေချာဖတ်ကြည့်မယ်ဆိုရင် နောက်ထားတဲ့သတင်းမှန်း သိနိုင်ပါတယ်။ နိုင်ငံတကာမှာ စာမျက်နှာတွေပေါ်မှာ မဟုတ်ဘဲ အပြင်မှာပါနောက်ပြောင်ပြီး မီဒီယာတွေမှာဖော်ပြတာမျိုးကို Gag လို့ သုံးပါတယ်။ Just for Laugh - Gags လို့ခေါ်တဲ့ ရယ်စရာအစီအစဉ်တစ်ခုကို အားလုံးသိကြမယ် ထင်ပါတယ်။

## နောက်ထားမှန်းသိအောင်

နောက်တစ်ခု Praticle Joke ဆိုတာကတော့ ကိုယ်ထိလက်ရောက် နောက်တာမျိုးကို ခေါ်တာပါ။ လူတစ်ယောက်ရဲ့အခန်းတံခါးကို စာအုပ်တွေနဲ့ ပိတ်ပစ်တာ၊ ကားကြီးကို စာသင်ခန်းထဲ တွန်းထည့်ထားတာမျိုးတွေပါ။ ပြောချင်တာကတော့ နောက်ပြောင်တာပဲဖြစ်ဖြစ်၊ ရည်ရွယ်ချက်တစ်ခုခုကြောင့် လုပ်တာပဲဖြစ်ဖြစ် တကယ်မဟုတ်တဲ့ အတုအယောင်သတင်းတွေ အင်တာနက်ပေါ်မှာရော ဂျာနယ်တွေပေါ်မှာပါ ရှိနေတယ်ဆိုတာပါ။

ဒါကြောင့် စာဖတ်သူတွေအနေနဲ့ ဘယ်နေရာမှာ ဘာပဲတွေ့တွေ့ ချင့်ချိန်သုံးသပ်ပြီးမှ ယုံကြပြီး အပြောင်အပြက်၊ အတုအယောင်တွေရဲ့ လှည့်စားခံရခြင်းဘေးကနေ လွတ်အောင်ပြေးနိုင်ကြပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။ ။

---

## ရေကြီးနစ်မြုပ်သည့်ကျေးရွာများအတွက် unicef မှ ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်

ညောင်လေးပင် ဩဂုတ် ၁၇

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်အတွင်း ရေဘေးသင့်ခဲ့ကြသောကျေးရွာများရှိ ပြည်သူများအား unicef မှ ပေးပို့ထောက်ပံ့သောပစ္စည်းများ ပြန်လည်ပေးအပ်ခြင်းကို ယနေ့ နံနက်က ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတက်ရေးဦးစီးဌာန၌ ပြုလုပ်ခဲ့သည်။

မြို့နယ်ကျေးလက်ဦးစီးမှူး ဦးသန့်ဇင်မျိုးက ယူနီဆက်မှ ပေးပို့သောထောက်ပံ့ရေးပစ္စည်းများပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးများအား ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်သည်။ ထို့နောက် သန့်ရှင်းသောသောက်သုံးရေ သုံးစွဲတတ်စေရန်အတွက် ပညာပေးလက်ကမ်းစာစောင်များပါ ဖြန့်ဝေပေးခဲ့ကြပြီး ရေဘေးသင့်ကျေးရွာများအထိ သွားရောက်ကာ ရေတွင်းရေကန်များအား ကလိုရင်းဆေးများ ခတ်ပေးခဲ့ကြောင်း သိရသည်။

နေလင်း (ညောင်လေးပင်)

# ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရေးအတွက် ပါဝင်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်



ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏ ရည်မှန်းတောင့်တရာဖြစ်သော ထာဝရငြိမ်းချမ်းရေးဖြစ်သည့် မြတ်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရေးနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ထာဝရငြိမ်းချမ်းရေးရရှိရေးတို့ကို ရည်သန်၍ ပြည်ထောင်စုနယ်မြေ၊ ဒက္ခိဏသီရိမြို့နယ်၊ ရာဇသင်္ဂဟလမ်း၊ ထာဝရငြိမ်းချမ်းရေးစေတီတော် ပရိဝုဏ်အတွင်းတွင် ရွှေပါရမီတောရဆရာတော် ဘဒ္ဒန္တဆန္ဒာဓိက၏ မတည်လှူဒါန်းမှု၊ ၇ ရက်သားသမီး အလှူရှင်များ၏ ပေါင်းစုကောင်းမှုဖြင့် ထာဝရငြိမ်းချမ်းရေး စေတီတော်ကြီးကို တည်ထားလျက်ရှိပါသည်။

ယင်းသို့တည်ထားကိုးကွယ်ရာတွင် ထေရဝါဒသာသနာတော်ဆိုင်ရာ ထုံးတမ်းစဉ်လာ မဟာမင်္ဂလာအခမ်းအနား ၉ မျိုးနှင့်အညီ ဖြစ်စေရေးအတွက် ထာဝရငြိမ်းချမ်းရေးစေတီတော် ဩဝါဒါစရိယဆရာတော်ကြီးများထံ ဩဝါဒခံယူပြီး ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါမဟာမင်္ဂလာ ၉မျိုးအနက် အနန္တရာယိက မြေသန့်မဟာမင်္ဂလာ၊ ရတနာပန္နက်တော်တင် တွင်းတော်ဝန်းမဟာမင်္ဂလာ၊ ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာတို့ကို သာသနာတော်ဆိုင်ရာ ထုံးတမ်းစဉ်လာများနှင့်အညီ ဆောင်ရွက်ခဲ့ပြီးဖြစ်သောကြောင့် ၁၉.၆.၂၀၁၈ရက်နေ့တွင် သတ္တဋ္ဌာနမူလဋ္ဌာပနာတော်သွင်း မဟာမင်္ဂလာကို ကျင်းပမည်ဖြစ်ပြီး အောက်ဖော်ပြပါမဟာမင်္ဂလာ ၅မျိုးကိုလည်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်-

(က) အလယ်ဌာပနာတော်သွင်း မဟာမင်္ဂလာ၊
(ခ) ပန်းလည်တိုင်စိုက်ထူခြင်း မဟာမင်္ဂလာ၊
(ဂ) အထက်ဌာပနာတော်သွင်း မဟာမင်္ဂလာ၊
(ဃ) ရွှေထီးတော်တင် မဟာမင်္ဂလာ၊
(င) မြသပိတ်၊ ရွှေကြာသက်န်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ။

သို့ဖြစ်ပါ၍ ထာဝရငြိမ်းချမ်းရေးဖြစ်သော မြတ်နိဗ္ဗာန်ချမ်းသာကို မျက်မှောက်မျက်မြင် ရရှိနိုင်စေရန်၊ နိုင်ငံတော်ကြီး ထာဝရငြိမ်းချမ်းရေးရရှိစေရန် ရည်သန်လျက် နိုင်ငံသူ နိုင်ငံသားများအနေဖြင့် ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ဆောက်ရေးတွင် သဒ္ဓါတတ်အားနည်းများမဆို ကုသိုလ်ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါနေရာများနှင့် တန်ခိုးကြီးဘုရားများရှိ အလှူခံနေရာများသို့လည်း ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

| စဉ် | အမည်/ရာထူး | နေရာ | ဖုန်းနံပါတ် |
|---|---|---|---|
| (က) | ဦးရဲအောင်နိုင်<br>စီမံဌာနမှူး | ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ရုံး၊<br>ရန်ကုန်တိုင်းဒေသကြီး | ၀၉-၃၃၀၅၂၂၅၈ |
| (ခ) | ဦးထွန်းအောင်ငွေ<br>ရုံးအဖွဲ့မှူး | ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ရုံး၊<br>ရန်ကုန်တိုင်းဒေသကြီး | ၀၉-၇၃၂၄၄၁၄၇<br>၀၁-၃၇၀၀၈၉ |
| (ဂ) | ဦးကျော်နိုင်ထွန်း<br>ရုံးအဖွဲ့မှူး | ဗိုလ်တထောင်စေတီတော်ဂေါပကအဖွဲ့ရုံး၊<br>ရန်ကုန်တိုင်းဒေသကြီး | ၀၉-၂၅၀၀၀၃၁၈၀<br>၀၁-၂၉၂၁၆၉ |
| (ဃ) | ဦးမြင့်အုန်း<br>ရုံးအဖွဲ့မှူး | ကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့ရုံး၊<br>ရန်ကုန်တိုင်းဒေသကြီး | ၀၉-၂၅၀၆၇၇၂၈၉<br>၀၁-၆၆၁၀၀၂ |
| (င) | ဦးမောင်မောင်ဦး<br>အတွင်းရေးမှူး | ဝေဠုဝန်ကျောက်စိမ်းစေတီတော်ဂေါပကအဖွဲ့ရုံး၊ မန္တလေးတိုင်းဒေသကြီး | ၀၉-၇၇၇၀၃၅၄၉၈ |
| (စ) | ဦးချစ်ကိုကို<br>ရုံးအဖွဲ့မှူး | ဝေဠုဝန်ကျောက်စိမ်းစေတီတော်ဂေါပကအဖွဲ့ရုံး၊ မန္တလေးတိုင်းဒေသကြီး | ၀၉-၇၉၇၁၃၁၈၇၃ |
| (ဆ) | ဦးစိုးလင်း<br>ဥက္ကဋ္ဌ | မဟာမုနိဘုရားကြီးဂေါပကအဖွဲ့ရုံး၊<br>မန္တလေးတိုင်းဒေသကြီး | ၀၉-၂၀၀၁၇၆၇ |
| (ဇ) | ဦးသိန်းထွန်း<br>ရုံးအဖွဲ့မှူး | မဟာမုနိဘုရားကြီးဂေါပကအဖွဲ့ရုံး၊<br>မန္တလေးတိုင်းဒေသကြီး | ၀၉-၄၄၄၀၄၄၄၇၅ |
| (ဈ) | ဦးသိန်းထွန်း<br>ဥက္ကဋ္ဌ | မန္တလေးတောင်တော်ဂေါပကအဖွဲ့ရုံး၊<br>မန္တလေးတိုင်းဒေသကြီး | ၀၉-၂၀၁၂၄၀၂ |

# ထူးကဲဒီရေက လပြည့်လကွယ်မှာပဲ တက်ပါတယ်။ တစ်နှစ်ကို တစ်ခါနှစ်ခါလောက်တော့ တက်တယ်

**မြန်မာနိုင်ငံ၏ နေရာအချို့တွင် လတ်တလော ထူးကဲဒီရေမြင့်တက်နေမှုများနှင့်စပ်လျဉ်း၍ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးလှထွန်းနှင့် တွေ့ဆုံမေးမြန်းထားသည်များကို ပြန်လည်ဖော်ပြလိုက်ရပါသည်-**

**မေး ။ အခုလတ်တလောမှာ ထူးကဲဒီရေ မြင့်တက်နေတာတွေ တွေ့ရပါတယ်။ ဒီရေဆိုတာ ဘယ်လိုသဘောသဘာဝ ရှိပါသလဲ။ ဒီရေနဲ့ပတ်သက်ပြီး အများပြည်သူတွေ သိရှိအောင် ပြောပြပေးစေလိုပါတယ်။**

ဖြေ ။ ဒီရေဆိုတာက နှစ်မျိုးနှစ်စား သတ်မှတ်လို့ ရပါတယ်။

ပထမတစ်ခုက ပုံမှန်အတိုင်း လပြည့်လကွယ်နေ့တွေမှာ တက်တတ်တဲ့ ပုံမှန်ဒီရေပါ။ ကျွန်တော်တို့က ဒါကို ဘယ်လိုခေါ်သလဲဆိုရင် astronomical tide လို့ ခေါ်ကြပါတယ်။ နောက်အမျိုးအစားတစ်ခုက မုန်တိုင်းဒီရေဖြစ်ပါတယ်။ မုန်တိုင်းဒီရေဆိုတာက မုန်တိုင်းတွေ ကမ်းကိုဖြတ်တိုက်တဲ့အခါမှာ လေရဲ့ ပင့်တင်အားကြောင့် တက်လာတဲ့ လှိုင်းလုံးတွေကနေ ဖြစ်ပေါ်လာတဲ့ဒီရေကို ဆိုလိုတာပါ။ လက်ရှိ ရန်ကုန်အပါအဝင် ပင်လယ်ကမ်းစပ်နဲ့ နီးတဲ့ဒေသတွေမှာ တက်နေတာက ပုံမှန်ဒီရေဖြစ်ပါတယ်။ ပုံမှန်ဒီရေမှာ တစ်နှစ်ကို နှစ်ခါသုံးခါလောက်တော့ ထူးကဲဒီရေဆိုတာမျိုး တက်တတ်ပါတယ်။ ထူးကဲဒီရေဆိုတာ ပုံမှန်တက်နေတဲ့ ဒီရေထက်ပိုများတဲ့ ဒီရေမြင့်တက်မှုကို ထူးကဲဒီရေလို့ခေါ်ပါတယ်။

ရန်ကုန်မြစ်အတွင်းမှာ ထူးကဲဒီရေတက်နေတယ်။ ဒါနဲ့ပတ်သက်ပြီး မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ထူးကဲဒီရေတက်နိုင်တဲ့အချိန်ကိုကြည့်ပြီး ထုတ်ပြန်ပါတယ်။ ထူးကဲဒီရေဆိုတာမျိုးက လရဲ့ဆွဲအားကြောင့် ပင်လယ်ရေမျက်နှာပြင် မြင့်တက်စေပါတယ်။ ဒါကို ပုံမှန်ဒီရေတက်တယ်လို့ ဆိုပါတယ်။ လပြည့်လကွယ်မှာတက်တဲ့ ဒီရေရှိပါတယ်။ ထူးကဲဒီရေကလည်း ဒီလပြည့်လကွယ်မှာပဲ တက်ပါတယ်။ ပြီးခဲ့တဲ့ရက်တွေကဆိုရင် ရန်ကုန်မြစ်မှာ ထူးကဲဒီရေအဖြစ် ပေ ၂၀ ကျော်၊ ၂၂ ပေ၊ ၂၃ ပေလောက်ထိ တက်ခဲ့ပါတယ်။

ထူးကဲဒီရေတက်တဲ့ နေရာမှာဆိုရင်လည်း သတ်မှတ်ထားတာက ရန်ကုန်အတွက်ဆိုရင် အခြေခံရေစစ်မျဉ်းရှိတာထက် ပိုတယ်၊ ဘယ်လောက်ထိပိုနိုင်သလဲဆိုတော့ ပုံမှန်တက်တဲ့ရေက ၁၀ ပေဆိုရင် အဲဒါထက်ပိုလာရင် ဒါကို ထူးကဲဒီရေလို့ ခေါ်ပါတယ်။ ဒီလိုဒီရေတက်တာမျိုးက များသောအားဖြင့် ပုံမှန်ဒီရေတက်တာလို့ ပြောလို့ရတယ်။ သို့သော် ထူးကဲဒီရေက တစ်နှစ်ကို တစ်ခါနှစ်ခါလောက်တော့ တက်တယ်။ ပုံမှန်ထက်ပိုတဲ့ ရေပြင်မြင့်တက်မှုပါ။ ဒါကိုကျွန်တော်တို့က ဒီရေတက်တယ်လို့ ခေါ်ပါတယ်။

**မေး ။ ဒီရေက ဘယ်လိုအချိန်တွေမှာတက်တာလဲ။ ဘာကြောင့် ဒီရေမြင့်တက်မှုတွေ ဖြစ်ပေါ်ရတာလဲဆိုတာကို ရှင်းပြပေးပါ။**

ဖြေ ။ ဒီရေတက်တဲ့အချိန်တွေက လပြည့်နဲ့လကွယ်မှာ ဖြစ်ပါတယ်။ များသောအားဖြင့် မြန်မာလ ၁၅ ရက် လပြည့် သို့မဟုတ် ၁၅ ရက်လကွယ်မှာ ဖြစ်ပါတယ်။ အဲဒီအချိန်မျိုးတွေမှာ ဒီရေကပိုပြီး တက်တတ်ပါတယ်။ ဒါက ဒီရေတက်ရတဲ့အကြောင်းရင်း၊ တစ်နည်းပြောရရင် လရဲ့ဆွဲအားကြောင့်ဖြစ်တဲ့ ဒီရေ။ အဲဒီတော့ ဘယ်အချိန်မှာ ဖြစ်တတ်သလဲ၊ ဘာကြောင့် ဖြစ်တာလဲဆိုရင် လရဲ့ဆွဲအားကြောင့် ဖြစ်ပါတယ်။ ၁၅ ရက် လပြည့် သို့မဟုတ် ၁၅ ရက်လကွယ် အဲဒီလိုအချိန်မျိုးတွေမှာ ပိုပြီး တက်တတ်ပါတယ်။ လက်ရှိက ဘာကြောင့်ဒီရေတွေ တက်တာများလဲဆိုရင် ရာသီဥတုပြောင်းလဲမှုကြောင့် အပူချိန်တွေ များလာတယ်။ အပူချိန်တွေများတော့ ပင်လယ်ရေမျက်နှာပြင်တွေက မြင့်တက်လာတယ်။ ဘာကြောင့် ပင်လယ်ရေမျက်နှာပြင် မြင့်တက်သလဲဆိုရင် အန္တာတိကတိုက်မှာရှိတဲ့ ရေခဲပြင်တွေ အရည်ပျော်တဲ့အခါမှာ ပင်လယ်ရေမျက်နှာပြင်တွေ မြင့်တက်လာတယ်။ မြင့်တက်လာတဲ့အချိန်မှာ အရင်တုန်းက နည်းနည်းတက်ရင် အခု ပင်လယ်ပြင်မျက်နှာပြင်မြင့်တက်လာတဲ့ အခြေအနေမျိုးတွေ ရှိတဲ့အတွက် ဒီရေတက်မှုကိုပိုပြီး ခံစားရပါတယ်။

ဘယ်လိုနေရာတွေမှာဖြစ်သလဲဆိုတော့ များသောအားဖြင့် ပင်လယ်နဲ့ထိစပ်နေတဲ့နေရာတွေက ဒီရေပိုတက်ပါတယ်။ ဒီရေက အတက်အကျရှိပြီး အမြဲတမ်းတက်မနေပါဘူး။ နေ့နဲ့ည ဒီရေတက်တဲ့နှုန်းကလည်း ကွာပါသေးတယ်။ နောက်တစ်ခါ မုန်တိုင်းကြောင့်တက်တဲ့ မုန်တိုင်းဒီရေကတော့ ရှင်းပါတယ်။ မုန်တိုင်းတွေကမ်းကိုဝင်တဲ့အချိန်မျိုးမှာ မုန်တိုင်းဗဟိုနားမှာရှိတဲ့ လေတိုက်ခတ်နှုန်းနဲ့ သူ့ရဲ့လေထုဖိအား ကျဆင်းမှုနဲ့ပေါင်းပြီး ရေတွေကို ကုန်းပေါ်ဆွဲတင်ပြီး မုန်တိုင်းဖြတ်သန်းရာ ကမ်းစပ်တွေမှာ လေကနေပြီး ပင်လယ်ရေတွေကိုတွန်းတင်လိုက်တဲ့အခါမှာ ဒီရေတက်ပါတယ်။



ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ်တွင် ဩဂုတ် ၁၃ ရက်က ရေကြီးရေလျှံမှုဖြစ်ပွားနေသည်ကို တွေ့ရစဉ် (ဓာတ်ပုံ - ကျော်ဇင်မြိုး)

> "ကမ်းစပ်နဲ့နီးတဲ့ဒေသတွေမှာ တက်နေတာက ပုံမှန်ဒီရေဖြစ်ပါတယ်။ ပုံမှန်ဒီရေမှာ တစ်နှစ်ကို နှစ်ခါသုံးခါလောက်တော့ ထူးကဲဒီရေဆိုတာမျိုး တက်တတ်ပါတယ်။ ထူးကဲဒီရေဆိုတာ ပုံမှန်တက်နေတဲ့ ဒီရေထက်ပိုများတဲ့ ဒီရေမြင့်တက်မှုကို ထူးကဲဒီရေလို့ ခေါ်ပါတယ်"

**မေး ။ အခုလို ပင်လယ်ဒီရေတက်မယ်၊ မတက်ဘူးဆိုတာ ကြိုတင်ခန့်မှန်းလို့ ရပါသလားဆရာ။**

ဖြေ ။ နိုင်ငံတကာမှာ ဒီရေဘယ်အချိန်တက်မယ်၊ ဘယ်အချိန်ကျမယ်ဆိုတာကို များသောအားဖြင့် တွက်တာရှိပါတယ်။ မြန်မာနိုင်ငံမှာဆိုရင် ရှေးလူကြီးတွေပြောကြတာ ရှိပါတယ်။ လပြည့်၊ လကွယ်ဆိုရင် ပုံမှန်ဒီရေက တက်နေကျပါ။ ဒါကို မူတည်ပြီး လူကြီးတွေက ဒီရေတက်နိုင်တဲ့အချိန်ကိုတောင် ခန့်မှန်းကြပါတယ်။ ဒါကမြန်မာ့နည်း မြန်မာ့ဟန် ဖြစ်ပါတယ်။

ကျွန်တော်တို့မှာ ရေတပ်ပင်မတိုင်းတာရေးတပ်ဆိုတာ ရှိပါတယ်။ သူတို့က တစ်နှစ်စာ နေ့အလိုက် ဒီရေတက်နိုင်တဲ့ ဇယားတွေကို ကမ်းစပ်နားတွေမှာရှိတဲ့ မြို့တွေအားလုံးအတွက် ထုတ်ပြန်ပါတယ်။ ကျွန်တော်တို့ဆိုရင်လည်း တစ်နှစ်စာလုံး ဒီရေအတက်အကျကို သိချင်ရင် ရေတပ်ပင်မတိုင်းတာရေးကနေ ထုတ်ပြန်တဲ့ တစ်နှစ်စာအတွက် ခန့်မှန်းထားတဲ့ ဒီရေအတက်အကျဇယားနဲ့ ဒီရေဘယ်အချိန် တက်မလဲဆိုတာကို တွက်ချက်ရပါတယ်။ ကျွန်တော်တို့က မြန်မာ့နည်းမြန်မာ့ဟန်နဲ့ တွက်ကြတာပါ။ များသောအားဖြင့် လပြည့်လကွယ်ကို အခြေခံထားပြီး တွက်တာ များပါတယ်။

**မေး ။ ဒီရေမြင့်တက်မှုနဲ့ ပတ်သက်ပြီးတော့ ကြိုတင်ကာကွယ်မှုအပိုင်းမှာရော ဘယ်လိုကြိုတင်ဆောင်ရွက် ထားသင့်ပါသလဲ။**

ဖြေ ။ ပင်လယ်ကမ်းစပ်တွေမှန်သမျှက ဒီရေက အတက်အကျရှိတယ်။ နည်းတာနဲ့ များတာပဲ ကွာသွားတာပါ။ အခုလို ထူးကဲဒီရေကျတော့လည်း ပုံမှန်တက်တာထက် ပိုများတဲ့အနေအထားဖြစ်ပါတယ်။ ဒီရေတက်တာကို ဘယ်လိုကာကွယ်မလဲဆိုရင် များသောအားဖြင့် ချမ်းသာတဲ့နိုင်ငံတွေမှာ အဓိကနေရာတွေမှာ ဒီရေတွေကို တားဆီးတဲ့ အတားအဆီးတွေကို ပင်လယ်ကမ်းခြေတစ်လျှောက်မှာ တည်ဆောက်ထားပါတယ်။

ဒါကပုံမှန်တက်တဲ့ လပြည့်လကွယ် လရဲ့ဆွဲအားကို အကြောင်းပြုပြီး တက်တဲ့ဒီရေအတွက်သာမက မုန်တိုင်းကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ ဒီရေတက်မှုတွေ၊ ဆူနာမီရေလှိုင်းတွေ ကာကွယ်တဲ့ဟာမျိုးတွေအထိ သူတို့က ကာကွယ်ထားကြပါတယ်။ များသောအားဖြင့် ဒီရေတက်တာကို ကာကွယ်ဖို့ဆိုရင် ပင်လယ်ကမ်းခြေမှာ ဒီရေတားတဲ့ အတားအဆီးတွေ လုပ်ထားမယ်ဆိုရင် ဒီရေတက်မှုကို အထိုက်အလျောက် ကာကွယ်လို့ ရပါတယ်။

**ဟန်လင်းနိုင်**

# အာရှအိုလံပစ်ကောင်စီ အထွေထွေညီလာခံတက်ရောက်ရန် ဒုတိယဝန်ကြီး ဒေါက်တာ မြလေးစိန် အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် ဩဂုတ် ၁၇**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မြလေးစိန် ဦးဆောင်ပြီး အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မိုင်အိုလီယင်းဝှာထောင်လွယ် တို့သည် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ဩဂုတ် ၁၉ ရက်၌ကျင်းပမည့် (၃၇)ကြိမ်မြောက် အာရှအိုလံပစ်ကောင်စီ အထွေထွေညီလာခံ (37th OCA General Assembly)နှင့် (၁၈)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲသို့ တက်ရောက်ကြပြီး မြန်မာအားကစားအုပ်ချုပ်သူအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြသန်းထိုက်နှင့် အုပ်ချုပ်မှုအဖွဲ့ဝင်ရှစ်ဦး၊ ပိုက်ကျော်ခြင်းအားကစားသမား ၂၉ ဦး၊ ဘော်လီဘောအားကစားသမား ၁၅ ဦး၊ ဝူရှူးအားကစားသမား ၁၂ ဦး စုစုပေါင်း ၆၄ ဦးတို့သည် ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားရာ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။ **တင်စိုး(မြန်မာ့အလင်း)**



# မြန်မာအားကစားအဖွဲ့ယှဉ်ပြိုင်မည့် အားကစားနည်းများ ဩဂုတ် ၁၉ ရက် စတင်မည်

**ရန်ကုန် ဩဂုတ် ၁၇**

အာရှအားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့များ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားနည်းအများစုမှာ ဩဂုတ် ၁၉ ရက်တွင် စတင်မည်ဖြစ်ပြီး လှေလှော်၊ ပိုက်ကျော်ခြင်း၊ တိုက်ကွမ်ဒို၊ သေနတ်ပစ်နှင့် ဝူရှူးအားကစားနည်းများတွင် ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာအားကစားအဖွဲ့ယှဉ်ပြိုင်မည့် အားကစားနည်းရှစ်မျိုးအနက် ဘောလုံးပြိုင်ပွဲသာ ဖွင့်ပွဲမတိုင်မီ စတင်ကျင်းပနေခြင်းဖြစ်ပြီး ကျန်အားကစားနည်းများမှာ ဖွင့်ပွဲအပြီး ဩဂုတ် ၁၉ ရက်မှသာ အစောဆုံးစတင်မည် ဖြစ်သည်။ ဩဂုတ် ၁၉ ရက်တွင်ကျင်းပမည့် အားကစားနည်းများအနက် တိုက်ကွမ်ဒိုနှင့် ဝူရှူးအားကစားနည်းများကို ဂျကာတာမြို့တွင် ကျင်းပမည်ဖြစ်ပြီး လှေလှော်၊ ပိုက်ကျော်ခြင်းနှင့် သေနတ်ပစ်အားကစားနည်းများကိုမူ ပလန်ဘမ်မြို့၌ ကျင်းပမည်ဖြစ်သည်။ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် သုံးယောက်တွဲအသင်းလိုက်ပြိုင်ပွဲကို ပထမဆုံးကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အမျိုးသမီးပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်သည်။ မြန်မာအမျိုးသမီးပိုက်ကျော်ခြင်းအသင်းသည် သုံးယောက်တွဲအသင်းလိုက်ပြိုင်ပွဲတွင် ပထမနေ့၌ ပြိုင်ပွဲသုံးမျိုး ယှဉ်ပြိုင်ရမည်ဖြစ်ပြီး နံနက်ပိုင်းတွင် အိမ်ရှင် အင်ဒိုနီးရှား၊ ညနေပိုင်းတွင် ဗီယက်နမ်အသင်းနှင့် ကစားရမည်ဖြစ်သည်။ လှေလှော်ပြိုင်ပွဲတွင် အပြည်ပြည်ဆိုင်ရာ လှေလှော်ပြိုင်ပွဲ စတင်မည်ဖြစ်ပြီး မြန်မာအသင်းသည် ပြိုင်ပွဲသုံးမျိုး၌ ယှဉ်ပြိုင်မည်ဖြစ်သည်။ သေနတ်ပစ်၊ ဝူရှူးနှင့် တိုက်ကွမ်ဒိုပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစားလိုက် ကျင်းပမည်ဖြစ်ပြီး မြန်မာ ဘော်လီဘောအသင်း ယှဉ်ပြိုင်မည့် အုပ်စုပွဲကိုမူ ဩဂုတ် ၂၀ ရက်တွင် ကျင်းပမည်ဖြစ်သည်။

မြန်မာအားကစားအဖွဲ့သည် ယခုနှစ် အာရှအားကစားပြိုင်ပွဲတွင် ဘောလုံး၊ ပိုက်ကျော်ခြင်း၊ ဝူရှူး၊ သေနတ်ပစ်၊ လှေလှော်၊ မြားပစ်၊ ဘော်လီဘောနှင့် တိုက်ကွမ်ဒိုအားကစားနည်းများတွင် ယှဉ်ပြိုင်မည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# ဆယ်စုနှစ်အတွင်း အကောင်းဆုံးရိုးရာလက်ဝှေ့ပွဲကြီး ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၁၇**

တတိယအကြိမ် မြန်မာ့ရိုးရာလက်ဝှေ့ ကမ္ဘာ့ချန်ပီယံပြိုင်ပွဲကြီးကို ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူရိုးရာလက်ဝှေ့ရုံ၌ ဩဂုတ် ၁၉ ရက် မွန်းလွဲ ၂ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါပြိုင်ပွဲတွင် ကြားပွဲတစ်ပွဲမှ မပါဘဲ ထိပ်သီးတွဲဆိုင်း ခုနစ်ဆိုင်းထိုးသတ်မည်ဖြစ်ရာ ၆၅ ကီလိုတန်းတွင် လက်ရှိချန်ပီယံ ထွန်းလွင်မိုး(မြန်မာ)နှင့် မွေထိုင်းချန်ပီယံ ခါရာတီဆာရီတီဒက်ခေါ်မီဘွန်(ထိုင်း)၊ ၇၀ ကီလိုတန်းတွင် ဖျံသွေးနှင့် စောဂေါ်မူဒို၊ ၅၇ ကီလိုတန်းတွင် လက်ရှိချန်ပီယံ ရဲသွေးနီ(မြန်မာ)နှင့် ဂျပန်မွေထိုင်းနှင့် ရိုးရာလက်ဝှေ့ချန်ပီယံ ဟာမာမိုတို ယူတာကက်(ဂျပန်)၊ ၇၃ ကီလိုတန်းတွင် ရွှေရာမာဉ်(မြန်မာ)နှင့် ရိုးရာလက်ဝှေ့ဂျပန်ချန်ပီယံ ခိုဟီတိုခဲရှီ(ဂျပန်)၊ အလွတ်တန်းတွင် မြန်မာကိုယ်စားပြုထိုးသတ်မည့် ဒေဗ့်(ခ) ဒေဝနှင့် မွေထိုင်းကမ္ဘာ့ချန်ပီယံ ဒီဆဲလက်(ထိုင်း)၊ ၈၀ ကီလိုတန်းတွင် မြန်မာချန်ပီယံဟောင်း ထွန်းထွန်းမင်းနှင့် ကွန်ဂိုဂျူဒိုချန်ပီယံနှင့် MMA ကစားသမား ဒါရီလိုကုကု (ကွန်ဂို)၊ ၆၀ ကီလို အမျိုးသမီးပြိုင်ပွဲတွင် ဘရောနီကာ (မြန်မာ)နှင့် ကမ္ဘာ့ကစ်ဘောက်ဆင်ချန်ပီယံ အယ်လီနာ မစ်ချပ်(ဘီလာရုစ်)တို့ ထိုးသတ်ကြမည် ဖြစ်သည်။ ထွန်းထွန်းမင်းနှင့် ဒေဗ့်တို့သည် ယခုပွဲကို ပြိုင်ဘက်များအပေါ် အနိုင်ထိုးထားရန် လိုအပ်သည်။ သို့မှသာ ဒီဇင်ဘာတွင်ကျင်းပမည့် မြန်မာ့ရိုးရာလက်ဝှေ့ မြန်မာပြည်ချန်ပီယံပြိုင်ပွဲတွင် သူတို့ ထိုးသတ်နိုင်မည်ဖြစ်သည်။ ရုံဝင်ကြေး ငွေကျပ် ငါးသောင်း၊ နှစ်သောင်းနှင့် တစ်သောင်းဖြစ်ကြောင်း သိရသည်။ **အေကေလင်း**

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

- ပီအက်စ်ဂျီအသင်းသည် ရှော်လ်ကေးအသင်းမှ အသက် (၂၁နှစ်) အရွယ် နောက်ခံကစားသမား သီလိုခီရာအား ပေါင် ၃၃ သန်းဖြင့် ခေါ်ယူလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။ ဂျာမနီ ယူ-၂၁ အသင်းခေါင်းဆောင်သည် ပီအက်စ်ဂျီအသင်းနှင့်အတူ ငါးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။
- အီတလီကွင်းလယ်ကစားသမား ကလောက်ဒီယို မာချီစီယိုသည် ဂျူဗင်တပ်စ်အသင်းနှင့် ၂၅ နှစ်ကြာ လက်တွဲခဲ့မှုအား အဆုံးသတ်ကာ အသင်းနှင့် လမ်းခွဲလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။
- မန်ချက်စတာယူနိုက်တက်အသင်းသည် ဘာစီလိုနာအသင်းထံသို့ ပြောင်းရွှေ့လိုနေသော အသက် (၂၅နှစ်) အရွယ် ကွင်းလယ်ကစားသမား ပေါလ်ပေါ့ဘာအား ရောင်းထုတ်ရန် ငြင်းဆန်လိုက်ကြောင်း သည်ဆန်း၏ ဖော်ပြချက်အရ သိရသည်။
- ဝေးလ်ကွင်းလယ်ကစားသမား အာရွန် ရမ်ဆေး (၂၇ နှစ်) အား ဘာစီလိုနာ၊ လာဇီယိုနှင့် တရုတ်စူပါလိဂ်တို့က ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း အာဆင်နယ်အသင်းက ၎င်းအား ဆက်လက်ထိန်းထားနိုင်မည်ဟု ယုံကြည်နေကြောင်း မေရာ၏ဖော်ပြချက်အရ သိရသည်။
- မန်ယူအသင်းမှ ဘယ်လ်ဂျီယံတိုက်စစ်ကစားသမား လူကာကူ (၂၅ နှစ်) သည် ၂၀၂၀ ယူရိုချန်ပီယံရှစ်ပြီးလျှင် နိုင်ငံတကာကစားသမားဘဝမှ အနားယူရန်စီစဉ်နေကြောင်း Business Insider နှင့် အင်တာဗျူးတစ်ခုတွင် ပြောကြားလိုက်သည်။ ၎င်းသည် ဘယ်လ်ဂျီယံအသင်းအတွက် သွင်းဂိုး ၄၀ သွင်းယူပေးထားကြောင်း သိရသည်။
- လီဗာပူးဗဟိုခံစစ်ကစားသမား ကလာဗင်သည် စီးရီးအေကလပ် ကက်ကလီယာရီအသင်းသို့ ပေါင် နှစ်သန်းဖြင့် ပြောင်းရွှေ့ကစားရန် နီးစပ်နေပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။ **အောင်ဇော်**

# မိလ္လာကျင်းအတွင်း မူကြိုကလေးငယ်တစ်ဦး ပြုတ်ကျသေဆုံး

**ကျိုင်းတုံ ဩဂုတ် ၁၇**

ကျိုင်းတုံမြို့ အမှတ် (၅)ရပ်ကွက် စိန်မေရီမူလတန်းကြို ကျောင်းဝင်းအတွင်းရှိ မိလ္လာကျင်းအတွင်းသို့ ဩဂုတ် ၁၅ ရက်က အဆိုပါကျောင်း၌ ကျောင်းတက်နေသော အသက် ၂ နှစ် ၈ လအရွယ် ကလေးငယ်တစ်ဦး ပြုတ်ကျသေဆုံးကြောင်း သိရသည်။

ဩဂုတ် ၁၅ ရက် နံနက် ၁၁ နာရီခန့်က မူကြိုကျောင်း၌ ထမင်းစားချိန်တွင် မနန်းရင်ရင်အား မတွေ့၍ လိုက်လံရှာဖွေရာ မိလ္လာကျင်းကို အုပ်ထားသည့် သွပ်ပြားဟောင်းအပေါက်မှ ကလေးလက်ကိုတွေ့၍ ဆယ်ယူရာ သေဆုံးနေပြီဖြစ်ကြောင်း သိရသည်။

ဆရာဝန်စစ်ဆေးချက်အရ ဝမ်းဗိုက်အတွင်း ရေများပြည့်လျက်ရှိကြောင်း၊ ဝဲဘက်နံရိုးတစ်ချောင်း ကျိုးနေကြောင်း၊ ပြုတ်ကျသည့်အရှိန်ကြောင့် ဖြစ်နိုင်ကြောင်း မြို့မရဲစခန်းမှ သိရသည်။ မိလ္လာကျင်းသည် အလျား ၁၂ ပေ၊ အနံ ခုနစ်ပေ၊ အနက် ခြောက်ပေခန့်ရှိပြီး မိလ္လာကျင်းကို ဖုံးအုပ်ထားသည့် သွပ်ပြားဟောင်းမှာ ဆွေးမြည့်လျက်ရှိကြောင်း သိရသည်။

**မောင်မောင်နိုင်(ကျိုင်းတုံ)**



# မှုခင်းအသိပညာပေးယာဉ်ဖြင့် အသိပညာပေး

**သထုံ ဩဂုတ် ၁၇**

မွန်ပြည်နယ်ရဲတပ်ဖွဲ့ အကူတပ်ဖွဲ့ခွဲမှ ရဲအုပ်ကျော်သိန်း ဦးဆောင်သော မှုခင်းအသိပညာပေး ပြခန်းယာဉ်သည် ဩဂုတ် ၁၇ ရက် နံနက် ၉ နာရီခွဲတွင် အထက ကျိုက္ကော်သို့ ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများအား လက်ကမ်းစာစောင်များ ဖြန့်ဝေ ပညာပေးသည်။

ယင်းနောက် ကျိုက္ကော်အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ မူးယစ်ဆေးဝါး ဆိုးကျိုးကို ရဲအုပ်ကျော်သိန်းက လည်းကောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို အမှတ်(၇၈) ယာဉ်ထိန်းတပ်ကြပ်ကြီး မင်းဇော်ဦးက လည်းကောင်း၊ သက်ငယ်မုဒိမ်းကြိုတင်ကာကွယ်ရေးအတွက် သိမ်ဆိပ်နယ်မြေရဲစခန်းမှူး ရဲအုပ် လင်းသူအောင်တို့က လည်းကောင်း ဟောပြောကြကြောင်း သိရသည်။

**၁၃၈**

# အာရှအားကစားပြိုင်ပွဲတွင် မြန်မာ ယူ-၂၃ အသင်း ရှုံးပွဲကြုံတွေ့

**ရန်ကုန် ဩဂုတ် ၁၇**

အာရှအားကစားပြိုင်ပွဲ၏ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု (စ) ဒုတိယနေ့ကို ယနေ့ ညနေပိုင်းက အင်ဒိုနီးရှားနိုင်ငံရှိ ဝိဘာဝါကွင်း၌ ဆက်လက်ကျင်းပရာ မြန်မာ ယူ-၂၃ အသင်းသည် ဆော်ဒီအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

မြန်မာ ယူ-၂၃ အသင်းသည် ဒိုင်လူကြီး၏ အငြင်းပွားဖွယ်ဆုံးဖြတ်ချက်အချို့ကြောင့် ပယ်နယ်တီ နှစ်ကြိမ်ပေးခဲ့ရပြီး ရှုံးပွဲကြုံတွေ့ခဲ့ရသည်။ မြန်မာ ယူ-၂၃ အသင်း နည်းပြချုပ် အန်တွမ်နီဟေး၏ နည်းဗျူဟာနှင့် ပွဲထွက်လူစာရင်းမှာ ယခုပွဲတွင် အမှားများရှိခဲ့သည်။ မြန်မာအသင်းသည် ယခုပွဲဂိုးပြတ်အရှုံးကြောင့် နောက်တစ်ဆင့်တက်ရန် မျှော်လင့်ချက်နည်းသွားခဲ့ရသည်။

မြန်မာ ယူ-၂၃ အသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ပြုလုပ်ခဲ့ပြီး မောင်မောင်စိုးနှင့် ရန်နိုင်ဦးကို အနားပေးကာ ဒွေးကိုကိုချစ်နှင့် ရဲရင့်အောင်ကို ပွဲထွက်လူစာရင်းတွင် အသုံးပြုခဲ့သည်။ ပထမပွဲတွင် သရေကျခဲ့သည့် ဆော်ဒီအသင်းသည် ယခုပွဲတွင် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး မြန်မာနောက်ခံလူများသည် ဆော်ဒီတိုက်စစ်မှူးများ၏ လျင်မြန်မှုကို ထိန်းထားနိုင်ခြင်း မရှိခဲ့ပေ။

မြန်မာအသင်း၏ ပွဲထွက်လူစာရင်းမှာ လိုအပ်ချက်များရှိခဲ့ပြီး လွင်မိုးအောင်နှင့် ရဲရင့်အောင်တို့၏ ကွင်းလယ်ခံစစ်မှာ အမှားများခဲ့သောကြောင့် မိနစ် ၃၀ တွင် ယင်းကစားသမားနှစ်ဦးနေရာတွင် ရန်နိုင်ဦးနှင့် မောင်မောင်စိုးတို့ကို ထည့်သွင်းကစားမှ ကစားပုံ ပြန်လည်တည်ငြိမ်လာသည်။ ၁၄ မိနစ်တွင် မြန်မာအသင်း မထင်မှတ်ဘဲ ပယ်နယ်တီပေးခဲ့ရပြီး မြန်မာနောက်ခံလူ နန္ဒကျော်သည် ရည်ရွယ်ချက်ရှိရှိ လက်ဖြင့်တားခဲ့ခြင်းမဟုတ်သော်လည်း စည်းကြပ်ဒိုင်က ပယ်နယ်တီသတ်မှတ်ခဲ့ပြီး ဂျီဟာရီက သွင်းယူခဲ့၍ ပထမပိုင်းတွင် ဆော်ဒီအသင်းက တစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။ ဒုတိယပိုင်းတွင်လည်း ဆော်ဒီအသင်းက ခြေအသာဖြင့် ဆက်လက်ဖိကစားနိုင်ခဲ့ပြီး မြန်မာအသင်းမှာ တန်ပြန်တိုက်စစ်ဖြင့်သာ ကစားခဲ့ရသည်။ မြန်မာ ယူ-၂၃ အသင်းသည် ယခုပွဲတွင် ကွင်းလယ်ဒိုင်၏ အငြင်းပွားဖွယ် ဆုံးဖြတ်ချက်များဖြင့် ရင်ဆိုင်ခဲ့ရပြီး ၅၈ မိနစ်တွင် ပေးလိုက်ရသည့် ဒုတိယပယ်နယ်တီမှာလည်း အငြင်းပွားဖွယ်ရာရှိခဲ့သည်။ မြန်မာနောက်ခံလူ ဝင်းမိုးကျော်၏ ဖျက်ထုတ်မှုမှာ ဆော်ဒီကစားသမားကို မထိသော်လည်း ကွင်းလယ်ဒိုင်က ပယ်နယ်တီ သတ်မှတ်ခဲ့ပြီး ဂျီဟာရီကပင် သွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် မြန်မာအသင်း ချေပဂိုးရရန် ကြိုးစားလာပြီး မြန်မာအသင်း ပယ်နယ်တီနှင့် ပြစ်ဒဏ်ဘောကန်ခွင့်ရနိုင်သည့်ဖြစ်ရပ်များမှာ ငြင်းဆန်ခံရသည်။ ဆော်ဒီအသင်းအတွက် အနိုင်ဂိုးကို ၈၇ မိနစ်တွင် အယ်လ်ဘယ်နာကွီက သွင်းယူခဲ့သည်။

ညနေ ၃ နာရီခွဲက ကျင်းပသည့် ပထမပွဲတွင် အီရန်အသင်းက မြောက်ကိုရီးယားအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ယခုပွဲအပြီးတွင် အုပ်စု (စ) ၌ အီရန်နှင့် ဆော်ဒီအသင်းက လေးမှတ်စီရထားပြီး မြန်မာနှင့် မြောက်ကိုရီးယားအသင်းက တစ်မှတ်စီရထားသည်။ မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် ဩဂုတ် ၂၀ ရက်တွင် အီရန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

**သတင်း- ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်**




ဆော်ဒီအသင်းတိုက်စစ်ကို မြန်မာဂိုးသမား ကျော်ဇင်ထက် ကာကွယ်နေစဉ်။

## မြန်မာ့ရုပ်မြင်သံကြား

၁၈-၈-၂၀၁၈ (စနေနေ့)

နံနက်ပိုင်း

၆:၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၀၀ - Breakfast News
၉:၁၀ - News Watch TV
၁၀:၃၀ - လုံမမှတ်စု (၄၉)
၁၂:၃၀ - မြန်မာဇာတ်လမ်းတွဲ "ဇနီးချောများ ကွန်ရက်" (အပိုင်း-၂၆)
၁၅:၃၅ - လှမ်းလာခဲ့ပါ သစ်တောနှင့် သဘာဝဝန်းကျင်ပြတိုက် တည်ရှိရာ

ညပိုင်း

၁၆:၃၅ - "ဩဂုတ်လ လပတ်မိုးလေဝသ အစီအစဉ်"
၁၇:၀၅ - ရှုဖွယ်စုံလင် အာဆီယံ အစီအစဉ်
၁၇:၃၅ - "သက်စောင့်ခါတ် ရှစ်မျိုး အားဖြည့်ဆန်အကျိုး"
၁၈:၂၀ - ဇာတ်လမ်းအတိုအထွာ ပြုံးစရာ "ကရုဏာရှင်"
၁၉:၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြွေးမပြေ"(အပိုင်း-၁၄)
၂၀:၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀:၃၅ - Big Step (Singer-ဒေးဗစ်ခွန်နောင်)
- နိုင်ငံခြားဇာတ်လမ်းတွဲ "အကယ်၍သာ"(အပိုင်း-၁၂)
- ဂီတသမာ၊ ဂီတကစား (ဂီတစာဆို-ဦးမောင်မောင်လတ်၊ ဦးဝင့်အောင်)
- ဟိုတုန်းကကက်ဆက် ဇာတ်လမ်းများ"ကကြီးရေက" ဘလိတ်၊ ငြိမ်းဖြူ (ဒါရိုက်တာ-သီတာလင်း)

# ထိုင်းဗီဇာအတုများ ကိုင်ဆောင်မှုဖြင့် မြန်မာနိုင်ငံသားများ ဖမ်းဆီးခံနေရ

**နေပြည်တော် ဩဂုတ် ၁၇**

ထိုင်းနိုင်ငံသို့ လာရောက်သည့် မြန်မာနိုင်ငံသားအချို့ ဗီဇာအတုများဖြင့် လာရောက်မှုဖြင့် ဖမ်းဆီးခံရမှုများ ရှိနေကြောင်း မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံရုံးမှ ရဲသံမှူးကြီး ခန်မရီဟစ်ဆရီ ထံမှ သိရသည်။

ဗီဇာအတု ၁၉၀၀၀ ကျော်ရှိနိုင်ကြောင်းနှင့် အများစုမှာ ညှော်ဗီဇာများ ဖြစ်နေကြောင်း အီးမေးလ်ဖြင့် မေးမြန်းမှုကို ၎င်းက ဖြေကြားထားသည်။

ယင်းကဲ့သို့ ဖမ်းဆီးမှုများသည် ချင်းမိုင်၊ ချင်းရိုင်၊ နာခွန်ဆာဝမ်၊ နွန်ခိုင်း၊ အယုဒ္ဓယ၊ ဆာရာဘူရီ၊ ရနောင်း၊ ဖူးခက်၊ ဆမွတ်ပရာကန်၊ ဖန်ငါ၊ သုဝဏ္ဏဘူမိလေဆိပ်၊ ဒွန်မောင်းလေဆိပ်များတွင် ဖြစ်ပွားနေသကဲ့သို့ ကရင်ပြည်နယ်နှင့် ထိစပ်နေသည့် မဲဆောက်ခရိုင်တွင်လည်း အများဆုံးဖမ်းဆီးခံရကြောင်း ၎င်းက ပြောသည်။

ရန်ကုန်မြို့ ထိုင်းသံရုံးရှိ ၎င်း၏ဌာနမှ ယင်းကိစ္စအား အရေးယူမှုများ ဆောင်ရွက်ပေးရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ စာပေးပို့အကြောင်းကြားထားကြောင်းလည်း သိရသည်။

"မြန်မာအစိုးရနဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ ဗီဇာအတုပြုလုပ်တဲ့သူတွေကိုသော်လည်းကောင်း၊ တရားမဝင်အဖွဲ့တွေကိုသော်လည်း အမြန်ဆုံး အရေးယူသင့်တယ်လို့ အကြံပြုလိုပါတယ်"ဟု ၎င်းကပြောသည်။

ရန်ကုန်မြို့ထိုင်းသံရုံးရှေ့တွင်လည်း တရားမဝင် အကျိုးဆောင်လုပ်ပေးရန် ကမ်းလှမ်းနေသည့် ပွဲစားများကြောင့်လည်း ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးကိစ္စများအတွက် ရက်ရှည်နေထိုင်မည့် ဗီဇာလာရောက် လျှောက်ထားသူများ အနေဖြင့် စိတ်အနှောင့်အယှက်ဖြစ်ရကြောင်း ယင်းသံရုံးသို့ လာရောက်သူများထံမှ သိရသည်။ **အောင်အောင်**



## ရုပ်ရှင်ဒါရိုက်တာမိုက်တီးအား စိတ်ကြွရူးသွပ်ဆေးပြားများ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၇**

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ရဲတပ်ဖွဲ့မှူးဦးစီး အမှတ်(၂၅) ယာဉ်ထိန်းရဲတပ်ဖွဲ့စုနှင့် အမှတ်(၄၁) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၆ ရက် ည ၁၁ နာရီက သတင်းအရ တာမွေမြို့နယ် တာမွေကြီး(ခ) ရပ်ကွက် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းရှေ့၌ တာမွေ အဝိုင်းထိပ်ဘက်မှ ရွှေထွဋ်တင် ကွင်းဘက်သို့ ရန်ကင်းမြို့နယ် (၁၆)ရပ်ကွက်နေ သန်းထွန်းဇော် (၅၃ နှစ်) (ရုပ်ရှင်ဒါရိုက်တာ မိုက်တီး)မောင်းနှင်လာသည့် 9D/---- MAZDA DEMIO ယာဉ်ကိုရပ်တန့်စစ်ဆေးရာ ယာဉ်မောင်းထိုင်ခုံနှင့် ကျောမှီကြားရှိ မျက်မှန်ဘူးအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၆ ပြားနှင့် မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို တွေ့ရှိသိမ်းဆည်း ရမိခဲ့သောကြောင့် သန်းထွန်းဇော် (ရုပ်ရှင်ဒါရိုက်တာ မိုက်တီး)ကို တာမွေမြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေဖြင့် အရေးယူထားကြောင်း သတင်းရရှိသည်။

**ကိုရဲ**

## ကွတ်ခိုင်၊ နမ့်စန်၊ မဘိမ်းမြို့တို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၇**

မူးယစ်တပ်ဖွဲ့စု(၂၂) မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၆ ရက် မွန်းတည့် ၁၂ နာရီက ကွတ်ခိုင်မြို့ အမှတ်(၈)ရပ်ကွက် နယ်မြေ(၅)နေ ရိန်းရှမ်းရင်၏နေအိမ်ကိုရှာဖွေရာ ဘိန်းဖြူ ၃၃ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၆၈၂၅ ပြား တို့ကိုလည်းကောင်း။

အလားတူ ယင်းနေ့ မွန်းလွဲ ၁ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၂၇) လွိုင်လင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နမ့်စန်မြို့ အမှတ်(၅)ရပ်ကွက် ဒို့ညီနောင်ကားဂိတ်တွင် ပီနံအိတ် တစ်အိတ်ကို ရှမ်းအမျိုးသားတစ်ဦးက ရန်ကုန်သို့ ပို့ဆောင်လိုကြောင်း လာရောက်အပ်နှံသဖြင့် ဖွင့်ဖောက်စစ်ဆေးမည်ပြုစဉ် ထွက်ပြေးသွားကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၈၀၀ ကို လည်းကောင်း။

ထို့အတူ ဩဂုတ် ၁၄ ရက် နံနက် ၄ နာရီတွင် တပ်မတော်က မဘိမ်းမြို့နယ် လဝါကျေးရွာ ဒေသအခေါ် ကျောက်လုံးကြီးနေ ချွာသား (ခ)ဆွမ်သား၏ ယာယီမိုးကာတဲကိုစစ်ဆေးရာ ဘိန်းဖြူ ၃ ဒသမ ၅၆၁ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၅၄၉၇၄ ပြားတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများ ဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ရန်ကုန်-နေပြည်တော်အမြန်လမ်းပိုင်းတွင် ခရီးသည်တင်ယာဉ်တိမ်းမှောက်

**ဖြူး ဩဂုတ် ၁၇**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ရန်ကုန်-နေပြည်တော်အမြန်လမ်းပိုင်း မိုင်တိုင် ၁၀၀/၁ နှင့် ၂ အကြားတွင် ဩဂုတ် ၁၇ ရက် ညနေ ၄ နာရီ ၁၀ မိနစ်ခန့်က ရန်ကုန်မှ နေပြည်တော်ဘက်သို့ ထွက်ခွာလာသော မျိုးဆက်သစ်ခရီးသည်တင်ယာဉ် အရှိန်လွန်တိမ်းမှောက်ခဲ့ရာ လိုက်ပါသူ ယာဉ်မောင်းအပါအဝင် ခရီးသည် အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၁၀ ဦး စုစုပေါင်း ၂၇ ဦး လိုက်ပါလာပြီး အမျိုးသား ၁၂ ဦး၊ အမျိုးသမီးရှစ်ဦး ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။ ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ ဖြူးအမြန်လမ်းရဲစခန်းမှ စခန်းမှူး ရဲအုပ် လှိုင်ဇော်ဦးနှင့် တပ်ဖွဲ့ဝင်များသည် အမြန်လမ်းမီးသတ်စခန်းမှ ဒုဦးစီးမှူး သိန်းထွန်းအဖွဲ့နှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ရန်ကုန်မှ နေပြည်တော်ဘက်သို့ ခိုင်ဦး(၄၃ နှစ်) တိုက်ကြီးမြို့နေသူမောင်းနှင်သည့် 1N/----- မျိုးဆက်သစ်ခရီးသည်တင်ယာဉ်သည် အခင်းဖြစ်နေရာအရောက် လမ်းချော်အရှိန်လွန်တိမ်းမှောက်သွားခဲ့ရာ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်အပါအဝင် လိုက်ပါလာသူ ၂၀ ဒဏ်ရာများရရှိခဲ့သဖြင့် ဖြူးမြို့နယ်ဆေးရုံသို့ တင်ပို့ပေးခဲ့ရပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း ခိုင်ဦးကို ဖြူးအမြန်လမ်းရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

## ညောင်ရွှေမြို့နယ်၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**ညောင်ရွှေ ဩဂုတ် ၁၇**

ညောင်ရွှေမြို့နယ် ကျောက်တိုင်ကျေးရွာအုပ်စု လွယ်စေတီကျေးရွာနေ ကိုပညာသည် နေအိမ်တွင် မူးယစ်ဆေးဝါးများ ရောင်းချသုံးစွဲနေကြောင်း သတင်းအရ ဩဂုတ် ၁၆ ရက် ည ၁၀ နာရီတွင် နန်းပန်နယ်မြေရဲစခန်းမှ နယ်ထိန်းအဖွဲ့ခေါင်းဆောင် ဒုတိယရဲအုပ် နောင်နောင်နှင့် တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ ကိုပညာ၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၃ ပြား ရှာဖွေတွေ့ရှိသဖြင့် ကိုပညာ (၃၂ နှစ်) ကို နန်းပန်ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဦးကိုနီ လုပ်ကြံခံရမှုမှ ရုံးချိန်းပေါင်း ၆၈ ချိန်းမြောက်ရုံးထုတ်စစ်ဆေး

**ရန်ကုန် ဩဂုတ် ၁၇**

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သေနတ်ဖြင့်ပစ်ခတ်လုပ်ကြံခံရမှုကြောင့် သေဆုံးသူ တရားလွှတ်တော်ရှေ့နေ ဦးကိုနီ အမှုနှင့်ပတ်သက်၍ လူသတ်မှုဖြင့် စွဲချက်တင်ခံထားရသော သေနတ်သမား ကြည်လင်း(ခ)ဖိုးထူး၊ ပါဝင်ပတ်သက်သူ အောင်ဝင်းဇော်၊ ဇေယျာဖြိုးနှင့် အချုပ်လွတ်အာမခံရရှိထားသူ အောင်ဝင်းထွန်း တို့ကို မြောက်ပိုင်းခရိုင်တရားရုံးသို့ ယနေ့ နံနက် ၁၀ နာရီက ရုံးချိန်းပေါင်း ၆၈ ချိန်းမြောက် ရုံးထုတ်ခဲ့ပြီး စွပ်စွဲခံရသူ ဇေယျာဖြိုးကို သုံးကြိမ်မြောက် စစ်ဆေးမှုပြုလုပ်ခဲ့သည်။

လူသတ်မှုဖြင့်စွပ်စွဲခံရသူ ဇေယျာဖြိုး၏အမှုကို လိုက်ပါဆောင်ရွက်နေသည့် တရားလွှတ်တော်ရှေ့နေ ဒေါ်ပပဝင်းက အပြန်အလှန် အဓိကစစ်မေးမှုများ ပြီးဆုံးသွားပြီးဖြစ်သည့်အတွက် နောက်တစ်ပတ်ရုံးချိန်းတွင် တရားလိုဘက်ရှေ့နေများက ဇေယျာဖြိုးကို အဓိက အပြန်အလှန်စစ်မေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း အဆိုပါတရားရုံးမှ သိရသည်။

ယင်းအမှုအား စစ်ဆေးခြင်းနှင့်ပတ်သက်၍ မြောက်ပိုင်းခရိုင်တရားရုံး သတင်းနှင့်ပြန်ကြားရေးတာဝန်ခံအရာရှိ ဒုတိယခရိုင်တရားသူကြီး ဦးရဲလွင်က "ဒီကနေ့ မြောက်ပိုင်းခရိုင်တရားရုံးရာဇဝတ်ကြီးအမှုအမှတ် ၄၅/၂၀၁၇ လူသတ်မှုနဲ့ တရားစွဲဆိုထားရာကနေ ပြစ်မှုကျူးလွန်ရာတွင် စွပ်စွဲခံရသူ တတိယမြောက် ဇေယျာဖြိုးကို သူ့ရဲ့ရှေ့နေက အပြန်အလှန် စစ်မေးခဲ့တာ ပြီးဆုံးသွားပါတယ်။ လာမယ့်ရုံးချိန်းမှာတော့ တရားလိုဘက် ရှေ့နေများက ဇေယျာဖြိုးကို အဓိက ထွက်ဆိုချက်တွေ အပြန်အလှန် စစ်မေးသွားမှာဖြစ်တဲ့အတွက် နောက်တစ်ပတ်ရုံးချိန်းကိုတော့ ဩဂုတ် ၂၃ ရက်ကို ချိန်းဆိုထားပါတယ်"ဟု ပြောသည်။

သတင်းမီဒီယာများ၏ မေးမြန်းချက်ကို ထပ်မံဖြေကြားရာတွင် "ဒီကနေ့ တရားခွင်မှာ တရားခံ ဇေယျာဖြိုးက အထူးခုံရုံးကို တင်ပြတာရှိပါတယ်။ ယခင်ရုံးချိန်း ဩဂုတ် ၂ ရက်မှာ တရားလိုဘက်ရှေ့နေများဘက်က ပြုမူပြောဆိုတာတွေနဲ့ပတ်သက်ပြီး မထီမဲ့မြင် ပြုမူပြောဆိုတယ်ဆိုတဲ့ အချက်အရ အရေးယူပေးဖို့ ဩဂုတ် ၉ ရက် ရုံးချိန်းတုန်းက တင်ပြလျှောက်ထားချက်နဲ့သက်ဆိုင်တဲ့ အချက်ပါ တရားရုံးမထီမဲ့မြင်ပြုမှုနဲ့ လျှောက်ထားမယ်ဆိုရင် နည်းဥပဒေအပိုဒ် ၆(ဂ) အရ ကျမ်းကျိန်လွှာတစ်ပါတည်း ပူးတွဲပါရှိရမှာဖြစ်လို့ တရားရုံးအခွင့်အာဏာရှိ အရာရှိထံမှာ ဒီနေ့ ကျမ်းသစ္စာ ကျိန်ဆိုဖို့ ခွင့်ပြုလိုက်တာပါ"ဟု ရှင်းလင်း ပြောကြားသည်။ **မျိုးမင်းသိန်း(မရမ်းကုန်း)**

## ဇမ္ဗူသီရိမြို့နယ်၌ လိုင်စင်မဲ့ယာဉ် ဖမ်းမိ

**နေပြည်တော် ဩဂုတ် ၁၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၌ အမှတ် (၃) တပ်ဖွဲ့စုမှူး ဒုရဲမှူး ရန်နိုင် ဦးစီးတပ်ဖွဲ့ဝင်များသည် တရားမဝင် လိုင်စင်မဲ့ယာဉ်ငယ်တစ်စီးကို ဖမ်းဆီးရမိသည်။

ဩဂုတ် ၁၇ ရက် နံနက် ၁၁ နာရီက နေပြည်တော်ယာဉ်ထိန်းတပ်ဖွဲ့ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ပျဉ်းမနား-တောင်ညိုလမ်းနှင့် မြို့ပတ်လမ်းဆုံတွင် ယာဉ်များကို ရှာဖွေစစ်ဆေးနေစဉ် နေပြည်တော်မှ တောင်ညိုဘက်သို့ ယာဉ်မောင်း လှမျိုးဦး(ခ)ကိုမျိုး မောင်းနှင်လာသော ယာဉ်အမှတ် NPW 5C/---- မတ်တူးယာဉ်ကို ရပ်တန့်စစ်ဆေးခဲ့ရာ ၎င်းယာဉ်နှင့် ပတ်သက်သော စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသဖြင့် လိုင်စင်မဲ့ယာဉ်ကို မောင်းနှင်၍ လက်ဝယ်ထားရှိသူ လှမျိုးဦး (ခ)ကိုမျိုး (၄၂ နှစ်) မင်းကုန်းရွာ ဥတ္တရသီရိမြို့နယ်နေသူကို ဇမ္ဗူသီရိမြို့နယ် အမှတ်(၉) နယ်မြေရဲတပ်ဖွဲ့စခန်းတွင် အမှုဖွင့်အရေးယူဆောင်ရွက်ထားရှိကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# မြဝတီမြို့၌ ဆိုဒီယမ်ဆိုင်ရာနိုက် ပုံဆောင်ခဲများ ဖမ်းဆီးရမိ

မြဝတီ ဩဂုတ် ၁၇

**မြဝတီမြို့ အမှတ်(၃၂) မူးယစ်တပ်ဖွဲ့စုမှ ဒုရဲမှူး မင်းထွဋ်နှင့် အဖွဲ့သည် ဩဂုတ် ၁၆ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ က မြဝတီမြို့ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား၌ တာဝန်ထမ်းဆောင်နေစဉ် ဆိုဒီယမ်ဆိုင်ရာနိုက် ဟုယူဆရသော အဖြူရောင်ပုံဆောင်ခဲများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။**

ဖြစ်စဉ်မှာ မြဝတီမြို့ အမှတ်(၃)ရပ်ကွက် လဂွန်းအိမ်လမ်း ဦးထောက်ရှုတန်းလျားအခန်းအမှတ်(၆)နေထိုင်သူ ယာဉ်မောင်း စိန်မြင့်(၅၂ နှစ်) မောင်းနှင်လာသော ယာဉ်အမှတ် 5A/---- ဟိုင်းလတ်အမျိုးအစား ယာဉ်အား သတင်းအရစစ်ဆေးရာ ဆိုဒီယမ်ဆိုင်ရာနိုက် ဟုယူဆရသော အဖြူရောင်ပုံဆောင်ခဲများ တစ်ပုံးလျှင် ၅၀ ကီလိုဂရမ်ပါ ပုံး ၂၁ ပုံး စုစုပေါင်း ၁၀၅၀ ကီလိုဂရမ်ခန့်(ကာလတန်ဖိုး ငွေကျပ် ၆၃၀၀၀၀၀) ကို စစ်ဆေးတွေ့ရှိသဖြင့် ဒုရဲမှူး မင်းထွဋ်က သက်သေများနှင့်အတူ ရှာဖွေသိမ်းဆည်းခဲ့ပြီး စိန်မြင့်(၅၂ နှစ်)ကို မြဝတီမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ဆက်လက်ပြီး စစ်ဆေးပေါ်ပေါက်ချက်များအရ အဆိုပါ ဆိုဒီယမ်ဆိုင်ရာနိုက် ဟုယူဆရသော အဖြူရောင်ပုံဆောင်ခဲများသည် မြဝတီမြို့ အမှတ်(၅)ရပ်ကွက် မွေးမြူရေးဇုန်ရပ် မွေးမြူရေးဇုန်လမ်း ဦးအောင်ချမ်းသာ၏ ဂိုဒေါင်အတွင်းမှ ထုတ်ယူသယ်ဆောင်လာသည့်ပစ္စည်းများဖြစ်ကြောင်း သိရှိရသဖြင့် ဩဂုတ် ၁၆ ရက် ညနေ ၄ နာရီခွဲတွင် မြို့နယ်အကောက်ခွန်ဦးစီးဌာနမှ ဦးစီးမှူး ဦးစိုင်းစည်သူလွင်နှင့် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့က ဦးအောင်ချမ်းသာ၏ဂိုဒေါင်သို့ သွားရောက်စစ်ဆေးရာ အိတ်ဖြင့် ထုပ်လျက် သံပုံးအတွင်း ဆိုဒီယမ်ဆိုင်ရာနိုက် ဟုယူဆရသော အဖြူရောင်ပုံဆောင်ခဲများ တစ်ပုံးလျှင် ၅၀ ကီလိုဂရမ်ခန့်ပါ ပုံး ၄၀ (ကာလတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀)ကို ထပ်မံရှာဖွေသိမ်းဆည်းရမိခဲ့ကြောင်းသိရသည်။

အဆိုပါ သိမ်းဆည်းရမိသည့် ဆိုဒီယမ်ဆိုင်ရာနိုက် ဟုထင်ရသော အဖြူရောင်ပုံဆောင်ခဲများထည့်ထားသည့် ပုံး ၄၀ မှာ မျိုးမင်း(၄၂ နှစ်) တော်ဝင်နှင်းဆီလမ်း သစ်တစ်ပင်အုပ်စု အမှတ်(၄)ရပ်ကွက် မြဝတီမြို့နေသူက လာရောက်အပ်နှံထားသော ပစ္စည်းများဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် မျိုးမင်းကို မြဝတီမြို့မရဲစခန်းတွင် အမှုဖွင့်ထားကြောင်း သိရသည်။



စစ်ဆေးပေါ်ပေါက်ချက်များအရ အဆိုပါ ဆိုဒီယမ်ဆိုင်ရာနိုက် ပုံးများမှာ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်နေ ဇော်မင်းထွန်း (ခ)ဘိုတို (နေရပ်လိပ်စာအတိအကျမသိ)၏ ပစ္စည်းများဖြစ်ကြောင်းနှင့် ထိုင်းနိုင်ငံဘက်မှ တရားမဝင် ဝင်ရောက်လာသော ပစ္စည်းများဖြစ်ကြောင်း သိရသည်။ **တင်ဝင်းလှိုင်(ကော့ကရိတ်)**

**ဓာတ်ပုံ-မြဝတီဇော်မိုးထိုက်**

# အမေရိကန်ဘုန်းတော်ကြီးကို ပြန်မလွှတ်ပါက တူရကီကို အရေးယူပိတ်ဆို့မှု အမေရိကန်ပိုလုပ်မည်ဟုဆို

**ဝါရှင်တန် ဩဂုတ် ၁၇**

တူရကီအစိုးရက အမေရိကန်ဘုန်းတော်ကြီးကို ပြန်မလွှတ်ပေးပါက အမေရိကန်ပြည်ထောင်စုသည် တူရကီနိုင်ငံ၏ ဘေးကျပ်နံကျပ်ဖြစ်နေသော စီးပွားရေးများအပေါ် ပိတ်ဆို့အရေးယူမှုများ ပိုမိုပြုလုပ်သွားမည်ဖြစ်ကြောင်း အမေရိကန်ဘဏ္ဍာရေးဝန်ကြီး စတိဗ်မနူချင်က ဩဂုတ် ၁၆ ရက်က ပြောခဲ့သည်။

တူရကီ၏ အစိုးရအဖွဲ့ဝင်ဝန်ကြီးများကို ပိတ်ဆို့အရေးယူမှုများ ပြုလုပ်မည်ဟု အမေရိကန်ဘဏ္ဍာရေးဝန်ကြီး စတိဗ်မနူချင်က ဝန်ကြီးများဆွေးနွေးပွဲတွင် အမေရိကန် သမ္မတ ဒေါ်နယ်ထရန့်ကို ပြောကြားခဲ့သည်။ အဆိုပါဆွေးနွေးပွဲသို့ သတင်းစာဆရာများလည်း တက်ရောက်သတင်းရယူကြကြောင်း သိရသည်။

အကယ်၍ ဘုန်းတော်ကြီးကို အလျင်အမြန်မလွှတ်ပေးပါက အမေရိကန်ပြည်ထောင်စုက တူရကီကို ပိတ်ဆို့အရေးယူမှုများ ပိုမိုပြုလုပ်ရန် စီစဉ်ထားကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အမေရိကန်ဘဏ္ဍာရေးဝန်ကြီး စတိဗ်မနူချင်၏ တင်ပြချက်အပေါ် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က တူရကီသည် အမေရိကန်နိုင်ငံ၏ မိတ်ဆွေကောင်းလည်း မဟုတ်ကြောင်း မှတ်ချက်ပြုပြောကြားခဲ့သည်။

တူရကီနိုင်ငံတွင် အကျဉ်းချခံထားရသော ဘုန်းတော်ကြီး အန်ဒရူးဘရွန်ဆန်ကို ရည်ရွယ်ပြီး အမေရိကန် သမ္မတဒေါ်နယ်ထရန့်က အီရန်နိုင်ငံတွင် ကြီးမြတ်သော ခရစ်ယာန်ဘုန်းတော်ကြီးတစ်ပါးရှိနေပြီး ၎င်းသည် အလွန်အပြစ်ကင်းသူဖြစ်ကြောင်း ပြောခဲ့သည်။

**အေအက်ဖ်ပီ**



# မာလီ ဒုတိယငါးနှစ်တာ သမ္မတသက်တမ်းအတွက် အီဘရာဟင် ပြန်လည်ရွေးချယ်ခံရ

**ဘာမာကို ဩဂုတ် ၁၇**

တရားဝင်မဲစာရင်းများအရ ဩဂုတ် ၁၆ ရက်က သောင်ပြိုကမ်းပြိုအနိုင်ရခဲ့ပြီးနောက် ဒုတိယငါးနှစ်တာ သမ္မတသက်တမ်းအတွက် မာလီသမ္မတ အီဘရာဟင် ဘော်ဘာကာကီတာ တာဝန်ပြန်လည်ထမ်းဆောင်ရဦးမည် ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြခဲ့သည်။

ဆာဟယ်ဒေသတွင် ဂျီဟတ် အကြမ်းဖက်သောင်းကျန်းသူများ ထကြွသောင်းကျန်းနေသောကြောင့် မာလီနိုင်ငံ၏ သမ္မတရွေးကောက်ပွဲကို နိုင်ငံခြားက တိုက်ရိုက်အနီးကပ်စောင့်ကြည့်ခဲ့ကြောင်း သိရသည်။

အသက် ၇၃ နှစ်ရှိ ကီတာသည် အသက် ၆၈ နှစ်ရှိ ၎င်း၏ပြိုင်ဘက်ဖြစ်သူ ယခင်ဘဏ္ဍာရေးဝန်ကြီး ဆိုမေလာ ဆစ်ဆီကို မဲအရေအတွက် ၆၇ ဒသမ ၁၇ ရာခိုင်နှုန်းဖြင့် အပြတ်အသတ်အနိုင်ရရှိခဲ့သည်။



၎င်း၏ပြိုင်ဘက် ယခင်ဘဏ္ဍာရေးဝန်ကြီးသည် မဲအရေအတွက် ၃၂ ဒသမ ၈၃ ရာခိုင်နှုန်းသာရရှိခဲ့ကြောင်း သိရသည်။

ယခင်ဘဏ္ဍာရေးဝန်ကြီးသည် လွန်ခဲ့သည့် ၂၀၁၃ ခုနှစ် မာလီသမ္မတပြိုင်ပွဲတွင်လည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ထိုစဉ်တုန်းကလည်း ကီတာကို ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

"ကျွန်တော့်ကို အခုလို နောက်တစ်ကြိမ် ယုံကြည်မှုတွေ ပုံအောခဲ့တဲ့အတွက် နှလုံးသားရဲ့ အနက်ရှိုင်းဆုံးနေရာက ကျေးဇူးတင်ပါတယ်" ဟု ကီတာက ၎င်း၏ လူမှုကွန်ရက်ဖေ့စ်ဘွတ်စာမျက်နှာတွင် ပြောကြားခဲ့သည်။

ဆစ်ဆီပါတီက ဒီမိုကရက်များသာ အနိုင်ရသည်မှာ မဖြစ်နိုင်ကြောင်း ပြောဆိုကာ မဲရလဒ်များ မဖြစ်နိုင်ကြောင်း ဒေါသတကြီး ပြောကြားခဲ့သည်။

မာလီနိုင်ငံသည် ကုန်းတွင်းပိတ်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး လူမျိုးစုပေါင်း ၂၀ ထက်မနည်းနေထိုင်ကြကာ အများစုမှာ တစ်နေ့လုပ်ခ အမေရိကန် ၂ ဒေါ်လာသာရရှိကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# အီရန်အပေါ် ပိတ်ဆို့မှုများ ပြုလုပ်နိုင်ရန် အရေးယူရေးအဖွဲ့ အမေရိကန်ဖွဲ့စည်း

**ဝါရှင်တန် ဩဂုတ် ၁၇**

အီရန်နိုင်ငံ၏ အပြုအမူများ၊ မူဝါဒများပြောင်းလဲနိုင်ရေး ဖိအားပေးနိုင်ရန်အတွက် အီရန်အရေးယူရေးအဖွဲ့ကို ဖွဲ့စည်းလိုက်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ကြာသပတေးနေ့တွင် ကြေညာခဲ့သည်။

အဆိုပါအုပ်စုသည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အီရန်အရေးဆက်စပ်မှုရှိသည့်ကိစ္စရပ်များ အားလုံးကို ညွှန်ကြားမှုပေးခြင်း၊ ပြန်လည်သုံးသပ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီးမိုက်ပွန်ပီအိုက ပြောသည်။

အဆိုပါ အဖွဲ့သည်အစီရင်ခံစာများကိုလည်း နိုင်ငံခြားရေးဝန်ကြီးမိုက်ပွန်ပီအိုထံ တိုက်ရိုက်တင်ပြရမည် ဖြစ်သည်။ တီဟီရန်သည် အကြမ်းဖက်မှုများ၊ ဒေသတွင်းမတည်မငြိမ်ဖြစ်မှုများ လုပ်ဆောင်လျက်ရှိကြောင်း၊ အမေရိကန်နှင့်မဟာမိတ်များကို နှစ်ပေါင်း ၄၀ နီးပါး ဆန့်ကျင်မှုများ ပြုလုပ်ခဲ့ကြောင်း မိုက်ပွန်ပီအိုက ပြောသည်။

အီရန်အစိုးရ၏ ရှုမြင်သုံးသပ်ပုံများကိုပြောင်းလဲရန် ယင်းအဖွဲ့ကိုဖွဲ့စည်းခြင်းဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။ အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနတွင် မူဝါဒရေးရာ ညွှန်ကြားရေးမှူး ဘရိုင်းဟုခ်က အီရန်အရေးယူရေးအဖွဲ့ကို ဦးဆောင်မည်ဖြစ်ပြီး အီရန်နိုင်ငံအရေး အထူးကိုယ်စားလှယ်အဖြစ် ဆောင်ရွက်သွားမည်ဖြစ်သည်။

ပွန်ပီအိုသည် မေ ၂၁ ရက်ကလည်းအီရန်အပေါ် မဟာဗျူဟာအသစ်များ ချမှတ်ခဲ့ပြီး အီရန်အနေဖြင့် ပြုပြင်ပြောင်းလဲရမည့်အချက် ၁၂ ချက်ကိုလည်း ထုတ်ပြန်ခဲ့သည်။ ဩဂုတ် ၇ ရက်တွင် အမေရိကန်က အီရန်အပေါ် ပိတ်ဆို့မှုများ ချမှတ်ခဲ့သည်။ အီရန်ဘက်မှမူ အမေရိကန်သည် ယုံကြည်ရဖွယ်မရှိဟု လည်းကောင်း၊ အမေရိကန်နှင့် အလုပ်အတူတွဲလုပ်ရန်အဆင်မပြေဟုလည်းကောင်း ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# ကုလသမဂ္ဂ သက်သာချောင်ချိရေးနှင့် အလုပ်သမားအေဂျင်စီက နိုင်ငံတကာအကူအညီများတောင်းခံ

**ဂျေရုဆလင် ဩဂုတ် ၁၇**

ပါလက်စတိုင်းဒုက္ခသည်များအတွက် အကူအညီပေးနေသော ကုလသမဂ္ဂအေဂျင်စီအဖွဲ့သည် အမေရိကန်၏ပိတ်ဆို့မှုကြောင့် ဘဏ္ဍာရေးအခက်အခဲများနှင့်ရင်ဆိုင်ရလျက်ရှိရာ ယင်းအခက်အခဲကို ကျော်လွှားနိုင်ရန် နိုင်ငံတကာမှ အကူအညီအထောက်အပံ့များပေးကြရန် တောင်းခံခဲ့သည်။

ပါလက်စတိုင်းမှ ဒုက္ခသည်များအတွက် ကုလသမဂ္ဂသက်သာချောင်ချိရေးနှင့် အလုပ်သမားအေဂျင်စီ ( UNRWA ) က ကြာသပတေးနေ့တွင်သတင်းထုတ်ပြန်ချက် ထုတ်ပြန်ခဲ့သည်။ UNRWA သည် လာမည့်လကုန်ထိသာ ထောက်ပံ့ရေးလုပ်ငန်းလုပ်ဆောင်နိုင်ရန် ငွေကြေးအလုံအလောက်ရှိကြောင်း၊ ကယ်ဆယ်ထောက်ပံ့ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်ရန် နောက်ထပ်ဒေါ်လာ ၂၁၇ သန်း အေဂျင်စီမှ လိုအပ်လျက်ရှိကြောင်း ထုတ်ပြန်ချက်တွင်ပါဝင်သည်။

ဒုက္ခသည်များအတွက်ဖွင့်လှစ်ထားသော ကျောင်းပေါင်း ၇၀၀ ကျော်ကို ယခုလနှောင်းပိုင်းတွင် ဖွင့်လှစ်ပေးရတော့မည်ဖြစ်သည်။ UNRWA သည် ပါလက်စတိုင်းဒုက္ခသည် ၅ ဒသမ ၃ သန်းအတွက် အစားအစာ၊ ဆေးဝါးနှင့် ပညာရေးအတွက် ထောက်ပံ့မှုများ ပြုလုပ်လျက်ရှိကြောင်း၊ ရန်ပုံငွေများထဲမှ ၃၀ ရာခိုင်နှုန်းခန့်မှာအမေရိကန်အပေါ်မှီခိုနေရကြောင်း သိရသည်။

သို့သော် ဇန်နဝါရီလမှစတင်ကာ အမေရိကန်အစိုးရသည် ရန်ပုံငွေထောက်ပံ့ခြင်းကိုရပ်ဆိုင်းထားပြီး UNRWA မှ ဝန်ထမ်းများ၊ လုပ်ငန်းဆောင်တာများကို လျှော့ချရန်ဖိအားပေးခဲ့သည်။

ဂျေရုဆလင်ကို အစ္စရေးမြို့တော်အဖြစ် အသိအမှတ်ပြုပြီးသည့်အချိန်မှစ၍ ရန်ပုံငွေထောက်ပံ့ခြင်းရပ်ဆိုင်းမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ ပါလက်စတိုင်းဒုက္ခသည်များအတွက် ကုလသမဂ္ဂမှထောက်ပံ့မှုသည် အသက်သွေးကြောပမာအရေးပါလှပြီး အကူအညီအထောက်အပံ့များ ဆက်လက် မရရှိတော့မည်ကို စိုးရိမ်နေရကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



## နိုင်ငံတကာ သတင်းတိုထွာ

### ဝါရှင်တန်၌ကျင်းပမည့် စစ်ရေးပြအခမ်းအနားကို ရွှေ့ဆိုင်းရန် သမ္မတထရန့် စီစဉ်

ဝါရှင်တန် ဩဂုတ် ၁၇

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် ဝါရှင်တန်ဒီစီတွင် ပြုလုပ်မည့် စစ်ရေးပြအခမ်းအနားကို လာမည့်နှစ်မတိုင်မီ ရွှေ့ဆိုင်းရန် အစီအစဉ်ရှိသည်ဟု ပင်တဂွန်ဌာနက ကြာသပတေးနေ့တွင် ပြောကြားခဲ့သည်။

အမေရိကန်ကာကွယ်ရေးဌာနနှင့် အိမ်ဖြူတော်တို့သည် အမေရိကန်စစ်မှုထမ်းဟောင်းများ၊ ပထမကမ္ဘာစစ်ပြီးဆုံးခြင်း နှစ်(၁၀၀) မြောက် အထိမ်းအမှတ်အဖြစ် စစ်ရေးပြအခမ်းအနား ကျင်းပရန် စီစဉ်ခဲ့ကြခြင်းဖြစ်သည်။ ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၁၀ ရက်တွင် ကျင်းပရန်စီစဉ်ခဲ့သော်လည်း ၂၀၁၉ ခုနှစ်တွင်လည်း ကျင်းပရန်ဆွေးနွေးမှုများ ပြုလုပ်နေသည်ဟု ပင်တဂွန်မှ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီး ရော့ဘ်မန်းနီးက ပြောသည်။

အစီအစဉ် ရွှေ့ပြောင်းရခြင်း၏ အကြောင်းရင်းကိုမူ ဖော်ပြထားခြင်း မရှိပေ။ ကြာသပတေးနေ့တွင် ဒေသတွင်းမီဒီယာများက စစ်ရေးပြအခမ်းအနား ကျင်းပလျှင် ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၉၂ သန်း ကုန်ကျလိမ့်မည်ဟု ခန့်မှန်းထားခဲ့ပြီး အစောပိုင်းကာလ ခန့်မှန်းထားမှုများမှာ ဒေါ်လာ ၁၂ သန်းဟု ခန့်မှန်းထားခဲ့သည်။

အဆိုပါအခမ်းအနားသည် လွန်ခဲ့သည့်နှစ် ပါရီမြို့တွင် ပြုလုပ်ခဲ့သည့် စစ်ရေးပြအခမ်းအနားပြီးနောက် ပြုလုပ်ရန် စီစဉ်ခဲ့သော အခမ်းအနားလည်း ဖြစ်သည်။ ၁၉၉၁ ခုနှစ်နောက်ပိုင်းမှစ၍ ဝါရှင်တန် ဒီစီတွင် ကြီးကျယ်ခမ်းနားသည့် စစ်ရေးပြ အခမ်းအနားကျင်းပခြင်း မရှိခဲ့ပေ။ **ဆင်ဟွာ**

### ဩစတြေးလျ၌ မီးသတ်ရဟတ်ယာဉ် ပျက်ကျ၍ မောင်းနှင်သူ သေဆုံး

ဆစ်ဒနီ ဩဂုတ် ၁၇

ဆစ်ဒနီနိုင်ငံတောင်ပိုင်းတွင် သောကြာနေ့က ရေများတင်ဆောင်လာသော ရဟတ်ယာဉ်တစ်စင်းသည် သစ်ပင်နှင့် တိုက်မိပြီး ပျက်ကျခဲ့ရာ မောင်းနှင်သူ သေဆုံးခဲ့ကြောင်း သိရသည်။ အဆိုပါ ရဟတ်ယာဉ်သည် ၁၇၀၀ ဟက်တာနီးပါး လောင်ကျွမ်းနေသော တောမီးကို ငြိမ်းသတ်ရန် ဆောင်ရွက်နေသော ရဟတ်ယာဉ်လည်း ဖြစ်သည်။ လေကြောင်း လုံခြုံစိတ်ချရရေး အာဏာပိုင်အဖွဲ့ ပြောရေးဆိုခွင့်ရှိသူက BK 177 အမျိုးအစား အဆိုပါရဟတ်ယာဉ်သည် အူလာဒူလာ မြို့အနီးတွင် ပျက်ကျခဲ့ကြောင်း မွန်းလွဲ ၂ နာရီ ၁၅ မိနစ်ခန့်တွင် ဆေးဘက်ကူညီရေးအဖွဲ့များကို အခင်းဖြစ်ပွားရာနေရာသို့ ခေါ်ဆောင်ခဲ့ကြောင်း ပြောသည်။

ပူနွေးသောရာသီဥတုနှင့် လေပြင်းများ တိုက်ခတ်နေသဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရန် အခက်အခဲရှိကြောင်း၊ ရဟတ်ယာဉ်ပေါ်တွင် မောင်းနှင်သူတစ်ဦးသာပါရှိကြောင်း သိရသည်။ နယူးဆောက်ဝေးလ်ပြည်နယ် ရဲအရာရှိက ရဟတ်ယာဉ်ပျက်ကျသွားရာနေရာတွင် ကူညီရေးအဖွဲ့များလည်း ပေးပို့ထားကြောင်းပြောသည်။ **ဆင်ဟွာ**

# အီတလီနိုင်ငံမှ ဝမ်းနည်းကြေကွဲဖွယ်ရာဖြစ်ရပ်တစ်ခု

**ချူးစန္ဒီနွေး**

**မကြာသေးခင်ကပဲ နိုင်ငံတကာသတင်းစာမျက်နှာတွေမှာ ဝမ်းနည်းစရာကောင်းတဲ့သတင်းတစ်ပုဒ် ပါရှိခဲ့ပါတယ်။ အဲဒါကတော့ အီတလီနိုင်ငံ ဂျီနိုအာမြို့မှာ တံတားတစ်စင်းပြိုကျတဲ့သတင်းပဲ ဖြစ်ပါတယ်။ အဲဒီတံတားပြိုကျမှုကြောင့် လူပေါင်း ၃၉ ဦးသေဆုံးခဲ့ရပါတယ်။ အဲဒီအတွက်ကြောင့် အီတလီဝန်ကြီးချုပ် ဂူဆက်ပီကွန်တီဟာ ဂျီနိုအာဒေသမှာရှိတဲ့ တံတားပြိုကျခဲ့တဲ့နေရာမှာ နိုင်ငံတော်ရဲ့ အရေးပေါ်ကာလအဖြစ် ၁၂ လတာထားရှိမယ်လို့ ကြေညာခဲ့ပါတယ်။**



#### အပျက်အစီးတွေကများ

တံတားပြိုကျပြီဆိုတာနဲ့ ကယ်ဆယ်ရေးသမားတွေဟာ အစွမ်းကုန်ကြိုးစားခဲ့ကြပေမယ့် အခုအခါမှာတော့ အပျက်အစီးပုံအောက်က အသက်ရှင်ကျန်ရစ်သူကိုရှာဖွေတွေ့ရှိဖို့ဆိုတာ မျှော်လင့်ချက်အနည်းငယ်သာ ရှိပါတော့တယ်။

အင်္ဂါနေ့က တံတားပြိုကျစဉ် တံတားပေါ်မှာ ဖြတ်သန်းသွားနေကြတဲ့ မော်တော်ယာဉ်ပေါင်း အစီး ၄၀ လောက်ရှိပါတယ်။ အဲဒီကားတွေဟာ အမြင့် ၁၄၈ ပေခန့်ကနေပြုတ်ကျခဲ့တာပဲဖြစ်ပါတယ်။

#### ကယ်ဆယ်ရေးသမားတွေကြိုးပမ်း

တံတားပြိုကျရတဲ့ အကြောင်းရင်းကို စုံစမ်းနေဆဲဖြစ်ပေမယ့် တံတားကို ထိန်းသိမ်းတဲ့ ကုမ္ပဏီဥက္ကဋ္ဌကတော့ နုတ်ထွက်သွားရပါပြီ။ တံတားပြိုကျရာကနေ အသက်မသေဘဲ ကျန်ရစ်ခဲ့သူတွေကတော့ သူတို့ရဲ့ထိတ်လန့်တုန်လှုပ်ဖွယ်အကြောင်းအရာတွေကို အမြင်အာရုံထဲက မဖျောက်နိုင်တော့ပါဘူး။

တံတားပြိုကျတဲ့ နေ့ကဆိုရင် မီးသတ်သမား ရာပေါင်းများစွာဟာ ညလုံးပေါက်မနားမနေဘဲ ကြိုးပမ်းခဲ့ကြပါတယ်။ ကယ်ဆယ်ရေးအတွက် ပစ္စည်းကိရိယာအစုံအလင်သုံး၊ အနံ့ခံခွေး အစရှိတာတွေ အသုံးပြုပြီး အသက်ရှင်ကျန်ရစ်သူတွေကို ကယ်တင်ဖို့ ကြိုးပမ်းခဲ့ကြပါတယ်။

ဒါပေမယ့်လည်း အပျက်အစီးများလွန်းလို့ အလောင်းတောင်ရှာဖွေတွေ့ရှိဖို့ မလွယ်ခဲ့ပါဘူး။

#### ကုန်စည်စီးဆင်းမှုအတွက် အရေးပါသည့်တံတားတစ်စင်း

နောက်တစ်နေ့မှာတော့ သေဆုံးသူအရေအတွက်ကိုသိလာရပြီး သေဆုံးသူထဲမှာ ကလေးသုံးဦးထက်မနည်းပါဝင်တယ်လို့လည်း သိလာရပါတယ်။ မြို့အာဏာပိုင်တွေဟာ ဝမ်းနည်းကြေကွဲခြင်းအဖြစ် နှစ်ရက်တာ သတ်မှတ်ခဲ့ပါတယ်။

အသက်ရှင်ကျန်ရစ်သူတွေထဲမှ ၁၆ ဦးကို ဆေးရုံပို့ဆောင်ပေးနိုင်ခဲ့ပြီး အဲဒီထဲက ၁၂ ဦးကတော့အခြေအနေစိုးရိမ်ရတယ်လို့သိရပါတယ်။ တံတားအနီးအနားမှာနေထိုင်ကြတဲ့ လူနေအိမ်တွေက လူပေါင်း ၄၄၀ ခန့်ကိုလည်း ကယ်တင်ပြီး ပြောင်းရွှေ့နေရာချထားပေးခဲ့ရပါတယ်။

မိုရန်ဒီလို့ အမည်ရတဲ့ တံတားဟာ ၁၉၆၀ ပြည့်နှစ်ဝန်းကျင်က တည်ဆောက်ခဲ့တာဖြစ်ပြီး အီတလီနဲ့ ပြင်သစ်နိုင်ငံ အရှေ့တောင်ပိုင်းတို့ကို ဆက်သွယ်ပေးထားတဲ့အတွက် ကုန်စည်စီးဆင်းမှုမှာ အရေးပါတဲ့ တံတားတစ်စင်းလည်း ဖြစ်တယ်။

#### အသက်ရှင်ကျန်ရစ်သူတို့ရဲ့ အတွေ့အကြုံများ

တံတားပြိုကျရာမှာ အသက်မသေဘဲ အသက်ရှင်ကျန်ရစ်သူတွေကတော့ သူတို့ရဲ့ထိတ်လန့်ဖွယ် အတွေ့အကြုံတွေကို ရင်တမမနဲ့ ပြောပြကြပါတယ်။ အဲဒီနေ့က ပိတ်ရက်အားလပ်ရက်ရလို့ ခရီးသွားကြတဲ့မိသားစုတွေ၊ အလုပ်သွားကြတဲ့လူတွေနဲ့တံတားပေါ်မှာ ရှုပ်ယှက်ခတ်နေပါတယ်။

ဒီတော့ တံတားပြိုကျတဲ့အခါ ဘယ်နှယောက်သေတယ်၊ သေဆုံးသွားတဲ့ သူတွေကတော့ ဘယ်သူတွေဆိုတာသိရဖို့ အချိန်အတော်ယူခဲ့ရပါတယ်။ သေဆုံးသူထဲက အချို့ကိုတော့ ဘယ်သူဘယ်ဝါဆိုတာ အမည်ခွဲခွဲနိုင်ပါပြီ။

အသက်ရှင် ကျန်ရစ်သူတွေထဲက ဖိုးကံကောင်းလို့ ပြောရမယ့်သူကတော့ အီတလီစီးရီးအေပွဲတွေမှာ ကစားဖူးတဲ့ ဂိုးသမားဟောင်းတစ်ဦးဖြစ်သူ ဒါဗီဒီကာပယ်လိုပဲ ဖြစ်ပါတယ်။

သူ့ရဲ့ကားဟာမီတာ ၃၀ အမြင့်ကနေ ပြုတ်ကျခဲ့တာပဲဖြစ်ပြီး သူဟာ အသက်ရှင်ခဲ့ပါတယ်။ "ဒါဟာ ရုပ်ရှင်ဇာတ်ကားထဲက ဇာတ်ဝင်ခန်းတစ်ခုလိုပါပဲ။ အဲဒီအချိန်တုန်းက ကမ္ဘာပျက်သလိုဖြစ်နေပေမယ့် ကံကောင်းထောက်မစွာ ကျွန်တော့်ကားတော့ ကြေမွမသွားခဲ့ပါဘူး။ ကျွန်တော်ဘာကြောင့် အသက်ရှင်နေခဲ့သလဲဆိုတာ မသိတော့ပါဘူး" လို့ ပြောခဲ့ပါတယ်။

#### ဖိုးကံကောင်းတစ်ဦး

သူ့လိုပဲ နောက်ထပ်ကံကောင်းတဲ့လူတစ်ဦးကတော့ အသက် ၄၃ နှစ်အရွယ် ဆရာဝန်တစ်ဦးဖြစ်သူ ဗင်လင်တိုင်းနားဂယ်ဗာဆီရာပဲ ဖြစ်တယ်။ သူကတော့ သူ့အတွေ့အကြုံကို ဒီလိုပဲ ပြောပြခဲ့ပါတယ်။

"တံတားပြိုကျတာ ကျွန်တော့်ရှေ့မှာပါပဲ။ မီတာ ၂၀ တောင် မကွာပါဘူး။ နှစ်စက္ကန့် အချိန်လောက်မှာပဲ ကျွန်တော့်ဆီလွင့်စဉ်လာတဲ့ အပျက်အစီးတွေကို ရှောင်လိုက်နိုင်တယ်။ တံတားဟာ လှုပ်ယမ်းလာတယ်လို့စိတ်ထဲမှာ ခံစားလာရတဲ့အတွက် နောက်ပြန်ဆုတ်ဖို့ ကြိုးစားခဲ့တယ်။ အဲဒီနောက် ကားထဲကနေထွက်၊ အသားကုန်ပြေးတော့တာပါပဲ" လို့ သူ့ရဲ့ ရုပ်ရှင်ဆန်ဆန်အတွေ့အကြုံကို မျှဝေသွားခဲ့ပါတယ်။

> "အသက်ရှင်ကျန်ရစ်သူတွေထဲမှ ၁၆ ဦးကို ဆေးရုံပို့ဆောင်ပေးနိုင်ခဲ့ပြီး အဲဒီထဲက ၁၂ ဦးကတော့ အခြေအနေစိုးရိမ်ရတယ်လို့ သိရပါတယ်၊ တံတားအနီးအနားမှာနေထိုင်ကြတဲ့ လူနေအိမ်တွေက လူပေါင်း ၄၄၀ ခန့်ကိုလည်း ကယ်တင်ပြီး ပြောင်းရွှေ့နေရာချထား ပေးခဲ့ရပါတယ်"

#### အရေးယူမှုများ

တံတားပြိုကျရတဲ့ အကြောင်းအရင်းနဲ့ ပတ်သက်ပြီး သယ်ယူပို့ဆောင်ရေးဝန်ကြီး ဒန်နီလိုတိုနိုင်းလီ ဟာ အင်မတန်ကို စိတ်ဆိုးဒေါသထွက်ခဲ့ပါတယ်။ စာချုပ်ပါလိုက်နာရမယ့်အချက်တွေကို မလိုက်နာတဲ့အတွက် ကုမ္ပဏီရဲ့ ထိပ်ပိုင်းအရာရှိကိုနုတ်ထွက်ဖို့ တောင်းဆိုခဲ့ပါတယ်။

နောက်ပြီးကုမ္ပဏီကို ပြင်းထန်တဲ့ အရေးယူမှုတွေ ပြုလုပ်မယ်။ ပြီးတော့ လိုင်စင်လည်း သိမ်းမယ်လို့ပြောခဲ့ပါတယ်။ ကုမ္ပဏီဘက်ကလည်း တံတားရဲ့အရည်အသွေးကို ဥပဒေအတိုင်း သုံးလပတ်တစ်ခါ စစ်ဆေးစောင့်ကြည့်တယ်လို့ ပြောပါတယ်။

ဂျီနိုအာပြည်သူ့ ရှေ့နေရုံးကတော့ ပြိုကျရခြင်းအကြောင်းကို စုံစမ်းစစ်ဆေးဖို့ ပြုလုပ်နေပြီး ရှေ့နေအဖွဲ့ခေါင်းဆောင်ကတော့ ဒါဟာလူသားတွေကျူးလွန်တဲ့ အမှားလို့ ပြစ်တင်ဝေဖန်ခဲ့ပါတယ်။

#### သတိပေးမှုများ

လုံခြုံရေးဆိုင်ရာ သတိပေးချက်တွေကို လျစ်လျူရှုခဲ့လေသလော။ အီတလီမှာရှိတဲ့ အခြေခံအဆောက်အအုံတွေကို လုံခြုံစိတ်ချရရေးနဲ့ ပတ်သက်ပြီး ကာလရှည်ကြာ အငြင်းအခုံတွေ ရှိခဲ့ပါတယ်။

အခုတစ်ကြိမ် တံတားပြိုကျခြင်းဟာ ငါးနှစ်အတွင်းမှာ ငါးကြိမ်မြောက်တံတားပြိုကျခြင်းဖြစ်တယ်လို့ ကော်ရီလာဒယ်လာဆီရာ သတင်းစာမှာ ဖော်ပြထားပါတယ်။ အရင်တုန်းကလည်း မိုရန်ဒီတံတားကို ဘယ်လိုဆောက်လုပ်ခဲ့တယ်။ တံတားရဲ့ သက်တမ်းဟာ ဘယ်အချိန်အထိ ခံမယ်ဆိုတာကို အစီရင်ခံစာတွေ မေးခွန်းတွေရှိခဲ့ပါတယ်။

၂၀၁၂ ခုနှစ် ဒီဇင်ဘာလအတွင်းမှာ ဂျီနိုအာမြို့ကောင်စီဟာ ဒေသတွင်း သယ်ယူပို့ဆောင်ရေး အခြေခံအဆောက်အအုံတွေအတွက် ဘယ်လိုချဲ့ထွင်မှုတွေ ပြုလုပ်မယ်ဆိုတာ ပြည်သူထံအသိပေးမှုတွေ ပြုလုပ်ခဲ့ပါတယ်။ ဒေသအတွင်းလုပ်ငန်းစုမှာ ပြောရေးဆိုခွင့်ရှိသူကတော့ တံတားဟာနောက်ထပ် ၁၀ နှစ်အတွင်း ပြိုကျနိုင်တယ်လို့ သတိပေးခဲ့ပါတယ်။

၂၀၁၆ ခုနှစ်မှာလည်း တည်ဆောက်ရေးအင်ဂျင်နီယာ အန်တိုနီယိုဘရန်ချီက အဲဒီတံတားရဲ့ မှားယွင်းနေတဲ့အချက်တွေကို ထောက်ပြခဲ့ပါတယ်။

#### အခြေခံအဆောက်အအုံတွေ ပြန်စစ်မယ်

ဒီတံတားဟာ ကုန်စည်စီးဆင်းမှုအတွက်အရေးပါတဲ့ တံတားတစ်စင်းဖြစ်လို့ အခုအခါ သယ်ယူပို့ဆောင်ရေးအတွက် စိုးရိမ်ရတဲ့အချိန်ကာလပါပဲ။ အီတလီဝန်ကြီးချုပ် ဂူဆက်ပီကွန်တီကတော့ နိုင်ငံတစ်ဝန်းမှာရှိတဲ့ အခြေခံအဆောက်အအုံတွေရဲ့ လုံခြုံစိတ်ချရမှုကို နှစ်ခါပြန်စစ်မယ်လို့ ပြောခဲ့ပါတယ်။

ဝမ်းနည်းကြေကွဲစရာတွေကို ပြန်လည်တွေးတောနေရုံမျှနဲ့တော့ ဖြစ်ပြီးသမျှကိစ္စတွေဟာ နဂိုမူလအတိုင်း ပြန်မဖြစ်နိုင်တော့ပါဘူး။ အခုအချိန်မှာ ထိခိုက်နစ်နာမှုတွေ ကြုံတွေ့ခဲ့ရတဲ့ လူတွေရဲ့မိသားစုဝင်တွေဟာ ဖြေဆည်မရအောင် ဝမ်းနည်းနေကြမှာတော့ အမှန်ပါ။

နောက်ထပ် အလားတူဖြစ်ရပ်မျိုးတွေ ထပ်မံမကြုံတွေ့ရအောင် ကြိုးစားလုပ်ဆောင်ရမယ့် အချိန်အခါလည်း ဖြစ်ပါတယ်။ အီတလီဝန်ကြီးချုပ် ပြောသလို အများပြည်သူတွေအသုံးပြုနေတဲ့ အခြေခံအဆောက်အအုံတွေကို နှစ်ခါပြန်စစ်မယ်ဆိုတဲ့ အချက်ကတော့ တကယ့်ကို ကောင်းမွန်တဲ့အချက်တစ်ချက်ပါပဲ။

စုံစမ်းစစ်ဆေးမှုက ထွက်ပေါ်လာတဲ့ အချက်တွေကိုကြည့်ပြီး သင်ခန်းစာယူ ဆောင်ရွက်ဖို့ အကောင်းဆုံးအချိန်အခါပါပဲ။ ။

**ကိုးကား-ဘီဘီစီ**

## တိုင်းရင်းသားရေးရာ အခြေခံအချက်များကောက်ယူခြင်းနှင့် တိုင်းရင်းသားအခွင့်အရေးဆိုင်ရာပညာပေးခြင်းအခမ်းအနား ကယားပြည်နယ်ဝန်ကြီးချုပ်တက်ရောက်

လွိုင်ကော် ဩဂုတ် ၁၇

**တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန၊ တိုင်းရင်းသားရေးရာ အခြေခံအချက်များ ကောက်ယူခြင်းနှင့် တိုင်းရင်းသားအခွင့်အရေးဆိုင်ရာပညာပေးခြင်းကို ယမန်နေ့က လွိုင်ကော်မြို့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို တက်ရောက်သည်။**



အဆိုပါ ဆွေးနွေးပွဲတွင် တိုင်းရင်းသားကိုယ်စားလှယ်များဖြစ်သည့် ဦးခွန်းရှာမူအေးလာ၊ ဦးအန်ထော်နီ၊ ဦးခွန်မျိုးအောင်တို့က တိုင်းရင်းသားများ၏ နေ့ထူးနေ့မြတ် အခမ်းအနားများနှင့် အခြားဖိတ်ကြားသည့် အခမ်းအနားများတွင် တိုင်းရင်းသားဝတ်စုံများဝတ်ဆင်ကာ တက်ရောက်နိုင်ရန်နှင့် ဝတ်စုံမရှိသော တိုင်းရင်းသားများအတွက် လိုအပ်သည်များ ကူညီပေးနိုင်ရေး၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု တိုးတက်မြင့်မားရေးအတွက် လိုအပ်သည့် နည်းပညာနှင့် ငွေကြေးများ ထောက်ပံ့ပေးနိုင်ရေး၊ တိုင်းရင်းသားရိုးရာပစ္စည်းများ ဝယ်ယူစုဆောင်းနိုင်ရန် လိုအပ်သည်များ ကူညီထောက်ပံ့ပေးနိုင်ရေး၊ ကျေးရွာတိုင်းတွင် မူလတန်းပညာရေးကျောင်းများရှိသော်လည်း အလယ်တန်း၊ အထက်တန်းကျောင်းများ မရှိခြင်း၊ စားဝတ်နေရေးအရ နီးစပ်ရာနေရာများတွင် သွားရောက်ပညာသင်ယူရပါက ငွေကြေး အခက်အခဲများရှိခြင်းကြောင့် ပညာရေးအား ဆက်လက်သင်ယူနိုင်ရန်အတွက် ပရဟိတကျောင်းများ ဖွင့်လှစ်ပေးနိုင်ရေး၊ တိုင်းရင်းသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေး တို့ကို တင်ပြကြသည်။

အဆိုပါ တင်ပြမှုများအပေါ် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးက ထပ်ဆင့်ရှင်းလင်းတင်ပြခြင်း၊ တိုင်းရင်းသားလူ့အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးက ဆွေးနွေးပွဲရလဒ်များကို ပြန်လည်ရှင်းလင်းတင်ပြခဲ့သည်။

ဆွေးနွေးတင်ပြချက်များနှင့် ပတ်သက်ပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပံ့ပိုး၊ ကူညီ၊ ချိတ်ဆက်ပေးရမည့် ကဏ္ဍများကို အလေးထား ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားရေးရာကဏ္ဍများ ဆောင်ရွက်ရာတွင် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးရမည့် ကိစ္စရပ်များရှိပါက တင်ပြပေးရန်နှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ ပြောကြားသည်။ **အောင်ထွန်းလေး**

## ချင်းပြည်နယ်အစိုးရအဖွဲ့၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာကာလဆောင်ရွက်ချက် သတင်းစာရှင်းလင်းပွဲ ချင်းပြည်နယ်ဝန်ကြီးချုပ် တက်ရောက်



**ဟားခါး ဩဂုတ် ၁၇**

ချင်းပြည်နယ်အစိုးရအဖွဲ့၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို ယမန်နေ့က ဟားခါးမြို့ ချင်းပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သတင်းစာရှင်းလင်းပွဲတွင် ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က ချင်းပြည်နယ်အစိုးရအနေဖြင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာကာလအတွင်း လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ လျှပ်စစ်မီးရရှိရေးနှင့် ပြည်နယ်နှင့်ကိုက်ညီသည့် စိုက်ပျိုးရေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရေးစသည့် ဦးစားပေးလုပ်ငန်းသုံးခုကို ချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ ပြည်နယ်အတွင်း နေထိုင်ကြသည့် ပြည်သူများ၏ အကြံပေးမှုကို အမြဲတမ်းကြိုဆိုလျက်ရှိသည့်အပြင် ပြည်နယ်ပြင်ပ၌ နေထိုင်ကြသည့် ချင်းလူမျိုးများ၊ ပညာရှင်များ၊ လုပ်ငန်းရှင်များ အားလုံးကလည်း ပြည်နယ်အတွင်း လာရောက်ပြီး ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားသည်။

ဆက်လက်၍ ချင်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ဒုတိယတစ်နှစ်တာ ကာလအတွင်း လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ မိမိတို့သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းကြသည်။

ထို့နောက် တက်ရောက်လာကြသော ပြင်ပသတင်းမီဒီယာများ၏ မေးမြန်းချက်များကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(မြန်/ဆက်)**

## ကရင်ပြည်နယ်ရေဘေးသင့်ပြည်သူများအတွက် ဂျပန်နိုင်ငံမှ ဆန်တန်ချိန် ၅၀ လှူဒါန်းမှု ကရင်ပြည်နယ်ဝန်ကြီးချုပ်ထံပေးအပ်

**ဘားအံ ဩဂုတ် ၁၇**

ကရင်ပြည်နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် အာဆီယံ အပေါင်း ၃ အရေးပေါ် အရန်ဆန်ရိက္ခာ အစီအစဉ် ၃ အရ ဂျပန်နိုင်ငံမှ ဆန်တန်ချိန် ၅၀၊ Unicef နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေပေးဝေရေးနှင့် မိသားစုသုံး ကျန်းမာရေးပစ္စည်းများ၊ စိုက်ပျိုးရေး ဦးစီးဌာနမှ မျိုးစပါးများနှင့် ကြက်သွန်နီများကို ဩဂုတ် ၁၇ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်ဝန်ကြီးချုပ်ထံလွှဲပြောင်းပေးအပ်ခဲ့ကြောင်းသိရ သည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က ယခုကဲ့သို့ ကူညီပံ့ပိုးမှုများရသည့်အတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားပြီး ဂျပန်နိုင်ငံအစိုးရကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ တတိယအတွင်းဝန်က ဆန်များလှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဗန်ကောက်မြို့အခြေစိုက် အရေးပေါ်အရန်ဆန်ရိက္ခာ အတွင်းရေးမှူးရုံးမှ အကြီးအကဲMr.Chanpithya Shimphalee က APTERR အဖွဲ့မှ လှူဒါန်းသည့် ဆန်တန်ချိန် ၅၀ ကိုလည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က Unicef နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လှူဒါန်းသည့် ရေပေးဝေရေးနှင့် မိသားစုသုံး ကျန်းမာရေးပစ္စည်းများကို လည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ လှူဒါန်းသည့် သက်တမ်းတို နှံကောက်မျိုးစပါး တင်း ၁၀၀၀ နှင့် ကြက်သွန်နီ ၂၁၄၅ ပိဿာတို့ကို လည်းကောင်း ပြည်နယ်ဝန်ကြီးချုပ်ထံ လွှဲပြောင်းပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း**

**(မြန်/ဆက်)**





## ရခိုင်ပြည်နယ် ကျောင်းကျန်းမာရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ရေး ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

**စစ်တွေ ဩဂုတ် ၁၇**

ရခိုင်ပြည်နယ် ကျောင်းကျန်းမာရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့က ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက ကျောင်းကျန်းမာရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည်ဖြစ်သည့် အတွက်ကြောင့် သက်ဆိုင်ရာကော်မတီဝင်များ၊ နှီးနွှယ်ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများနှင့် ပါဝင်ပတ်သက်သူများအနေဖြင့် စိတ်ပါဝင်စားစွာ ဆွေးနွေးပေးကြစေလိုကြောင်း၊ ကျောင်းကျန်းမာရေးဖြစ်သည့်အတွက်ကြောင့် ပေါ့ပေါ့ဆဆမနေကြဘဲ အားလုံးဝိုင်းဝန်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကြည်လွင်က ကျောင်းကျန်းမာရေး ဆောင်ရွက်ရမည့်လုပ်ငန်းများ အကြံပြုတင်ပြပြီး ပြည်နယ်ပညာရေး ညွှန်ကြားရေးမှူး ဦးအောင်သန်းမြင့်က ကျောင်းကျန်းမာရေးနှင့် ပတ်သက်၍ ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ဆွေးနွေးတင်ပြသည်။ ယင်းနောက် တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ ခရိုင်နှင့် မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူးများက ကျောင်းကျန်းမာရေးလုပ်ငန်းများ လုပ်ရှားဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအား အကြံပြုဆွေးနွေးကြသည်။ **တင်ထွန်း(မြန်/ဆက်)**

## တိုင်းဒေသကြီးအဆင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် ကျင်းပ

**မကွေး ဩဂုတ် ၁၇**

ပြည်သူလူထုအတွင်း အာဟာရအသိပညာ အမူအကျင့် ပိုမိုတိုးတက်လာခြင်းနှင့်အတူ ကလေးငယ်များနှင့်အမျိုးသမီးများ၏ ကျန်းမာရေး၊ အာဟာရအခြေအနေ ပိုမိုကောင်းမွန်မြင့်မားလာစေရေးအတွက် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ တိုင်းဒေသကြီးအဆင့် ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က မကွေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုဖွင့်ပွဲတွင် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေးက အာဟာရချို့တဲ့မှုနှင့် အာဟာရလွန်ကဲခြင်းမှာ ကမ္ဘာ့ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အဓိကရင်ဆိုင်နေရသည့် ပြဿနာဖြစ်ပြီး ကလေးသူငယ်များနှင့်အမျိုးသမီးများတွင် အများဆုံးခံစားနေရကြောင်း၊ WHO ၏ ထုတ်ပြန်ချက်အရ ၂၀၁၆ ခုနှစ်တွင် အသက်ငါးနှစ်အောက်ကလေးများ သေဆုံးမှု၏ ၄၅ ရာခိုင်နှုန်းသည် အာဟာရနှင့်ဆက်နွှယ်သောအကြောင်းများကြောင့် ဖြစ်ကြောင်း၊ မိခင်နှင့်ကလေးသေဆုံးမှုလျှော့ချခြင်းသည် အာဟာရဖွံ့ဖြိုးတိုးတက်မှုပေါ်တွင် အများကြီးမူတည်နေပြီးကလေးငယ်များ အာဟာရပိုမိုမြင့်မားလာစေရန် ကိုယ်ဝန်ဆောင်မိခင်နှင့် နို့တိုက်မိခင်များ အာဟာရအသိပညာ ပိုမိုတိုးပွားလာစေရန်အတွက် အသက်နှစ်နှစ်အောက်ကလေးငယ်များ အစာကျွေးမွေးပြုစုခြင်းသင်တန်းများ၊ လတ်တလော အာဟာရချို့တဲ့မှု ဘက်စုံကုသစောင့်ရှောက်ခြင်း စီမံကိန်းများကို တိုင်းဒေသကြီးအတွင်း အကောင်အထည်ဖော်ဆောင်ရွက်နေပြီးဖြစ်ကြောင်း၊ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များကို ပထမပတ်တွင် မိခင်နို့တိုက်ကျွေးရေး၊ ဒုတိယပတ်တွင် ငါးနှစ်အောက်ကလေးများနှင့်ကျောင်းသားလူငယ်များ အာဟာရ ဖွံ့ဖြိုးရေး၊ တတိယပတ်တွင် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးနှင့် စတုတ္ထပတ်တွင် အိုင်အိုဒင်းချို့တဲ့မှု ပပျောက်ရေးစသည့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ သတ်မှတ်ပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**



# မကွေးတိုင်းဒေသကြီး၌ ကျွဲ၊ နွားအရှင်တင်ပို့ရောင်းချမှုကြောင့် လျော့ပါးသွားနိုင်သည့် ကောင်ရေများ ပြန်လည်ဖြည့်ဆည်းရန် မေထုန်မဲ့သားစပ်လုပ်ငန်းများ ဆောင်ရွက်

**မကွေး ဩဂုတ် ၁၇**

မကွေးတိုင်းဒေသကြီး၌ ကျွဲ၊ နွားအရှင်များကို တရားဝင် တင်ပို့ရောင်းချခွင့်ပြုထားသည့် ကုမ္ပဏီ ၁၇၉ ခုရှိသော်လည်း တရားမဝင်ကုန်သွယ်မှုများရှိနေဆဲဖြစ်ကာ လျော့ပါးသွားနိုင်သည့် တိရစ္ဆာန်ကောင်ရေများ ပြန်လည်ဖြည့်ဆည်းရန် မေထုန်မဲ့သားစပ်လုပ်ငန်းများကို ဆောင်ရွက်နေကြောင်း သိရသည်။

"ကျွဲ၊ နွားတွေကို အရှင်တင်ပို့ရောင်းချတဲ့အခါ ကုန်သွားမလားဆိုတဲ့ မေးခွန်းတွေရှိပါတယ်။ တရားဝင်သွားတာနဲ့တော့ မကုန်ဘူး။ ကျွဲ၊ နွား တရားဝင်ပို့ခွင့်ရကုမ္ပဏီတွေကနေ ကောင်ရေ ၁၄၀၀ ပြည်ပကို တင်ပို့ပြီးဖြစ်ပါတယ်။ ကျွန်တော်တို့တိုင်းဒေသကြီးထဲမှာ ကျွဲ၊ နွားကောင်ရေ ၁၆ သိန်းလောက်ရှိတယ်။ တရားဝင်တင်ပို့တဲ့ပမာဏက ဘာမှထိခိုက်စရာမရှိပါဘူး။ ဒါပေမယ့် တရားမဝင်သွားတာတွေရှိသလို မေးခွန်းတွေမေးလာတဲ့အခါ လျော့ပါးသွားတဲ့ကောင်ရေ ပြန်လည်ဖြည့်ဆည်းဖို့ဆိုပြီး မေထုန်မဲ့သားစပ်တဲ့လုပ်ငန်းကို လုပ်နေတာပါ" ဟု တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနဦးစီးမှူး ဒေါက်တာမောင်မောင်စိုးက ပြောသည်။

မကွေးတိုင်းဒေသကြီးအတွင်း၌ ၂၀၁၃-၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ် ဇူလိုင်လအထိ ခိုင်းနွား ၄၇၇၃ ကောင်၊ နို့စားနွား ၂၀၅၂ ကောင်၊ အသားစား ၂၅၄ ကောင် စုစုပေါင်း နွားကောင်ရေ ၇၀၇၉ ကောင်ကို မေထုန်မဲ့ မျိုးစပ်မျိုးပွားပေးနိုင်ခဲ့ပြီး ဇီးရှိ (ကိုယ်ဝန်ဆောင်) ကောင်ရေ ၁၈၆၁ ကောင်၊ သားပေါက်ကောင်ရေ ၆၀၂ ကောင်ရှိကြောင်း ဌာနမှတ်တမ်းများအရ သိရသည်။

"ရွာတွေမှာတော့ သာမန်သားစပ်တာတွေတော့ ရှိပါတယ်။ မေထုန်မဲ့သားစပ်တော့ ပိုကောင်းလာတာပေါ့။ သားစပ်တဲ့မျိုးချောင်းက တကယ့်ကောင်းပေ့ဆိုတဲ့ နွားသိုးတွေကိုဝယ်ပြီးမှ သူ့ဆီကမျိုးရည်ကို ထုတ်ထားတာပါ။ ရွှေနီ၊ နွားပြာစိမ်း တစ်မျိုးမျိုးနဲ့ စပ်ချင်ရင်ပဲဖြစ်ဖြစ်၊ နို့စားနွားနဲ့ စပ်ချင်ရင်ပဲဖြစ်ဖြစ် မျိုးစစ်စစ်ကိုရမှာပဲဖြစ်ပါတယ်။ ပြည်သူတွေရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်မှာပါ" ဟု ဒေါက်တာမောင်မောင်စိုးက မေထုန်မဲ့သားစပ်မှုလုပ်ငန်း၏ အကျိုးရလဒ်ကို ရှင်းပြသည်။

သားမျိုးရည်ချောင်းများကို ရေခဲမှတ်အောက် အနုတ် ၁၉၆ ဒီဂရီစင်တီဂရိတ်တွင် ထိန်းသိမ်းထားရပြီး ယင်းသို့ ထိန်းသိမ်းရန် နိုက်ထရိုဂျင်အိုးများမှာ အဓိကလိုအပ်ချက်တစ်ခုဖြစ်ကြောင်း၊ ယင်းလိုအပ်ချက်ကို တိုင်းဒေသကြီးအစိုးရ ထောက်ပံ့ရန်ပုံငွေကျပ် ၃၇၅ သိန်းဖြင့် နိုက်ထရိုဂျင်အိုးကြီး ၂၅ လုံး၊ အိုးသေး ၂၅ လုံး ဝယ်ယူခဲ့ပြီး Good Brother ကုမ္ပဏီမှ အိုးကြီး ၁၀ လုံး၊ အိုးသေး ၂၈ လုံး လှူဒါန်းခဲ့ကြောင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန (ရုံးချုပ်) မှ အိုးကြီး ကိုးလုံး ၊ အိုးသေး ၁၂ လုံး ထောက်ပံ့ပေးခဲ့သည့်အတွက် တိုင်းဒေသကြီးအတွင်း မေထုန်မဲ့သားစပ်လုပ်ငန်း၌ နိုက်ထရိုဂျင်အိုးကြီး ၄၄ လုံး၊ အိုးသေး ၆၅ လုံးဖြင့် မြို့နယ်အနှံ့ ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း သိရသည်။



**ဇေယျာတု (မကွေး)**

# ထန်းတပင်၌ ရေနံစမ်းသပ်တူးဖော်မှု စီမံကိန်း မအောင်မြင်သဖြင့် မူလလယ်သမားများအား ပြန်လည်ပေးအပ်မည်

**ရန်ကုန် ဩဂုတ် ၁၇**

ရေနံစမ်းသပ်တူးဖော်မှုစီမံကိန်း မအောင်မြင်သဖြင့် ပြန်လည်စွန့်လွှတ်ထားပြီး ယာယီလုပ်ပိုင်ခွင့်ပြုထားသည်မှာ နှစ်နှစ်ခန့်ကြာမြင့်ပြီဖြစ်သော လယ်မြေ ၁၉ ဧကကျော်ကို မူလလယ်သမားကိုးဦးထံ ၎င်းတိုက်ရိုက် ပြန်လည်ပေးအပ်မည်ဖြစ်ကြောင်း ထန်းတပင်မြေစာရင်းဦးစီးဌာနမှ သိရသည်။

ယင်းမြေများမှာ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ရေနံစမ်းသပ်တူးဖော်ရန်အတွက် ၁၉၇၂ ခုနှစ်က သိမ်းဆည်းထားခဲ့ခြင်းဖြစ်ပြီး ရေနံမြေတူးဖော်ရေးစီမံကိန်းလုပ်ငန်း မအောင်မြင်သောကြောင့် ပျက်ပြယ်ကာ ၁၉၇၄ ခုနှစ်မှ ယနေ့ထိတိုင် ရုပ်သိမ်းသွားခဲ့သော လယ်ယာမြေများဖြစ်ကြောင်း၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းက နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်ထားပြီးဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ရိုးခွကျေးရွာအုပ်စုမှ လယ်သမားကိုးဦးပိုင် ကွင်းအမှတ် ၂၄၄၊ ကွင်းအမည် ရိုးခွကွင်း၊ ဦးပိုင် ၃/၅/၆/၄/ ၂၅/၆ ရှိ မြေဧရိယာ ၁၉ ဒသမ ၈၄ ဧကဖြစ်ကြောင်း၊ အဆိုပါလယ်မြေများကို မူလလယ်သမားများသို့ ၂၀၁၆ ခုနှစ် မတ် ၃၀ ရက် တိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီမှ စိုက်ပျိုးမြေအဖြစ် ယာယီအသုံးပြုခွင့်ပေးထားခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသိန်း (မရမ်းကုန်း)**

# မင်းဘူးမြို့၌ ကလေးစာပေပွဲတော် ကဏ္ဍစုံလင်စွာဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**မင်းဘူး ဩဂုတ် ၁၇**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် မင်းဘူးခရိုင်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းကျင်းပသော ကလေးစာပေပွဲတော် (မင်းဘူး) ကို ဩဂုတ် ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ မင်းဘူးမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ ကဏ္ဍစုံလင်စွာဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကလေးစာပေပွဲတော်တွင် ပြိုင်ပွဲများ၊ ပြခန်းများ၊ အသိပညာပေး ဟောပြောပွဲများ ပါဝင်မည်ဖြစ်ပြီး ပြိုင်ပွဲများအနေဖြင့် ပုံပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ အိမ်ဆောက်ကစားနည်းပြိုင်ပွဲ၊ အရုပ်ဆက်၊ စကားပုံဆက်ပြိုင်ပွဲ၊ မူကြိုကဗျာရွတ်ပြိုင်ပွဲ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲ၊ အားကစားမျိုးစုံ ပြိုင်ပွဲများ ပါဝင်မည်ဖြစ်ကြောင်း၊ ပြခန်းများပြသရာတွင် ကလေးစာဖတ်ခန်း၊ စာအုပ်ပြခန်း၊ ယဉ်ကျေးမှု အနုပညာနှင့် ဒေသဆိုင်ရာ ပြခန်း၊ မြန်မာမြေစွမ်းအားမြှင့် (A1) မီးဖိုထုတ်လုပ်ရေးပြခန်း၊ ကလေးသူငယ်ဆိုင်ရာ ပြခန်း၊ နတ်ရေကန် တောင်တန်းဒေသ အရှိချင်းရိုးရာအသုံးအဆောင်ပစ္စည်းများ ပြခန်းစသည့်ပြခန်းများ ပြသမည်ဖြစ်ကြောင်း၊ ထို့ပြင် ဩဂုတ် ၂၆ ရက် ည ၇ နာရီခွဲတွင် ဒေသခံစာရေးဆရာများမှ အသိပညာပေးဟောပြောခြင်းများဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် အဆိုပါ ကလေးစာပေပွဲတော်သို့ မည်သူမဆို လွတ်လပ်ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနိုင်ကြောင်း မင်းဘူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းဌေးထံမှ သိရသည်။

**မျိုးမြတ် (မင်းဘူး)**

# မိတ္ထီလာမြို့ရှိ ပေါက်ချောင်းဈေးသစ်ကြီး စက်တင်ဘာလ၌ ဖွင့်လှစ်မည်

**မိတ္ထီလာ ဩဂုတ် ၁၇**

မိတ္ထီလာမြို့တွင် စည်ပင်သာယာရေးအဖွဲ့ပိုင် မိတ္ထီလာဈေးကြီး၊ ပုလဲဈေး၊ ပေါက်ချောင်းဈေး၊ ရန်မျိုးအောင်ဈေး၊ မြို့သစ်ဈေး ဟူ၍ ဈေးငါးဈေးရှိရာ ပေါက်ချောင်းဈေးကို မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၈ ခုနှစ် မေလက ဈေးသည်များ မိုးလုံစေရန်အတွက် အုတ်သမံတလင်းခင်း၊ သွပ်မိုးကာ အလျား ၁၉၂ ပေ၊ အနံ ပေ ၆၀ ရှိ ဈေးသည် ၃၀၀ ဆံ့ဈေးသစ်ကြီးကို ငွေကျပ် သိန်း ၅၀၀ ခန့် အကုန်အကျခံ၍ တည်ဆောက်ပေးခဲ့ရာ ယခုအခါ ဈေးသစ်ကြီး ပြီးစီးနေပြီဖြစ်၍ စက်တင်ဘာလတွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။



ပေါက်ချောင်းဈေးတွင် ခေါင်းရွက်ဗျပ်ထိုးဈေးသည် ၃၀၀ ခန့်ရှိပြီး ဈေးသည်များမှာ အမိုးအကာမရှိ မိုးရွာအစို၊ နေပူအခြောက်ဖြင့် လမ်းဘေးတွင် ဖြစ်သလို ရောင်းဝယ်နေကြရသည်။

ယခုအခါ ပေါက်ချောင်းဈေးသည်များမှာ ပေါက်ချောင်းကားလမ်းပေါ်တွင် ဈေးရောင်းနေကြရသဖြင့် ကားလမ်းပိတ်ပြီး ယာဉ်အန္တရာယ်ဖြစ်မည်ကို စိုးရိမ်နေကြသည်။ ထို့အပြင် ဈေးသိမ်းအပြီးတွင် လမ်းပေါ်၌ အမှိုက်သရိုက်များ ကျန်နေရစ်ခဲ့ကြသည်။

အဆိုပါဈေးသစ်ကြီး ဆောက်လုပ်ပြီးစီးသဖြင့် ဈေးဆိုင်များ စနစ်တကျ နေရာချထားရန်အတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မိတ္ထီလာမြို့နယ် စီမံခန့်ခွဲရေးကော်မတီသို့ တင်ပြထားကြောင်း သိရသည်။

**တင်လှိုင် (မိတ္ထီလာ)**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၇-၈-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၅၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၆၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၅၂၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၆၀၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၃၅/၉၇၀ ကျပ် | ၉၈၀/၉၉၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၄၅/၉၈၀ ကျပ် | ၉၉၀/၁၀၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၉၀၀/၉၄၀ ကျပ် | ၉၇၅/၉၉၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၄၅/၉၈၀ ကျပ် | ၁၀၂၅/၁၀၄၀ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၄၉၈ ・ ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၀၃ ・ ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၈၈ ・ ၉ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၀၅ ・ ၁ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၅၁ ・ ၁ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၈၈ ・ ၀ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၇ ・ ၆၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ ・ ၃၇၃ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၂ ・ ၉၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၅ ・ ၀၁ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၅ ・ ၁၄၈ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ **Help Line** တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | |
|---|---|
| **စာတည်းမှူးချုပ်** | - အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - ဝင်းကျော် |
| **စာတည်းမှူး** | - မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - မြင့်စိုး၊ ကြည်ဝင်း၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm

# ကယန်းလူမျိုးတွေအကြောင်းကို အခြေခံပြီး ရိုက်ကူးနေသည့် "ချည်" ဇာတ်ကားထဲက နေတိုး

"ချည်" ဟု အမည်ရသည့် ရုပ်ရှင်ဇာတ်ကားကို အောင်တိုင်းကျော် ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ရိုက်ကူးပြီး ဒါရိုက်တာ ညွန့်မြန်မာညီညီအောင်က ဖန်တီးရိုက်ကူးကာ သရုပ်ဆောင် နေတိုး၊ သက်မွန်မြင့်၊ ရွှေသမီးနှင့် အနုပညာရှင်များစွာပါဝင် သရုပ်ဆောင်ထားကြောင်းသိရသည် ။ အဆိုပါ ဇာတ်ကားသည် မြန်မာပြည်ရှိ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာဓလေ့ထုံးတမ်းစဉ်လာများကို ပုံဖော်ရိုက်ကူးထားသော ဇာတ်ကားတစ်ကားဟု သိရသည်။



**ဇာတ်ကားအကြောင်း**

"ကယားပြည်နယ်ဘက်မှာ ရိုက်ထားတာလေးတွေကတော့ ပြီးသွားပါပြီ။ ရန်ကုန်ဘက်မှာပဲ အချို့ဇာတ်ဝင်ခန်းလေးတွေ ရိုက်ဖို့ ကျန်ပါတော့တယ်။ ဒီကားလေးမှာ ကျွန်တော်နဲ့ သက်မွန်မြင့်နဲ့အတူ ရိုမန့်၊ ဒရာမာဆန်ဆန် ရိုက်ထားကြတာပါ။ ရှေ့မှာ ကျွန်တော်တို့ မောင်နှမနှစ်ယောက်ကို အချစ်ကားတွေမှာပဲ တွေ့ရတာများပါတယ်။ အခုဒီကားကတော့ အသွင်မတူတာလေးတွေ တွေ့ရမှာပါ။ ဇာတ်ကားရဲ့အဓိကအကြောင်းအရာကတော့ ရိုးရာကို အခြေခံထားတဲ့ ကားတစ်ကားဖြစ်တယ်။ ကယားပြည်နယ်မှာရှိတဲ့ ကယန်းလူမျိုးတွေရဲ့ ရိုးရာကို အခြေခံထားတဲ့ အိမ်ထောင်ရေးကားတစ်ကားဆိုလည်း မမှားပါဘူး။

**အခက်အခဲ**

"အလုပ်ပိုင်းနဲ့ ပတ်သက်ရင်တော့ သက်မွန်နဲ့ ကျွန်တော်တို့က အနုပညာအလုပ်တွေ စပြီးလုပ်ကတည်းက အလုပ်ကို အလေးထားကြတယ်။ ကိုယ့်ကို ပေးလာတဲ့တာဝန်ကို အားလုံးက ကျေပွန်စွာလုပ်ဆောင်ကြပါတယ်။ သရုပ်ဆောင်တဲ့အခါလည်း အပေးအယူမျှအောင် တိုင်ပင်ပြီး လုပ်ကြတယ်။ သူနဲ့ကလည်း ပြောစရာမလိုအောင် အစကတည်းက ဇာတ်ကားတွေမှာ အပေးအယူမျှကြတာမို့ အခက်အခဲမရှိသလောက်ပါပဲ။ တစ်ခုကတော့ သက်မွန်မြင့်က ငိုတဲ့အခန်းတွေဆို အလွန်တော်တယ်။ သူငိုတာနဲ့တင် ကျွန်တော် သရုပ်ဆောင်ဖို့ မေ့မေ့သွားတယ်။ ဇာတ်ကားကလည်း အိုက်တင်လုပ်လို့ကောင်းတဲ့ ဇာတ်ဖြစ်နေတာရယ်။ ပြီးတော့ ဒါရိုက်တာကလည်း တစ်ခုကောင်းတယ်။ သူမကြိုက်မချင်း ရိုက်ခိုင်းတာ။ သူလိုချင်တဲ့ပုံစံ မရမချင်းပေါ့။ အများကြီး ကြိုးစားထားကြလို့ ပရိသတ်တွေ အားပေးရကျိုးနပ်မဲ့ကားပါ" ဟု နေတိုးက ပြောသည်။

ကိုလင်း

## Rose Garden Hotel Wedding Fair 2018 တွင် မြန်မာရိုးရာ မင်္ဂလာဝတ်စုံတွေကို ရိုးရာမပျောက်အောင် ချုပ်လုပ်ပြသမည်

တတိယအကြိမ်မြောက် ကျင်းပမည့် Rose Garden Hotel Wedding Fair 2018 နိုင်ငံကျော်အနုပညာရှင် ၃၀ နဲ့ မြန်မာရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းသည့်အနေဖြင့် Aroma Wedding Studio က မြန်မာ့ဖက်ရှင်များကိုသာ အဓိကထားပြသွားမည်ဖြစ်ပြီး ပြပွဲကို စက်တင်ဘာ ၁ ရက်မှ ၂ ရက်အထိ ရန်ကုန်မြို့ အထက်ပန်းဆိုးတန်းလမ်းရှိ Rose Garden Hotel ၌ ကျင်းပမည်ဟု သိရသည်။ အဆိုပါပြပွဲတွင် ပြသမည့် Aroma လုပ်ငန်းစုမှ ဦးအောင်မြတ်သူက ယနေ့ခေတ် မြန်မာမင်္ဂလာဝတ်စုံများမှာ ခေတ်ရေစီးကြောင်းအရ ပြောင်းလဲမှုများ ရှိနေသော်လည်း ဈေးကွက်အတွင်း၌ အချို့ဒီဇိုင်နာများ မိမိတို့၏ ရိုးရာမြန်မာမင်္ဂလာဝတ်စုံတွေကို အိမ်နီးချင်းနိုင်ငံများ၏ လက်ရာများဖြင့် ဖန်တီးထည့်သွင်းပုံဖော်နေမှုကို ယခုကဲ့သို့ ပြောပြသည်။

"အထူးသဖြင့် ကျွန်တော်တို့ တိုင်းပြည်မှာ မင်္ဂလာဝတ်စုံကို ဈေးကွက်အရ အပြိုင်အဆိုင် ဆန်းသစ်ပြီး ချုပ်လုပ်ဖန်တီးနေကြတာ များလာတယ်။ အဲ့ဒီအတွက်လည်း ဂုဏ်ယူပါတယ်။ တစ်ခုပဲရှိတယ်။ ထိုင်းတို့၊ တရုတ်တို့ရဲ့ လက်ရာအငွေ့အသက်တွေ ပါနေတာ အချို့တွေ့ရတယ်။ ဈေးကွက်ထဲကိုလည်း ပြည်ပကနေပြီး Wedding Studio အချို့ ဝင်လာကြတယ်။ အဲ့လိုဝင်လာပြီး ပြည်တွင်း ဟိုတယ်တွေနဲ့ပေါင်းပြီး ကိုယ့်ပြည်တွင်းက ငွေတွေက သူတို့တွေဆီ ရောက်သွားကြတယ်။ အဲ့ဒီအခါ ကျွန်တော်တို့ ပြည်တွင်းလုပ်ငန်းရှင်တွေ အနေနဲ့ ဈေးကွက်မှာ အဆင်မပြေတာတွေဖြစ်လာတယ်" ဟု ဦးအောင်မြတ်သူက ပြောသည်။




ဈေးကွက်ထဲတွင် ယနေ့ခေတ်စားပြီး လူကြိုက်များနေသည်မှာ အချိတ်လိုင်းများနှင့် စီးကွင့်ပုံစံချုပ်လုပ်ထားသည့် ဒီဇိုင်းများကို ပိုမိုလူကြိုက်များကြောင်း၊ ထို့အတွက်ကြောင့် ဖန်တီးချုပ်လုပ်ခြင်းဖြစ်ကြောင်း သိရပြီး ပြည်ပနိုင်ငံအချို့သို့ ငွေကြေးတတ်နိုင်သူများက သွားရောက်ကာ Wedding Photo ရိုက်ကူးမှုများ ရှိနေကြကြောင်း၊ ယခုဆိုလျှင် ပြည်ပနိုင်ငံများမှ Wedding လုပ်ငန်းများလည်း ပြည်တွင်းဈေးကွက်ကို နေရာယူလာကြကြောင်း သိရသည်။

ကိုလင်း

## Myanmar Idol Season 3 Winner
### ဖြိုးမြတ်အောင် ၁၄ နှစ်သားအရွယ်ကတည်းက သီချင်းတွေနှင့် ကြီးပြင်းခဲ့သည်ဟုဆို

၂၀၁၈ ခုနှစ်အတွက် ပြီးဆုံးသွားပြီဖြစ်သည့် Myanmar Idol Season 3 သီချင်းဆိုပြိုင်ပွဲမှာ ပရိသတ်များကြား ဝေဖန်မှုအမျိုးမျိုးဖြင့် ကျန်ရှိနေသေးပြီး ထိုအကြောင်းအရာ များနှင့်ပတ်သက်ပြီး Myanmar Idol Season 3 Winner ဖြိုးမြတ်အောင်က "ကျွန်တော်ဝေဖန်မှုတွေကို ခံနိုင်ပါတယ်။ နယ်မှာ ကျွန်တော် ၁၄ နှစ်သားလောက်ကတည်းက သီချင်းတွေဆိုဖူးတယ်။ တုတ်တွေနဲ့ အပစ်ခံရတယ်။ တစ်ရွာနဲ့တစ်ရွာ အပြိုင်အဆိုင်တွေလုပ်တာဆိုတော့ ကျွန်တော့်ကိုတော့ ပစ်တာမဟုတ်ဘူးပေါ့။ ခဲတွေနဲ့ခုတ်တာတောင်ကြုံဖူးတော့ စကားလုံးတွေနဲ့ ဝေဖန်တိုက်ခိုက်တာကို ကျွန်တော်ခံနိုင်ရည်ရှိပြီးသားပါ။ ညီမလေး ချမ်းမြေ့မောင်ချို အတွက်လည်း စိတ်မကောင်း ဖြစ်မိတယ်။ သူလည်း ဆိုချင်မှာပဲလေ။ ခုလို ဆုရသွားတဲ့အပေါ်မှာလည်း ကျွန်တော်အလွန်ပျော်တယ်။ အားပေးကြတဲ့မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ မိသားစုဝင်တွေကို ကျေးဇူးတင်ပါတယ်။ လောလောဆယ်တော့ Myanmar Idol နဲ့ စာချုပ်ချုပ်ထားတာ ရှိတယ်။ သီချင်းခွေထုတ်ပေးဖို့အတွက်လည်း ဆက်လုပ်သွားပါ့မယ်။ ပရိသတ်တွေအတွက် အများကြီး ကြိုးစားသွားမှာပါ။ ဆက်ပြီးတော့ ဂီတလမ်းကြောင်းမှာ ရှိနေဦးမှာပါ" ဟု ပြောသည်။

ကိုလင်း



## တေးသံရှင် ဖော်ကာ (Wanted) ဂီတနှင့် အသက်ရှင်ရပ်တည်ခွင့်ရရှိခဲ့ခြင်းကို အမြဲဂုဏ်ယူ

ပရိသတ်အားပေးမှုကို ရရှိထားပြီး ဂီတသက်တမ်းကြာမြင့်လာသော်လည်း အခွေအထွက်ကျဲသည့် အဆိုတော် ဖော်ကာ (Wanted) က စတုတ္ထမြောက်အခွေသစ်ကို ပရိသတ်လက်ဝယ် အပ်နှံတော့မည်ဟု ဆိုလာသည်။

"အစကတည်းက အခွေထွက်က ကျဲတတ်တယ်။ ရှေ့သုံးခွေတုန်းက တစ်ခွေကို လေးနှစ်လောက် ပြင်ဆင်ခဲ့ရတယ်။ အမှန်က သီချင်းတွေကို စနစ်တကျနဲ့ စိတ်တိုင်းကျတဲ့အထိ ပြင်ဆင်တာကလည်း တစ်ကြောင်း၊ ငွေကြေးကြောင့်လည်း တစ်ကြောင်းပေါ့။ ဘယ်လိုပဲဖြစ်ဖြစ် အခုနောက်ဆုံးထွက်လာမယ့် အခွေလေးကတော့ ရှေ့အခွေနဲ့တွက်ကြည့်ရင် ငါးနှစ်ကြာခဲ့ပြီ။ ဩဂုတ် ၁၈ ရက်မှာ ထွက်မှာပါ။ အဲဒီနေ့က ကျွန်တော့်သားလေးမွေးနေ့မို့ အမှတ်တရအနေနဲ့ ဖြစ်ပါတယ်" ဟု ဖော်ကာက ပြောသည်။

ဂီတမှလွဲ၍ မည်သည့် လုပ်ငန်းကိုမျှ မလုပ်တတ်ကြောင်း၊ ဝါသနာလည်း မပါကြောင်းနှင့် အကယ်၍ ပရိသတ်အားပေးမှုမရဘဲဆိုပါက ဘဝက အတော်ပင်ကြမ်းလာနိုင်ကြောင်း ဖော်ကာက ပြောသည်။ ပထမဆုံးအခွေဖြစ်သည့် ရောင်ခြည်၊ ဒုတိယအခွေ ငါ့ဂီတငါ့ဗီဇ၊ တတိယအခွေ တစ်ယောက်တစ်နေရာမှာတို့ ထွက်ရှိထားပြီး ယခု စတုတ္ထမြောက် တစ်ကိုယ်တော်အခွေဖြစ်သည့် စိတ်နှင့်လူ စီးရီးကို မိတ်ဆက်နိုင်ခဲ့ခြင်းဖြစ်သည်။

"အရင်အခွေတွေနဲ့ အတော်များများ ကွာခြားသွားပါလိမ့်မယ်။ အရင်က အချစ်သီချင်းက သုံးပုံနှစ်ပုံလောက်ဖြစ်နေတယ်။ အခုအခွေမှာတော့ အချစ်က သုံးပုဒ်တောင် မပြည့်ဘူး။ နောက် ဂီတသံစဉ်ပိုင်းလည်း အများကြီးပြောင်းလဲသွားတယ်။ ဒါကလည်း အသက်အရွယ်နဲ့လည်း ဆိုင်မယ်နဲ့တူပါတယ်။ ငါးနှစ်လောက်ခြားသွားတော့ ကိုယ်တိုင်လည်း ပြောင်းလဲတာတွေ အများကြီးပဲ" ဟု ဖော်ကာက ပြောသည်။

အဆိုပါအခွေတွင် ပန်းချီရုပ်ပုံများကိုသာ သုံးစွဲထားပြီး အခွေနာမည်ကိုလည်း စိတ်နှင့်လူဟု ပေးရခြင်းအပေါ် ဖော်ကာက "လူတွေကို ဦးဆောင်တာက နှလုံးသားရှိမယ်၊ ဦးနှောက်ရှိမယ်ပေါ့။ နှလုံးသားဆိုတာကလည်း စိတ်နဲ့ သက်ဆိုင်နေတယ်။ ကျွန်တော်ပြောချင်တဲ့အရာက စိတ်ကိုဦးစားပေးတဲ့၊ နူးညံ့ခြင်းကို ဦးစားပေးတဲ့ လူသားတစ်ယောက်အကြောင်း ဆိုတာမျိုးပါ။ အားလုံးကိုလည်း နားထောင်စေချင်တယ်။ ကျွန်တော်က အခွေလည်း နည်းတော့ ပရိသတ်တွေကို အားနာမိတယ်။ ဒါပေမယ့် အခွေတစ်ခုထုတ်တဲ့အခါ ကိုယ်တိုင်လည်း ဘယ်တော့မှမရိုးဘဲ အားရကျေနပ်ပြီး စိတ်ချလက်ချရှိမှသာ ချပြချင်လို့ပါ" ဟု ၎င်းက ပြောသည်။

ရှီလာ

## နိုင်ငံတကာ အနုပညာသတင်း

# မက်ဒေါနား အသက် ၆၀ ပြည့်သွားပြီ

ပေါ့ပ်ဘုရင်မလို့တင်စားရတဲ့ မက်ဒေါနားဟာ အသက် ၆၀ ပြည့်သွားပြီပဲ ဖြစ်ပါတယ်။ မက်ဒေါနားဟာ သူ့ရဲ့ဂီတသက်တမ်းတစ်လျှောက်မှာ မှတ်တိုင်တွေအများကြီး စိုက်ထူနိုင်ခဲ့တဲ့ ပေါ့အဆိုတော်လည်း ဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်မှာတော့ Billboard ကနေ မက်ဒေါနားကို အချိန်ပြည့် အကောင်းဆုံးဖျော်ဖြေနိုင်တဲ့အမျိုးသမီး အနုပညာရှင်အဖြစ်သတ်မှတ်လိုက်ကြောင်း ကြေညာခဲ့ပါတယ်။ မက်ဒေါနားဟာ သူ့ရဲ့အသက် ၆၀ ပြည့်မွေးနေ့ပွဲကို ကြာသပတေးနေ့က မိုရိုကိုနိုင်ငံရှေးဟောင်းမြို့တော် မာရက်ကက်ရှ်မှာ ကျင်းပခဲ့ပါတယ်။ ဗြိတိန်ဘီလျံနာသူဌေးကြီး ရစ်ချက်ဘန်ဆန်ရဲ့ညီမပိုင်ဆိုင်တဲ့ EL Fenn ဇိမ်ခံ ဟိုတယ်မှာ မွေးနေ့ပွဲကျင်းပခဲ့တာဖြစ်ပြီး အခမ်းအနားကျင်းပရာနေရာကို ရှေးဟောင်းနန်းတော်တစ်ခုသဖွယ် ပြင်ဆင်ထားခဲ့ပါတယ်။ မက်ဒေါနားနဲ့ သူ ဖိတ်ကြားထားတဲ့ ဧည့်သည်တွေရဲ့ပုဂ္ဂိုလ်ရေးရာကို စောင့်ထိန်းတဲ့အနေနဲ့ ဟိုတယ်ဝန်ထမ်းတွေကို ဖုန်းကိုင်ဆောင်ခွင့်မပြုပါဘူး။ မက်ဒေါနားရဲ့မွေးနေ့ပွဲကိုလာတဲ့ ဧည့်သည်စာရင်းကိုလည်း လျှို့ဝှက်ထားခဲ့ပါတယ်။ ဒေသတွင်းမီဒီယာတွေ ပြောကြားချက်အရ မက်ဒေါနားအပါအဝင် ဧည့်သည် ၁၅ ဦးခန့်တက်ရောက်ခဲ့တယ်လို့ဆိုပါတယ်။ သက်တော်စောင့်တွေရော ထောက်လှမ်းရေးတွေပါ လုံခြုံရေးတာဝန်ယူခဲ့ ကြပါတယ်။ မွေးနေ့အထိမ်းအမှတ်အဖြစ် မက်ဒေါနားဟာ မိဘမဲ့ကလေးတွေနဲ့ ချို့ယွင်းချက်ရှိတဲ့ ကလေးငယ်တွေအတွက် ဖွင့်လှစ်ထားတဲ့ Rising Malawi ဂေဟာမှာ လှူဒါန်းမှုတွေ ပြုလုပ်ခဲ့တယ်လို့လည်း သိရပါတယ်။ **နယူးယောက်တိုင်းမ်**



## ဂျိုလီနဲ့ဘရက်ပစ်တို့၏ ကလေးအုပ်ထိန်းခွင့်အတွက် အမိန့်သစ်ချမှတ်

တရားရုံး၏ဆုံးဖြတ်ချက်အသစ်အရ ဘရက်ပစ်ဟာ ကလေးအုပ်ထိန်းခွင့်မှာ အင်ဂျလီနာဂျိုလီနဲ့အတူ ခွဲဝေအုပ်ထိန်းခွင့်ရမှာပဲဖြစ်ပါတယ်။ ဘရက်ပစ်နဲ့ အင်ဂျလီနာဂျိုလီတို့စုံတွဲမှာ မက်ဒေါက်၊ ဇာဟာရာ၊ ရှီလို၊ ပက်စ်၊ ဗီဗီယန်နဲ့ နော့ခ်ဆိုတဲ့ ကလေးခြောက်ဦး ရှိပါတယ်။ အခုသူတို့ကွဲကြတဲ့အခါ ကလေးတွေအုပ်ထိန်းခွင့်နဲ့ ပတ်သက်ပြီး တရားရုံးမှာ တရားရင်ဆိုင်ကြတာပဲ ဖြစ်ပါတယ်။ တရားရုံးရဲ့အမိန့်သစ်အရ ဘရက်ပစ်ဟာ ကလေးတွေကို အချိန်အတိုင်းအတာနဲ့ တွေ့ရှိခွင့်ရမှာပဲဖြစ်ပါတယ်။ ကျောင်းဖွင့် ရက်တွေမှာ လေးနာရီခန့်၊ ကျောင်းပိတ်ရက်တွေမှာ ၁၂နာရီ တွေ့ခွင့်ရမှာပဲဖြစ်ပါတယ်။ ဒီဆုံးဖြတ်ချက်ဟာ တရားရုံးက ဩဂုတ် ၂၁ ရက် ကြားနာမှု မတိုင်ခင်အထိပဲဖြစ်ပါတယ်။ ကြားထဲမှာလည်း ဂျိုလီရဲ့ရှေ့နေဟာ ဘရက်ပစ်ကို ကလေးစရိတ် လုံလောက်စွာ မပေးဘူးလို့ တရားရုံးတော်မှာပြောဆိုခဲ့ပါတယ်။ ဒါပေမယ့်လည်း ဘရက်ပစ်ရဲ့ရှေ့နေတွေက ဘရက်ပစ်ဟာကလေးစရိတ်အတွက် ဒေါ်လာတစ်သန်း ပေးခဲ့ကြောင်း ဂျိုလီ အိမ်ဝယ်ဖို့ အတွက် ပေါင် ၆ ဒသမ ၂ သန်း ချေးခဲ့ကြောင်း၊ ဒီစွပ်စွဲမှုဟာ မီဒီယာတွေကနေ သတင်းဖြန့်ဖို့ ကြိုးပမ်းမှုတစ်ခုသာဖြစ်ကြောင်း တရားရုံးတော်မှာ ပြန်လည်တုံ့ပြန်ခဲ့ပါတယ်။ **ဟယ်လို**



ဖြိုး



# ဘာသာခြားစကားလုံးများမွေးစားသည့် အစဉ်အလာ (၇)

**မောင်ခင်မင် (ဓနုဖြူ)**

"ဆရာ၊ 'ကတော်' ဆိုတဲ့ စကားဟာ မွန် မွေးစားစကားဆိုတာ ဟုတ်ပါသလား"

" 'စလောင်း' ဆိုတဲ့စကားလည်း မွန်ဆီကယူတာလို့ ကြားဖူးပါတယ်ဆရာ။ မြန်မာစကားထဲမှာ ဝင်နေတဲ့ မွန်စကားတွေတော်တော်များများရှိမယ်ထင်တယ်နော်"

"ဘာဖြစ်လို့ အဲဒီလိုထင်တာလဲ သမီးရဲ့"

"ပုဂံခေတ်တုန်းက မွန်ယဉ်ကျေးမှုဟာ တော်တော်အဆင့်အတန်းမြင့်နေပြီ မဟုတ်လား ဆရာ။ သမီးတို့ အဲဒီလို သင်ရပါတယ်။ မြန်မာစာ မပေါ်ခင်ကတည်းက မွန်ကျောက်စာတွေ အများကြီး ပေါ်နေပြီ။ မွန်တွေသုံးနေတဲ့ အက္ခရာကို မူတည်ပြီး မြန်မာစာ တီထွင်တယ်။ အဲဒီတော့ မွန်နဲ့မြန်မာက သိပ်ရင်းနှီးတဲ့အတွက် မွန်စကားတွေ မြန်မာစကားထဲကို အများကြီးရောက်မှာပေါ့ ဆရာ"

"သမီးစဉ်းစားတာ သဘာဝကျပါတယ်။ ပုဂံခေတ်တုန်းက သထုံဟာ မွန်လူမျိုးတွေရဲ့ မြို့တော်ဖြစ်ပြီး စာပေယဉ်ကျေးမှု အဆင့်အတန်းမြင့်နေပြီ။ သထုံက ပိဋကတ်တော်တွေ ပုဂံရောက်လာပြီး မြန်မာတွေဟာ မွန်တွေဆီက ပိဋကတ်စာတွေ သင်ယူပြီးတော့ မွန်အက္ခရာကို အခြေခံပြီး မြန်မာစာတီထွင်တာသမိုင်းမှာအထင်အရှားပဲလေ"

"ဆရာ၊ မြန်မာစကားထဲရောက်နေတဲ့ မွန်မွေးစားစကားလုံးတွေကို လေ့လာထားတဲ့ စာအုပ်စာတမ်းတွေ ရှိမှာပေါ့နော်။ အဲ့ဒီစာအုပ်စာတမ်းတွေ သမီးတို့ လေ့လာချင်လို့ သိပါရစေ ဆရာ"

"ဟုတ်တယ်။ ဆရာသိသလောက် တက္ကသိုလ်မြန်မာစာဌာနတွေမှာ ရှေးမွန်ကျောက်စာတွေ၊ ခေတ်လယ်မွန်ကျောက်စာတွေ သင်ကြားပို့ချတာမို့ မွန်စကား မွန်အက စိတ်ဝင်တစားလေ့လာတဲ့ ဆရာ ဆရာမတွေ တော်တော်များများရှိတယ်။ ပါမောက္ခ ဦးချမ်းမြ၊ ပါမောက္ခ ဦးမောင်မောင်ကြီး၊ ကထိက ဒေါ်မြင့်သန်းစတဲ့ ဆရာကြီး ဆရာမကြီးတွေ ရေးထားတဲ့ မွန်စကားနဲ့ မြန်မာစကားဆက်သွယ်ပုံတို့၊ မွန်ဆီက ယူထားတဲ့ မွေးစားစကားလုံးတို့အကြောင်း ဆောင်းပါးတွေ၊ စာတမ်းတွေ ရှိတယ်။ ရှာဖွေ လေ့လာကြည့်ကြပေါ့"

"ဟုတ်ကဲ့ပါ"

"နောက် စာအုပ်တစ်အုပ်ကို သတိရလို့။ ဒေါက်တာမင်းတင်မွန်ရေးတဲ့ မွန်-မြန်မာ ပေါင်းကူးဆိုတဲ့စာအုပ် ရှိတယ်။ မွန်စကားနဲ့ မြန်မာစကား ဆက်သွယ်ပုံတွေကို တော်တော် ကျယ်ကျယ်ပြန့်ပြန့် ရေးထားတယ်။ 'မွန်မြန်မာစာပေ ပေါင်းကူးထားသည့် ဝေါဟာရများ' ဆိုတဲ့ အခန်းမှာ 'သဏ္ဍာန်တူ အနက်တူသော မွန်မြန်မာဝေါဟာရများ' နဲ့ 'အသံဆင် အနက်တူသော မွန်မြန်မာဝေါဟာရများဆိုတဲ့ ခေါင်းစဉ်တွေနဲ့ စကားလုံးတွေ ယှဉ်ပြထားတာ မှတ်သားစရာကောင်းတယ်။ ဆရာကြီးက ထင်ရှားတဲ့ မွန်အမျိုးသား သိပ္ပံပညာရှင်လေ"

"ဘယ်လိုစကားလုံးမျိုးတွေပါလဲဆရာ"

"သဏ္ဍာန်တူ အနက်တူတဲ့ ဝေါဟာရစာရင်းမှာ 'အခါ၊ ခပ်သိမ်း၊ အသံ၊ ဖြင့်ပ၊ ဇရပ်ပေါ့၊ တူရူ၊ ဝဲ(ဝဲဂယက်)' ဆိုတဲ့ စကားလုံးမျိုးတွေ ပါတယ်။ အသံဆင်တူ အနက်တူတဲ့ ဝေါဟာရစာရင်းမှာ မွန်က 'အင်္ဂဒို' နဲ့ မြန်မာက 'အင်္ဂတေ' အသံဆင်တူတာမျိုးပေါ့။ အဲဒီလိုပဲ။ အစီအငရင်-အစီအရင်၊ ခစ-ခစား၊ ခနပ်-ဖိနပ်၊ အရံင်-အရောင်၊ ပါန်-ပန်ကြား၊ ပုန်-ပုန်ကန်လို စကားလုံးမျိုးတွေပါတယ်"

"အဲဒီလို ဆင်တူနေတယ်ဆိုတော့ မွန်ဆီက မြန်မာကယူတာလား။ မြန်မာဆီက မွန်ကယူတာလား ဆရာ"

"အဲဒီပြဿနာက အရေးကြီးတယ်။ ဘာသာစကားနှစ်ခုရဲ့ စကားလုံးနှစ်လုံး ဆင်တူနေရင် ဖြစ်နိုင်တဲ့ အခြေအနေတွေက မွန်နဲ့ မြန်မာပဲဆိုပါတော့။ မွန်ဆီက မြန်မာက ယူတာလည်း ဖြစ်နိုင်တယ်။ မြန်မာဆီက မွန်ကယူတာလည်း ဖြစ်နိုင်တယ်။ ဒါမှမဟုတ် မြန်မာရော မွန်ရော တခြားဘာသာစကားတစ်ခုဆီက အတူတူယူတာလည်း ဖြစ်နိုင်တယ်"

"ဟုတ်ကဲ့ပါ"

"ပြီးတော့ နောက်တစ်ခုဖြစ်နိုင်တာက မြန်မာက မွန်ဆီက ယူတယ်ဆိုရင် မွန်ဆီက တိုက်ရိုက်ယူတာလည်း ဖြစ်နိုင်တယ်။ တခြားဘာသာစကားတစ်ခုခုကို မွန်က အရင်ယူထားပြီး အဲဒါကို မြန်မာက မွန်ဆီက ထပ်ယူတာလည်း ဖြစ်နိုင်တာပဲလေ"

"စိတ်ဝင်စားစရာပါပဲ ဆရာ"

"အဲ... နောက်စာတမ်းတစ်စောင်က ဆရာကြီး ဒေါက်တာလှဘေရဲ့စာတမ်းပေါ့။ အင်္ဂလိပ်လိုရေးခဲ့တဲ့ စာတမ်းပါ။ ခေါင်းစဉ်က A Tentative List of Mon Loan words in Burmese တဲ့။ မြန်မာစကားထဲမှာ ရောက်နေတဲ့ မွန်မွေးစားစကားလုံးတွေ အဖြစ် ယာယီယူဆတဲ့ စကားလုံးစာရင်းပေါ့ကွယ်"

"ဘာဖြစ်လို့ ယာယီယူဆတာလဲ ဆရာ"

"ခုနပြောသလိုပေါ့။ စကားလုံးချင်း ဆင်တူတာနဲ့ပဲ မွန်ဆီက မြန်မာက ယူတာလို့ အလွယ်တကူ မပြောနိုင်ဘူးလေ။ မြန်မာဆီက မွန်က ယူတာလည်း ဖြစ်နိုင်တာပဲ။ သေသေချာချာ သုတေသနလုပ်ကြည့်မှ တိတိကျကျဆုံးဖြတ်နိုင်မှာလေ"

"ဟုတ်ကဲ့ပါ"

"ဆရာကြီးရဲ့စာရင်းမှာ မွန်ဆီက တိုက်ရိုက်ယူတဲ့ မွေးစားစကားလုံးတွေရော တခြားဘာသာစကားကို မွန်ဆီက တစ်ဆင့်ယူတဲ့ မွေးစားစကားလုံးတွေရော နှစ်မျိုးစလုံးပါတယ်"

"ဟုတ်ကဲ့ပါ"

"စောစောက သားတို့၊ သမီးတို့မေးတဲ့ 'ကတော်' တို့၊ 'စလောင်း' တို့က ရှေးကတည်းက မွန်ဆီက တိုက်ရိုက်မွေးစားထားတာပါ။ ရှေးမွန်ကျောက်စာတွေမှာ 'ကန္ဒရ်' လို့ တွေ့ရပြီး ခေတ်မွန်မှာ 'ကလဝ်' လို့ တွေ့ရတယ်။ 'သူဌေးကတော်၊ မင်းကတော်' ဆိုတဲ့ အသုံးမှာပါတဲ့ 'ကတော်' ပေါ့"

"ဇနီးကို ခေါ်တာပေါ့နော် ဆရာ"

"ဟုတ်တယ်။ ဒီလိုပဲ။ 'စလောင်း' က ရှေးမွန်ကျောက်စာတွေမှာ 'စ္လောင်' ကို တွေ့ရတယ်။ ခုခေတ်မွန်မှာ 'စလံင်' ပေါ့။ မြန်မာက 'စလောင်း' လို့ အသံလှယ် ယူလိုက်တာပေါ့။ 'အထွတ်' လို့ အဓိပ္ပာယ်ရတယ်။ ဘုရားကို ရွှေအထွတ်တင်တဲ့အကြောင်း မွန်ကျောက်စာမှာ ရေးထားတာလေ။ နောက်ပိုင်းမှာ အထွတ်ကလေးလို ခပ်ချွန်ချွန် အိုးအဖုံးကို စလောင်းလို့ ခေါ်လာတာပေါ့။ စလောင်းဖုံးလို့ ခေါ်တယ် မဟုတ်လား။ ခုခေတ်ကျတော့ 'ဂြိုဟ်တုစလောင်း' အထိ အဓိပ္ပာယ် ကျယ်သွားပြီလေ"

"ဟုတ်ကဲ့ပါ"

"ပြီးတော့ ရှေးမြန်မာစကားတွေ ပေါရာဏလို့ ခေါ်တာပေါ့။ အဲဒီ ပေါရာဏတွေမှာ 'ပြား၊ ဂနိုင်၊ စုံ၊ ရဂုံ' ဆိုတဲ့ စကားတွေရှိတယ် မဟုတ်လား။ ဘာအဓိပ္ပာယ်ပါလိမ့်"

" 'တော' လို့ အဓိပ္ပာယ်ရပါတယ် ဆရာ"

"အဲဒီစကားတွေဟာ မွန်မွေးစားစကားတွေဖြစ်ကြောင်း ဆရာကြီးဒေါက်တာလှဘေ မွန်စကားအရင်းအမြစ်နဲ့တကွ ပြထားတာ မှတ်သားစရာပဲ။ မြန်မာစာလုံးနဲ့ ပြရလွယ်တဲ့ စာလုံးတွေရေးရင် မွန်စကားဂ္ဂိုင်က ဂနိုင် ဖြစ်တယ်၊ ဇုံမ်က ဇုန်ဖြစ်တယ်။ ပြာက ပြားဖြစ်တယ်"

"ဩော်၊ ဟုတ်ကဲ့၊ မှတ်ထားပါ့မယ်ဆရာ"

"မွန်မွေးစားစကားလုံးတချို့ကို နမူနာပြရရင် 'ယာ၊ အင်း၊ တမံ၊ ဒီ(ရေ)၊သောင်၊ ဂျုံ၊ ပြောင်း၊ မုယော၊ ခဝဲ၊ စိန်၊ ဘော်၊ ခရိုင်၊ ကင်း၊ ဝေါ၊ သန်လျက်၊ ကညစ်၊ ယက်ကန်း၊ စက္ကူ၊ ဖိနပ်၊ အင်္ဂတေ၊ သမား' ဆိုတဲ့ စကားတွေပဲ"

"ဟုတ်ကဲ့ပါ"

"ပုဂံခေတ်ကတည်းကသုံးတဲ့ 'ကျက်သရေ' ဆိုတဲ့ စကားဟာ ခုအထိ သုံးနေဆဲ မဟုတ်လား။ ပုဂံခေတ်ရေးထုံးနဲ့ ရေးရင်တော့ 'ကျက်သရိယ်' ပေါ့။ အဲဒီစကားကို ရှေးမွန်ကျောက်စာတွေမှာ 'ကျာက်ဩီ' လို့ ရေးတယ်"

"ဟုတ်ကဲ့။ သမီးတို့ သင်ဖူးပါတယ်ဆရာ"

" 'ကျာက်' က 'ကျိုက်' လို့ အသံထွက်တယ်။ 'ဘုရား' ဆိုတဲ့ အဓိပ္ပာယ်၊ အမြင့်အမြတ်ဆိုတဲ့ အဓိပ္ပာယ်ပေါ့။ ခေတ်မွန်မှာတော့ 'ကျာ်' လို့ ရေးတယ်။ ဩီကတော့ သက္ကတစကား 'ဤ ' ကို မွန်က မွေးစားထားတာ၊ အဲဒီ 'ကျာက်ဩီ' ကို မြန်မာက 'ကျက်သရေ' လို့ မွေးစားလိုက်တာလေ။ တင့်တယ်ခြင်း၊ ကောင်းမြတ်ခြင်းဆိုတဲ့ အဓိပ္ပာယ်ပေါ့ "

" ဟုတ်ကဲ့ပါ "

" နောက် နာမ်စားတွေထဲမှာ အသုံးတွင်တဲ့နာမ်စားတစ်ခု ရှိတယ်။ မိန်းကလေးချင်းပြောလေ့ရှိတယ်။ 'ညည်း' ဆိုတဲ့စကားလေ။ 'ညည်းကလည်းအေ...' ဆိုတာမျိုးပြောတယ်။ ရှေးတုန်းက ' ညဲ 'လို့လည်းသုံးတယ်။ မိန်းကလေးချင်း ' ညဲတို့က' ဆိုတာမျိုးပြောတယ်။ မွန်စကားမှာ 'ညး' လို့ညနောက်က ဝစ္စနှစ်လုံးပေါက်နဲ့ရေးတယ်။ 'ညဲ' လို့ အသံထွက်တယ်။ ' လူများ၊ သူများ၊ သူ၊ သူတို့' ဆိုတဲ့ အဓိပ္ပာယ်တွေရတယ်"

" နောက် စာသုံးပေသုံးအနေနဲ့ ' ထက်ဝယ်ဖွဲ့ခွေ' ဆိုတဲ့ အသုံး တွေ့ဖူးတယ် မဟုတ်လား"

" တွေ့ဖူးပါတယ်ဆရာ။ တင်ပျဉ်ခွေထိုင်တာကို ဆိုလိုတာပါ"

" အဲဒီမှာ 'ထက်ဝယ်' ဆိုတာ မွန်စကား ' ထဝါယ်' ကို မွေးစားထားတာ။ ပေါင်ကိုခွေထိုင်တဲ့ အဓိပ္ပာယ်ပါပဲ။ ရှေးမြန်မာကျောက်စာတွေမှာလည်း တင်ပျဉ်ခွေ ရုပ်ပွားတော်ကို ' ဘုရားထဝယ်' လို့ သုံးတယ် "

"ဩော်၊ ဟုတ်ကဲ့ပါ"

" အခုပြောခဲ့တဲ့ မွန် မွေးစားစကားလုံးတွေက နာမ်တွေများတယ်။ ကြိယာတွေကိုလည်း မွေးစားတာရှိတယ်။ သာဓကပြရရင် 'ပုန်ကန်' တယ်ဆိုတဲ့ စကားမှာ ' ပုန်' ဟာ မွန်စကား။ တော်လှန်တယ်၊ ဆန့်ကျင်တယ်လို့ အဓိပ္ပာယ်ရတယ်"

"ဟုတ်ကဲ့"

" မြန်မာစကားမှာ အဲဒီ ' ပုန်' ကို မွေးစားပြီး ' ပုန်အံ့' ဆိုတာမျိုးရှေးက တစ်လုံးတည်း သုံးတယ်။ ' သူ' နဲ့တွဲတော့ ' သူပုန်' ဖြစ်သွားတာပေါ့။ ပုန်တဲ့သူ၊ ပုန်ကန်တဲ့သူလို့ အဓိပ္ပာယ်ရတယ်"

" ခုတော့ 'ပုန်' ဆိုတာ မြန်မာစကားလို့ပဲ သိနေကြပါတယ် ဆရာ"

"ကြိယာ နှစ်လုံး တွဲသုံးတဲ့ အတွဲတွေမှာလည်း မွန်မွေးစားစကားလုံး တွေ့ရတယ်။ 'ဆေးကြောတယ်' ဆိုတဲ့ စကားကို မြန်မာစကားလို့ပဲ နားလည်ထားကြတာ မဟုတ် လား။ အဲဒီမှာ 'ဆေး' က အဓိပ္ပာယ်ရှိတယ်။ 'ကြော' ကအဓိပ္ပာယ် ငုပ်နေတယ်လို့ သိကြတယ်။ ရှေးမွန်စကားမှာ ' ကြဝ်' လို့ ရှိတယ်။ ခေတ်မွန်မှာ ကြုံ ပြောင်းတာ။ စင်အောင်ဆေးတဲ့ အဓိပ္ပာယ်ပါပဲ။ မြန်မာစကား 'ဆေး' နဲ့ မွန်စကား 'ကြော' ကိုပေါင်းပြီး 'ဆေးကြော' လို့ သုံးခဲ့ကြတာပါပဲ"

" မှတ်သားစရာတွေအများကြီး ရပါတယ်ဆရာ။ ကျေးဇူးတင်ပါတယ်"

# မော်တင်စွန်းကမ်းခြေကို ပင်လယ်ရေတိုက်စားမှု ပိုများလာ

ဟိုင်းကြီးကျွန်း ဩဂုတ် ၁၇

**ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့အနီး မော်တင်စွန်း(နတ်တောင်)ကမ်းခြေကို ပင်လယ်ရေတိုက်စားမှု ပိုများလာကာ ကျောက်တန်းများ ပေါ်ထွန်းမှုများလာပြီး ကားများ သွားလာ၍မရတော့ဘဲ ဆိုင်ကယ်များပင် ခက်ခဲစွာသွားလာနေရကြောင်းနှင့် ကမ်းခြေတစ်လျှောက် ကမ်းဘေးမြေသားနံရံများကို ပင်လယ်ရေတိုက်စားမှု များလာခြင်းကြောင့် တည်းခိုရိပ်သာအချို့ ထိခိုက်မှုများ ရှိလာပြီဖြစ်ကြောင်း သိရသည်။**

မော်တင်စွန်းနှင့် ကြာကန်ကျေးရွာအကြား ကမ်းဘေးမြေသားနံရံများကို ပင်လယ်ရေတိုက်စားမှုများ ရှိနေပြီး ဩဂုတ် ၁၂ ရက်မှ ၁၄ ရက်အတွင်း ပင်လယ်ဒီရေ မြင့်တက်ခြင်းနှင့်တူ ပင်လယ်ရေလှိုင်း ရိုက်ခတ်မှုပြင်းခဲ့ခြင်းတို့ကြောင့် ကမ်းခြေတစ်လျှောက် ရှစ်ပေခန့် ရေတိုက်စားခြင်းခံခဲ့ရပြီး မြေအနိမ့်အမြင့်ကိုလိုက်၍ လေးပေမှ ခုနစ်ပေခန့် အထိရှိသော ကမ်းပါးနံရံများအဖြစ် ကျန်ရှိလျက်ရှိသည်။ ထို့အပြင် ယင်းကမ်းခြေတစ်လျှောက် ဘုရားပွဲကာလများ၌ ဖွင့်လှစ်ရန်ဆောက်လုပ်ထားသော ဟိုတယ်မော်တင် တည်းခိုဆောင်အရှေ့ဘက်ရှိ ကမ်းထိန်းကျောက်တန်းပြိုကျခြင်း၊ မေခလာတည်းခိုဆောင်ရှိ ကမ်းခြေအနီး အဆောင်တစ်ခုပြိုကျခြင်း၊ ဇီးချိုင်ကျေးရွာကမ်းခြေမှ အေးချမ်းမြေတည်းခိုဆောင်၏ စားသောက်ဆောင် လှိုင်းရိုက်၍ ပြိုကျခြင်းတို့ဖြစ်ပေါ်ခဲ့ကြောင်းနှင့် တည်းခိုရိပ်သာများ၏ ပြိုကျပျက်စီးသွားခဲ့သည့် အစိတ်အပိုင်းများကို တာဝန်ရှိသူများက ပြန်လည်ပြုပြင်လျက်ရှိကြောင်းနှင့် တချို့မှာ ရာသီဥတုသာယာမည့်နေ့ကို စောင့်ဆိုင်းလျက်ရှိကြောင်းသိရှိရသည်။

ယခုလအတွင်း ပင်လယ်ရေတိုက်စားမှုဖြစ်စဉ်တွင် နတ်တောင်ခြေနှင့် မော်တင်အနီးတစ်ဝိုက်တွင် ကမ်းဘေးနံရံများနှင့် ကမ်းခြေမှာ ကျောက်သားအများးစုရှိနေခြင်းကြောင့် ကျောက်တန်းများ ပေါ်ထွန်းမှုများလာသည်ကို တွေ့ရှိရမည်ဖြစ်ပြီး မော်တင်စွန်းနှင့် ကြာကန်ကျေးရွာအကြား ကမ်းခြေ တစ်လျှောက်၌ သဲသောင်ခုံများခြင်းကြောင့် ကမ်းဘေးမြေသားနံရံကို ရှစ်ပေခန့် ရေတိုက်စားခဲ့ပြီး ကမ်းခြေတစ်လျှောက် နှစ်ပေခန့် နိမ့်ကျတိုက်စားသွားခဲ့သည်ကို သတိပြုမိကြောင်း ဒေသခံတစ်ဦးက ပြောသည်။



**ပင်လယ်ရေတိုက်စားမှုကြောင့် နတ်တောင်ကမ်းခြေ၌ ကျောက်တန်းများပေါ်ထွန်းလာမှု တွေ့ရစဉ်။**

ယခုအချိန်၌ တစ်ခါတစ်ရံ လေပြင်းများ တိုက်ခတ်နေပြီး မိုးရွာသွန်းမှုများနေသော်လည်း ရေသေရက်များသို့ ရောက်ရှိနေပြီဖြစ်၍ ပင်လယ်ရေတိုက်စားမှုနည်းသွားပြီဖြစ်ကြောင်း၊ ပင်လယ်ရေတိုက်စားမှုများမှာ ရေထရက်များတွင် အဖြစ်များပြီး လေဖိအားနည်းရပ်ဝန်းနှင့် မုန်တိုင်းတို့ ရှိနေမည်ဆိုပါကလည်း ပင်လယ်ရေတိုက်စားမှုများ ဖြစ်ပေါ်နိုင်ကြောင်း ဇီးချိုင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက ပြောသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

# တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ ဆည်၊ တမံများ၏ ရေပိုလွှဲမှ ရေကျော်ကျမှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၁၇**

တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်တည်ရှိသည့် ဆည်၊ တမံများအနက် အချို့သော ဆည်၊ တမံများမှာ မိုးရွာသွန်းမှုအားကောင်း၍ သတ်မှတ်ကန်ရေပြည့်ပမာဏကျော်လွန်ကာ ရေပိုလွှဲများမှ ရေကျော်ကျလျက်ရှိသည်။

ထိုကဲ့သို့ ရေပိုလွှဲမှ ရေကျော်ကျခြင်းကြောင့် တစ်စုံတစ်ရာ စိုးရိမ်စရာမရှိကြောင်းနှင့် ရေပိုလွှဲမှရေကျော်ကျခြင်းမှာ မူလဆည်၊ တမံများ၏ ရေသိုလှောင်မှုပမာဏပြည့်မီသွားခြင်းကြောင့် ပိုလျှံသောရေကို ရေပိုလွှဲမှတစ်ဆင့် မူလချောင်းထဲသို့ ပြန်လည်ထုတ်လွှတ်စီးဝင်စေခြင်းသာဖြစ်ကြောင်း ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ယမန်နေ့က ရေပိုလွှဲမှ ရေကျော်ကျသည့် ဆည်/ တမံ ၄၄ ခု ရှိခဲ့ပြီး ယနေ့တွင် ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် ရှောက်ချောင်းရေလှောင်တမံမှာ ရေပိုလွှဲမှ ရေကျော်ကျမှု မရှိတော့ဘဲ ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ဖြူးချောင်းရေလှောင်တမံ၊ မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် ဘွက်ကြီး ရေလှောင်တမံနှင့် ကံမမြို့နယ် မဒေးရေလှောင်တမံတို့မှာ သတ်မှတ်ရေသိုလှောင်မှု ပမာဏပြည့်မီ၍ ရေပိုလွှဲမှ ရေကျော်ကျလျက်ရှိရာ ရေပိုလွှဲမှ ရေကျော်ကျသည့် ဆည်၊ တမံ ၄၆ ခုရှိပြီး အဆိုပါ ရေပိုလွှဲမှ ရေကျော်ကျသည့် ဆည်၊ တမံ ၄၆ ခုမှာ အောက်ပါအတိုင်းဖြစ်သည်-

နေ့စွဲ -၁၇ . ၈ . ၂၀၁၈
(၀၆:၀၀)နာရီ ရေအမှတ်

| စဉ် | ဆည်အမည် | တည်နေရာ (ခရိုင်/မြို့နယ်) | ကန်ရေပြည့် (ပေ) ကန်ရေသေ (ပေ) | ရေလှောင်ပမာဏ (ဧကပေ) | ရေအနက် (ပေ) | ရေလှောင်ပမာဏ (ဧကပေ) | မိုးရေချိန် (လက်မ) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | **ကရင်ပြည်နယ်** | | | | | | |
| ၁ | ရေဘုတ်ရေလှောင်တမံ | ဘားအံခရိုင် | ၃၆ | ၂၈၄၇၄ | ၃၇.၀၀ | ၃၁၀၄၁ | ၁.၃၀ | (၁.၀၀)ပေ ရေကျော် |
| | | လှိုင်းဘွဲ့မြို့ | ၁၉ | ၂၃၇၆ | | | | |
| | | **ချင်းပြည်နယ်** | | | | | | |
| ၂ | လိုင်ဗားရေလှောင်တမံ | ဖလမ်းခရိုင်/ | ၆၈.၈၀ | ၁၈၈၀ | ၆၉.၃၀ | ၁၉၁၆ | ၀.၂၀ | (၀.၅၀)ပေ ရေကျော် |
| | | ဖလမ်းမြို့ | ၂၆ | ၁၀၃ | | | | |
| ၃ | သီကီရိရေလှောင်တမံ | ဟားခါးခရိုင်/ | ၆၅ | ၁၃၆၅ | ၆၅.၂၀ | ၁၃၇၄ | ၀.၉၅ | (၀.၂၀)ပေ ရေကျော် |
| | | ထန်တလန်မြို့ | ၁၅ | ၇၅ | | | | |
| | | **စစ်ကိုင်းတိုင်းဒေသကြီး** | | | | | | |
| ၄ | မြောက်ယမားရေလှောင်တမံ | ယင်းမာပင်ခရိုင်/ | ၅၄ | ၁၄၀၅၇ | ၅၄.၁၀ | ၁၄၁၂၂ | - | (၀.၁၀)ပေ ရေကျော် |
| | | ပုလဲမြို့ | ၂၉ | ၂၈၃၆ | | | | |
| ၅ | ရာဇဗြိုလ်ရေလှောင်တမံ | ကလေးခရိုင်/ | ၁၄၅ | ၅၂၀၀၀ | ၁၄၇.၁၀ | ၅၃၉၉၅ | - | (၂.၁၀)ပေ ရေကျော် |
| | | ကလေးမြို့ | ၈၅ | ၈၀၀၀ | | | | |
| | | **ပဲခူးတိုင်းဒေသကြီး (အရှေ့)** | | | | | | |
| ၆ | ပသိရေလှောင်တမံ | တောင်ငူခရိုင်/ | ၈၀ | ၃၀၅၀၀ | ၈၀.၅၀ | ၃၀၉၇၅ | - | (၀.၅၀)ပေ ရေကျော် |
| | | တောင်ငူမြို့ | ၂၅.၆ | ၁၅၀၅ | | | | |
| ၇ | မင်းရဲရေလှောင်တမံ | တောင်ငူခရိုင်/ | ၃၈ | ၂၃၅၀ | ၃၈.၃၀ | ၂၃၈၀ | ၁.၅၀ | (၀.၃၀)ပေ ရေကျော် |
| | | အုတ်တွင်းမြို့ | ၂၅ | ၅၀၀ | | | | |
| ၈ | ငမြေရေလှောင်တမံ | တောင်ငူခရိုင်/ | ၄၆ | ၂၃၈၀ | ၄၆.၂၀ | ၂၄၀၈ | ၀.၅၀ | (၀.၂၀)ပေ ရေကျော် |
| | | ဖြူးမြို့ | ၂၇.၅ | ၃၅၀ | | | | |
| ၉ | ဖြူးချောင်းရေလှောင်တမံ | တောင်ငူခရိုင်/ | ၂၁၉ | ၆၃၂၅၃၃ | ၂၁၉.၆၀ | ၆၄၁၈၅၉ | ၀.၅၇ | (၀.၆၀)ပေ ရေကျော် |
| | | ဖြူးမြို့ | ၁၁၆.၆ | ၂၉၉၄၉ | | | | |
| ၁၀ | ရဲနွယ်ရေလှောင်တမံ | ပဲခူးခရိုင်/ | ၂၀၅ | ၉၃၁၈၀၀ | ၂၀၇.၇၀ | ၉၈၄၄၈၈ | ၀.၉၉ | (၂.၇၀)ပေ ရေကျော် |
| | | ကျောက်တံခါးမြို့ | ၈၈.၂ | ၃၄၉၀၀ | | | | |
| ၁၁ | ဘောနီရေလှောင်တမံ | ပဲခူးခရိုင်/ | ၇၃ | ၃၅၂၀၀ | ၇၄.၁၀ | ၃၆၉၆၀ | ၁.၂၈ | (၁.၁၀)ပေ ရေကျော် |
| | | ဒိုက်ဦးမြို့ | ၃၃ | ၂၄၀၀ | | | | |
| ၁၂ | မျှဉ်ပုံကြီးရေလှောင်တမံ | ပဲခူးခရိုင်/ | ၄၀ | ၁၁၁၃၀ | ၄၂.၀၀ | ၁၁၉၂၀ | ၂.၀၀ | (၂.၀၀)ပေ ရေကျော် |
| | | ဒိုက်ဦးမြို့ | ၈ | ၁၄၂၈ | | | | |
| ၁၃ | မခင်းရေလှောင်တမံ | ပဲခူးခရိုင်/ | ၅၂ | ၂၆၁၈၆ | ၅၃.၃၀ | ၂၈၀၂၄ | ၀.၂၀ | (၁.၃၀)ပေ ရေကျော် |
| | | ပဲခူးမြို့ | ၂၅ | ၂၄၇၆ | | | | |
| ၁၄ | စလက်ထော်ရေလှောင်တမံ | ပဲခူးခရိုင်/ | ၃၉.၅ | ၁၈၉၁၂ | ၄၀.၈၀ | ၂၀၄၀၅ | ၀.၅၅ | (၁.၃၀)ပေ ရေကျော် |
| | | ပဲခူးမြို့ | ၁၂.၅ | ၇၅၀ | | | | |
| ၁၅ | ရွှေပြည် (၃)ရေလှောင်တမံ | ပဲခူးခရိုင်/ | ၂၈ | ၃၇၀၀ | ၂၈.၇၀ | ၄၀၁၀ | ၂.၂၀ | (၀.၇၀)ပေ ရေကျော် |
| | | ပဲခူးမြို့ | ၈ | ၄၀ | | | | |
| | | **ပဲခူးတိုင်းဒေသကြီး (အနောက်)** | | | | | | |
| ၁၆ | တောင်နဝင်းရေထိန်းတမံ | ပြည်ခရိုင်/ | ၃၆ | ၂၁၁၉၆ | ၃၆.၉၉ | ၂၄၃၅၂ | - | (၀.၉၉)ပေ ရေကျော် |
| | | ပေါက်ခေါင်းမြို့ | ၂၉.၄၄ | ၁၀၅၄၉ | | | | |
| ၁၇ | ဖဲကြီးရေလှောင်တမံ | ပြည်ခရိုင်/ | ၁၀၂ | ၂၅၂၀၀၀ | ၁၀၃.၃၀ | ၂၆၃၇၅၀ | - | (၁.၃၀)ပေ ရေကျော် |
| | | ပေါင်းတည်မြို့ | ၇၀ | ၂၅၀၀၀ | | | | |
| ၁၈ | ညောင်ကိုင်းရေလှောင်တမံ | ပြည်ခရိုင်/ | ၄၈ | ၁၇၅၉၄ | ၄၈.၇၀ | ၁၈၇၆၃ | ၀.၂၆ | (၀.၇၀)ပေ ရေကျော် |
| | | ပန်းတောင်းမြို့ | ၂၆ | ၃၀၀၁ | | | | |
| ၁၉ | တောင်ညိုရေလှောင်တမံ | သာယာဝတီခရိုင်/ | ၉၅ | ၂၁၀၀၀၀ | ၉၇.၀၀ | ၂၂၈၀၀၀ | - | (၂.၀၀)ပေ ရေကျော် |
| | | နတ္တလင်းမြို့ | ၅၇.၅ | ၂၀၉၅၀ | | | | |
| ၂၀ | ဘော်ဘင်ရေလှောင်တမံ (၂) (ဘော်ဘင်ချောင်း) | သာယာဝတီခရိုင်/ | ၁၀၀ | ၂၆၅၈၈ | ၁၀၁.၄၀ | ၂၇၉၆၀ | ၀.၂၆ | (၁.၄၀)ပေ ရေကျော် |
| | | ဇီးကုန်းမြို့ | ၆၅ | ၅၈၄၂ | | | | |
| ၂၁ | သဲကောရေလှောင်တမံ | သာယာဝတီခရိုင်/ | ၆၆ | ၅၂၅၀၀ | ၆၆.၈၀ | ၅၇၃၀၀ | ၀.၁၂ | (၀.၈၀)ပေ ရေကျော် |
| | | လက်ပံတန်းမြို့ | ၄၀ | ၄၁၂၀ | | | | |
| | | **မကွေးတိုင်းဒေသကြီး** | | | | | | |
| ၂၂ | တောင်ခင်ရန်းရေလှောင်တမံ | ဂန့်ဂေါခရိုင်/ | ၇၉ | ၁၁၇၂၆ | ၇၉.၃၀ | ၁၁၈၃၆ | - | (၀.၃၀)ပေ ရေကျော် |
| | | ဂန့်ဂေါမြို့ | ၃၈ | ၁၆၂၄ | | | | |
| ၂၃ | မြစ်သာရေလှောင်တမံ | ဂန့်ဂေါခရိုင်/ | ၁၈၅ | ၃၇၇၆၀၀ | ၁၈၆.၁၀ | ၃၈၄၈၃၈ | ၀.၁၃ | (၁.၁၀)ပေ ရေကျော် |
| | | ဂန့်ဂေါမြို့ | ၁၃၅ | ၁၅၂၉၁၅ | | | | |
| ၂၄ | စလင်းရေလှောင်တမံ | မင်းဘူးခရိုင်/ | ၂၀၃ | ၁၃၃၀၀၀ | ၂၀၃.၆၀ | ၁၃၄၅၆၈ | - | (၀.၆၀)ပေ ရေကျော် |
| | | စလင်းမြို့ | ၉၃ | ၁၆၂၅၉ | | | | |
| ၂၅ | မုန်းချောင်းရေလှောင်တမံ | မင်းဘူးခရိုင်/ | ၁၄၀ | ၆၂၀၉၀၀ | ၁၄၃.၂၀ | ၆၅၄၇၂၄ | - | (၃.၂၀)ပေ ရေကျော် |
| | | စေတုတ္တရာမြို့ | ၆၀ | ၉၂၅၀၀ | | | | |
| ၂၆ | မန်းချောင်းရေလှောင်တမံ | မင်းဘူးခရိုင်/ | ၁၂၀ | ၁၂၀၀၀၀ | ၁၂၀.၉၀ | ၁၂၃၆၀၀ | - | (၀.၉၀)ပေ ရေကျော် |
| | | ဖဲမြို့ | ၆၀ | ၁၀၅၀၀ | | | | |
| ၂၇ | ကြီးအုံကြီးဝရေလှောင်တမံ | မင်းဘူးခရိုင်/ | ၁၂၃.၅ | ၃၀၂၇၀၀ | ၁၂၇.၀၀ | ၃၃၅၆၀၀ | - | (၃.၅၀)ပေ ရေကျော် |
| | | ငဖဲမြို့ | ၅၆ | ၂၄၃၇၂ | | | | |
| ၂၈ | ဘွက်ကြီးရေလှောင်တမံ | သရက်ခရိုင်/ | ၉၅ | ၇၃၁၉၂ | ၉၅.၁၀ | ၇၃၄၈၇ | ၀.၃၂ | (၀.၁၀)ပေ ရေကျော် |
| | | အောင်လံမြို့ | ၆၁ | ၁၇၆၁၅ | | | | |
| ၂၉ | မဒေးရေလှောင်တမံ | သရက်ခရိုင်/ | ၁၃၈ | ၅၃၉၀၈ | ၁၃၈.၂၀ | ၅၄၀၈၂ | ၀.၃၆ | (၀.၂၀)ပေ ရေကျော် |
| | | ကံမမြို့ | ၇၄ | ၁၀၂၁၀ | | | | |
| | | **မွန်ပြည်နယ်** | | | | | | |
| ၃၀ | ကတိုက်ရေလှောင်တမံ | သထုံခရိုင်/ | ၁၂၃ | ၅၄၀၉၂ | ၁၂၄.၅၀ | ၅၅၁၃၉ | ၁.၀၁ | (၁.၅၀)ပေ ရေကျော် |
| | | ပေါင်မြို့ | ၂၆ | ၁၀၇၅ | | | | |
| ၃၁ | ရွှေနတ်တောင် ရေလှောင်တမံ | မော်လမြိုင်ခရိုင်/ | ၇၄ | ၅၂၅၀ | ၇၄.၈၅ | ၅၃၉၇ | ၁.၈၂ | (၀.၈၅)ပေ ရေကျော် |
| | | မော်လမြိုင်မြို့ | ၃၄ | ၉၁၀ | | | | |
| ၃၂ | အဇင်းရေလှောင်တမံ | မော်လမြိုင်ခရိုင်/ | ၈၂.၈ | ၁၅၄၂၇ | ၈၃.၃၀ | ၁၅၆၇၇ | ၁.၈၅ | (၀.၅၀)ပေ ရေကျော် |
| | | မုဒုံမြို့ | ၂၅.၅ | ၁၂၆ | | | | |
| | | **ရခိုင်ပြည်နယ်** | | | | | | |
| ၃၃ | ကြိုးကြာကွင်းရေလှောင်တမံ | သံတွဲခရိုင်/ | ၄၀ | ၅၂၉ | ၄၀.၁၀ | ၅၃၁ | - | (၀.၁၀)ပေ ရေကျော် |
| | | တောင်ကုတ်မြို့ | ၁၁ | ၇ | | | | |
| ၃၄ | ရဟိုင်းကွင်းရေလှောင်တမံ | သံတွဲခရိုင်/ | ၄၀.၆ | ၆၂၅ | ၄၁.၀၀ | ၆၄၅ | - | (၀.၄၀)ပေ ရေကျော် |
| | | ဂွမြို့ | ၁၃.၆၀ | ၄၇ | | | | |
| ၃၅ | ဒီးဖြူကုန်းရေလှောင်တမံ | သံတွဲခရိုင်/ | ၂၇ | ၄၃၀ | ၂၇.၂၀ | ၄၃၆ | - | (၀.၂၀)ပေ ရေကျော် |
| | | သံတွဲမြို့ | ၆ | ၂၂ | | | | |
| ၃၆ | ငပလီရေလှောင်တမံ | သံတွဲခရိုင်/ | ၄၄ | ၁၄၇၀ | ၄၄.၆၀ | ၁၅၁၂ | - | (၀.၆၀)ပေ ရေကျော် |
| | | သံတွဲမြို့ | ၉ | ၇၀ | | | | |
| ၃၇ | ကြက်တက်ရေလှောင်တမံ | မြောက်ဦးခရိုင်/ | ၃၀ | ၁၂၁ | ၃၂.၅၀ | ၁၄၆ | - | (၂.၅၀)ပေ ရေကျော် |
| | | မင်းပြားမြို့ | ၁၀ | ၉ | | | | |
| | | **ရန်ကုန်တိုင်းဒေသကြီး** | | | | | | |
| ၃၈ | မဟူရာ (ငမိုးရိပ်)ရေကူ ရေလှောင်တမံ | ရန်ကုန် (မြောက်ပိုင်း)ခရိုင်/ | ၉၀ | ၅၃၉၉၂ | ၉၁.၃၀ | ၅၆၄၆၄ | ၂.၀၀ | (၁.၃၀)ပေ ရေကျော် |
| | | လှည်းကူးမြို့ | ၃၄ | ၂၅၀၀ | | | | |
| ၃၉ | ဘန်ဘွေးကုန်းရေလှောင်တမံ | ရန်ကုန် (တောင်ပိုင်း)ခရိုင်/ | ၁၃ | ၁၇၃၅ | ၁၄.၀၅ | ၁၉၆၆ | ၁.၉၀ | (၁.၀၅)ပေ ရေကျော် |
| | | သန်လျင်မြို့ | ၂.၅၀ | ၁၅၀ | | | | |
| ၄၀ | စာမဏီအင်းရေလှောင်တမံ | ရန်ကုန် (တောင်ပိုင်း)ခရိုင်/ | ၁၂ | ၅၃၆၄ | ၁၃.၃၅ | ၆၃၂၇ | ၂.၃၆ | (၁.၃၅)ပေ ရေကျော် |
| | | သန်လျင်မြို့ | ၂ | ၃၂၆ | | | | |
| | | **ရှမ်းပြည်နယ် (မြောက်ပိုင်း)** | | | | | | |
| ၄၁ | မုံးရင်ရေလှောင်တမံ | ကျောက်မဲခရိုင်/ | ၈၆ | ၂၅၉၀၀ | ၈၆.၈၅ | ၂၆၈၃၇ | - | (၀.၈၅)ပေ ရေကျော် |
| | | နောင်ချိုမြို့ | ၅၆ | ၅၃၈၅ | | | | |
| ၄၂ | ကောက်ကွေ့ရေလှောင်တမံ | လားရှိုးခရိုင်/ | ၁၀၆ | ၅၀၃၄ | ၁၀၆.၁၀ | ၅၀၅၀ | ၀.၆၀ | (၀.၁၀)ပေ ရေကျော် |
| | | လားရှိုးမြို့ | ၃၄ | ၂၀၇ | | | | |
| ၄၃ | ဟူးမွန်ရေလှောင်တမံ | လားရှိုးခရိုင်/ | ၇၂ | ၂၀၂၅ | ၇၂.၃၀ | ၂၀၅၁ | ၁.၆၀ | (၀.၃၀)ပေ ရေကျော် |
| | | လားရှိုးမြို့ | ၃၀ | ၁၈၀ | | | | |
| | | **ဧရာဝတီတိုင်းဒေသကြီး** | | | | | | |
| ၄၄ | ကွန်ချောင်းရေလှောင်တမံ | ဟင်္သာတခရိုင်/ | ၁၂၅ | ၉၈၄၀၀ | ၁၂၅.၅၀ | ၉၉၂၅၀ | ၁.၁၂ | (၀.၅၀)ပေ ရေကျော် |
| | | ကြံခင်းမြို့ | ၄၈ | ၇၃၅၀ | | | | |
| ၄၅ | နန်ကသူရေလှောင်တမံ | ဟင်္သာတခရိုင်/ | ၁၃၈ | ၄၀၄၈၇ | ၁၃၉.၉၀ | ၄၁၄၀၁ | ၁.၁၄ | (၁.၉၀)ပေ ရေကျော် |
| | | အင်္ဂပူမြို့ | ၅၈ | ၆၆၁၈ | | | | |
| ၄၆ | ကညင်ရေလှောင်တမံ | ဟင်္သာတခရိုင်/ | ၁၇၄ | ၁၄၅၀၀၀ | ၁၇၆.၄၀ | ၁၄၉၅၉၅ | ၂.၂၀ | (၂.၄၀) ပေ ရေကျော် |
| | | အင်္ဂပူမြို့ | ၈၆ | ၂၆၈၈၀ | | | | |

# ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက လေဘေးသင့်မိသားစုဝင်များအား ထောက်ပံ့ပစ္စည်းများပေးအပ်

**ကျိုက်ထို ဩဂုတ် ၁၇**

ကျိုက်ထိုမြို့နယ် ကျောက္ကလပ်ကျေးရွာနှင့် သိမ်ဇရပ်ကျေးရွာတွင် ဇူလိုင် ၂၆ရက်နှင့် ၂၈ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ကျောက္ကလပ်ကျေးရွာမှ နေအိမ် ၁၉ လုံးနှင့်သိမ်ဇရပ်ကျေးရွာ တာဆုံပိုင်းမှ ပျက်စီးခဲ့သည့်နေအိမ် ၁၃ လုံးမှ မိသားစုဝင်များအား ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက ဩဂုတ် ၁၅ ရက် နံနက် ၈ နာရီတွင် သိမ်ဇရပ်ကျေးရွာ သာသနာ့ဝေပုလ္လ ဓမ္မာရုံ၌ ထောက်ပံ့ပစ္စည်းပေးအပ်ခဲ့သည်။

ထောက်ပံ့ပစ္စည်းပေးအပ်ရာတွင်မွန်ပြည်နယ်အစိုးရအဖွဲ့ဝင် စီမံကိန်း ဘဏ္ဍာရေး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီး ဦးဝဏ္ဏကျော်က အမှာစကား ပြောကြားပြီး ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ တာဝန်ခံ ဦးအောင်ဇော်လင်းကထောက်ပံ့ပစ္စည်းပေးအပ်ရခြင်း ရည်ရွယ်ချက်ကိုပြောကြားကာ ဝန်ကြီးဦးဝဏ္ဏကျော်နှင့် ဦးအောင်ဇော်လင်းအဖွဲ့မှ ဆန်အပါအဝင်ထောက်ပံ့ပစ္စည်းများကို ပေးအပ်ရာ သိမ်ဇရပ်ကျေးရွာ NLD ပါတီဥက္ကဋ္ဌ ဒေါက်တာခင်ဝိုင်းက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

**ဝင်းမောင်(ကျိုက်ထို)**



# မိုင်းယုမြို့၌ ကြိုးကျူးနှင့်ပုံမှန်အစုအဖွဲ့ပိုင်သစ်တောများ စိုက်ပျိုးလုပ်ကိုင်ခွင့်လက်မှတ်များပေးအပ်

**မိုင်းယု ဩဂုတ် ၁၇**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယုမြို့ မိုင်းလွေကြီးဝိုင်းအတွင်း ၂၀၁၃ ခုနှစ် ကြိုးကျူးနှင့်ပုံမှန်အစုအဖွဲ့ပိုင်သစ်တောများအတွက် အစုအဖွဲ့ပိုင်သစ်တောဆောင်ရွက်ခွင့် လက်မှတ်ပေးအပ်ခြင်းကို ဩဂုတ် ၁၅ ရက် နံနက်ပိုင်းက ဝမ်ဒွန်းနွဲ့ ကျေးရွာအုပ်စု ဒွန်းနွဲ့ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ပေးအပ်ခဲ့သည်။

အဆိုပါ ပေးအပ်ပွဲတွင် မိုင်းယောင်းမြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ် ဦးကျော်အောင်အောင်က ကြိုးကျူးနှင့်ပုံမှန်အစုအဖွဲ့ပိုင်သစ်တောများအတွက် နှစ် ၃၀ စိုက်ပျိုးလုပ်ကိုင်ခွင့်လက်မှတ်များကို တာပေါက်ကျေးရွာတွင် ၁၉ ဒသမ ၂၀ ဧကနှင့် ဒွန်းနွဲ့ကျေးရွာတွင် ၂၅ ဧကအတွက် ပေးအပ်ခဲ့ပြီး စီမံအုပ်ချုပ်မှုကော်မတီနှင့် အသုံးပြုသူများအဖွဲ့၏ တာဝန်နှင့်ဝတ္တရားများ၊ လိုက်နာရမည့်စည်းကမ်းများနှင့် အညီ သစ်တောသစ်ပင်များ စိုက်ပျိုးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ရှင်းလင်းဟောပြောခဲ့ရာ ကျေးရွာပြည်သူများက သိလိုသည်များကို ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ကိုကိုနိုင်(ပြန်/ဆက်)**



# စက်မှုလုပ်ငန်းခွင် သင်တန်းကျောင်း(ရန်ကုန်)မှ အင်ဂျင်နီယာဝန်ထမ်းကောင်းများ စဉ်ဆက်မပြတ် မွေးထုတ်နေ

**ရန်ကုန် ဩဂုတ် ၁၇**

ဆည်မြောင်းနှင့်ရေ အသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန စက်မှုတိုင်း (၁) စက်မှုလုပ်ငန်းခွင်သင်တန်းကျောင်း (ရန်ကုန်) အနေဖြင့် သင်တန်းစတင်ဖွင့်လှစ်ခဲ့သည့် (၁၉၇၄ - ၁၉၇၅) မှ ယနေ့အချိန်ထိ စက်ပြင်/စက်မောင်းနှင့် မွမ်းမံသင်တန်းပေါင်း ၂၃၉ ခု ဖွင့်လှစ်နိုင်ခဲ့ပြီး သင်တန်းသား ၁၁၅၁၇ ဦးကိုလည်းကောင်း၊ အာဆီယံအသိအမှတ်ပြု အမျိုးသားအဆင့် မြေတူးစက်မောင်းနှင့် သံရည်ကျို ပုံသွန်းလုပ်သား စစ်ဆေးအကဲဖြတ်ခြင်း (၁၀)ကြိမ်၊ ကျွမ်းကျင်လုပ်သား ၁၈၅ ဦးကိုလည်းကောင်း၊ အင်ဂျင်နီယာမွမ်းမံသင်တန်းများကိုလည်း စဉ်ဆက်မပြတ်မွေးထုတ်ပေးနေပြီဖြစ်ကြောင်း စက်မှုလုပ်ငန်းခွင် သင်တန်းကျောင်း (ရန်ကုန်)မှ သိရသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန စက်မှုတိုင်း(၁) စက်မှုလုပ်ငန်းခွင် သင်တန်းကျောင်း (ရန်ကုန်)တွင် အင်ဂျင်နီယာဝန်ထမ်းကောင်းများ ပေါ်ထွန်းစေရေးအတွက် ဦးစီးအရာရှိ(စက်မှု/လျှပ်စစ်) မွမ်းမံသင်တန်းအမှတ်စဉ်(၁)ကို ယခု ဩဂုတ်လတွင်ဖွင့်လှစ်ပို့ချပေးခဲ့ပြီး လာမည့်လများတွင်လည်း စဉ်ဆက်မပြတ်ဆွေးနွေးပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။




သင်တန်းတွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က အတွေ့အကြုံ ဆွေးနွေးဖလှယ်ပို့ချပေးသည်။

အင်ဂျင်နီယာစွမ်းဆောင်ရည်မြင့်မားရေးပို့ချပေးလျက်ရှိရာတွင် လုပ်ငန်းခွင်သုံး စက်ယန္တရားကြီးများ၏ အစဉ်ခေတ်မီ နည်းပညာဖွံ့ဖြိုးတိုးတက်မှုနှင့်အညီ ဖွဲ့စည်းတည်ဆောက်မှုနည်းစနစ်များ၊ တိကျလွယ်ကူလျင်မြန်ပြီး လျှပ်စစ်နှင့် ဟိုက်ဒရောလစ်စနစ်သုံးထိန်းချုပ်နည်းစနစ်များ၊ အန္တရာယ်ကင်းစွာထိန်းချုပ်အလုပ်လုပ်နိုင်မှုများ၊ GPS System များ၊ Sensor များဖြင့် ထိန်းချုပ်အလုပ်လုပ်ပုံများစသည့် လုပ်ငန်းမြန်ဆန်ပြီး မြောက်နိုင်စွမ်းရှိသည့် နည်းစနစ်နှင့် လုပ်ငန်းစဉ်များကို စက်ယန္တရားများ တင်သွင်းရောင်းချပေးနေကြသည့် မြန်ရွှေပြည် MSP Tractor ကုမ္ပဏီ၊ မြန်မာကိုင်ဒို ကုမ္ပဏီ၊ UMW ကုမ္ပဏီ၊ UMG ကုမ္ပဏီတို့မှ အင်ဂျင်နီယာများကလည်း နည်းပညာလက်ဆင့်ကမ်းမျှဝေခြင်းနှင့် လက်တွေ့သရုပ်ပြရှင်းလင်းဆွေးနွေးပို့ချပေးလျက်ရှိကြောင်း သိရသည်။

တက်ရောက်လာကြသည့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုတိုင်း အခြေစိုက်အလုပ်ရုံများ၊ တည်ဆောက်ရေးစက်မှုရုံးများ၊ ရေအားလျှပ်စစ်ဌာနခွဲမှ သင်တန်းသား အင်ဂျင်နီယာ ဦးစီးအရာရှိ (စက်မှု/လျှပ်စစ်) ၄၀ ဦးတို့မှလည်း မိမိတို့လုပ်ငန်းခွင်အလိုက် အသုံးပြုနေသည့် စက်ယန္တရားကြီးများ ပြုပြင်ထိန်းသိမ်း သုံးစွဲရေးနှင့် လုပ်ငန်းခွင်တွင် ဆောင်ရွက်နေမှုများကို သင်တန်းသားအချင်းချင်း နည်းပညာနှင့် အတွေ့အကြုံ ဆွေးနွေးဖလှယ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရေတိုက်စား ပျက်စီးသွားသော ထီလုံ-တာပေါင်တံတားများအား ပြုပြင်ပြီးစီး



**လှိုင်းဘွဲ့ ဩဂုတ် ၁၇**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် ရေတိုက်စားမှုများကြောင့် ပျက်စီးသွားသော ထီလုံ-တာပေါင်လမ်းပေါ်ရှိ မိုင်တိုင်အမှတ် ၄၁/၄၂ ကီလိုမီတာအကြားနှင့် ၄၈/၄၉ ကီလိုမီတာအကြား ပေ ၆၀ တံတားနှစ်စင်း၊ မိုင်တိုင်အမှတ် ၄၂/၄၃ ကီလိုမီတာအကြား ပေ ၇၀ တံတားတစ်စင်း၊ မိုင်တိုင်အမှတ် ၄၈/၄၉ ကီလိုမီတာအကြား ပေ ၁၁၀ တံတားတစ်စင်းနှင့် မိုင်တိုင်အမှတ် ၅၁/၅၂ ကီလိုမီတာအတွင်း ပေ ၁၃၀ တံတားတစ်စင်း စုစုပေါင်း ဘေလီတံတား ငါးစင်းသည် မိုးအဆက်မပြတ်ရွာသွန်းမှုနှင့် ရေတိုက်စားမှုများကြောင့် ဇူလိုင်လနောက်ဆုံးပတ်တွင် ပျက်စီးသွားခဲ့သည်။ ယခုအခါ အဆိုပါတံတားများအား လှိုင်းဘွဲ့မြို့နယ် ပြည်သူ့ဆောက်လုပ်ရေးဦးစီးဌာနက ကြီးကြပ်ပြီး တံတားတည်ဆောက်ရေးအထူးအဖွဲ့ ၁၄ နှင့် လမ်းအထူးအဖွဲ့ ၂၂ တို့က တံတားလေးစင်းအား ပြန်လည်ပြုပြင်တည်ဆောက်ပြီးစီးပြီး ပေ ၁၃၀ ရှိသော ဘေလီတံတားတစ်စင်းအား ဩဂုတ် ၁၈ ရက်တွင် အပြီးသတ်ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်သည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

# မင်းလှ၌ ကရင်ရိုးရာချည်ဖြူမင်္ဂလာပွဲ ကျင်းပမည်

**မင်းလှ ဩဂုတ် ၁၇**

ကရင်တိုင်းရင်းသားတို့၏ ဘာသာစာပေအနုပညာနှင့် ယဉ်ကျေးမှုဓလေ့ထုံးစံများ ခိုင်မာလာစေရန်၊ ပျောက်ပျက်မသွားစေရန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပွယ်စေး၏ လမ်းညွှန်ချက်နှင့်အညီ သာယာဝတီ ခရိုင်အဆင့်ကိုယ်စားပြု ကရင်ရိုးရာချည်ဖြူမင်္ဂလာပွဲအား မင်းလှမြို့ အမှတ်(၂) ရပ်ကွက် မြို့မစာသင်တိုက်တွင် ဩဂုတ် ၂၁ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ ကရင်ရိုးရာချည်ဖြူမင်္ဂလာပွဲသည် ခရိုင်အတွင်းရှိ ကရင်တိုင်းရင်းသားများအားလုံး လာရောက်ပြီး တစ်ဦးနှင့်တစ်ဦး ချစ်ခင်ရင်းနှီးစွာ ညာလက်တွင် ချည်သုံးပတ်ချည်နှောင်ပြီး ဆုတောင်းမင်္ဂလာပြုသည့်ပွဲတစ်ခုဖြစ်ကြောင်း သိရသည်။

ကရင်အမျိုးသားအချင်းချင်း ချစ်ကြည်သွေးစည်းမှုခိုင်မြဲစေရန်၊ လူငယ်များ သွန်သင်ဆုံးမစကားကိုနာခံနိုင်ရေးနှင့် အနာဂတ်ခေါင်းဆောင်များဖြစ်လာရန်၊ ယဉ်ကျေးမှုငါးမျိုးဖြစ်သော စကား၊ စာပေ၊ အနုပညာ၊ ဝတ်စားဆင်ယင်မှုနှင့်ရိုးရာဓလေ့များ မပျောက်ကွယ်စေရန်၊ ယဉ်ကျေးမှုနှင့် လူနေမှုအဆင့်မြင့်မားသောလူမျိုး မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို မြတ်နိုးတန်ဖိုးထားထိန်းသိမ်းတတ်သော အသိပညာအတတ်ပညာ မြင့်မားသော လူမျိုးများအဖြစ် တည်တံ့စေရန်ဟူသော ရည်ရွယ်ချက်များဖြင့်ဝါခေါင်လ ချည်ဖြူပွဲကိုကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။ လက်ချည်ပွဲတွင် အဓိကပစ္စည်း ကိုးမျိုးမှာ စကော၊ ယောက်မ၊ ထမင်းဆုပ် ခုနစ်ဆုပ်၊ ကောက်ညှင်းဖင်ချွန်း( နှစ်ထုပ်တစ်စည်း ခုနစ်ထုပ်)၊ ငှက်ပျောသီးမှည့် ခုနစ်လုံး၊ နတ်ပန်းညို ခုနစ်ခက်၊ ကြံပိုင်း ၇ ပိုင်း၊ ရေတစ်ခွက်၊ တစ်တောင်ခန့်ရှည်သောချည်ဖြူများတို့ကို ကရင်တိုင်းရင်းသား အကြီးအကဲများက လိပ်ပြာခေါ်ဆုတောင်းပြီး လက်ကို ချည်သုံးပတ်ချည်ပေးတဲ့ပွဲဖြစ်ကြောင်း၊ ကရင်တိုင်းရင်းသားလူငယ်များ ရိုးရာဝတ်စုံများဝတ်ဆင်၍ လာရောက်စေလိုကြောင်း ပွဲတော်ကျင်းပရေးကော်မတီမှ စောရွှေသိန်းက ပြောသည်။

လက်ချည်ပွဲအား ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ တိုင်းရင်းသား လူ့အခွင့်ရေးကာကွယ်ရေးအဖွဲ့ တိုင်းဒေသကြီး/ခရိုင် ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီအဖွဲ့များ တက်ရောက်ပြီး ဆင်နွှဲကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **ပေါက်စ (မင်းလှ)**

# မျှစ်ချဉ်စုကျေးရွာ အမကမူလွန်ကျောင်း၌ ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် အသိပညာပေးဟောပြောပွဲ ကျင်းဆင်းဆောင်ရွက်

**ပလောက် ဩဂုတ် ၁၇**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပလောက်မြို့ ပြည်ခြားကျေးရွာအုပ်စု မျှစ်ချဉ်စုကျေးရွာ အမကမူလွန်ကျောင်း၌ ကျောင်းသား ကျောင်းသူများ ပညာကို ကျန်းမာရေးကောင်းမွန်စွာသင်ယူနိုင်ကြစေရန်နှင့် ဦးနှောက်ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ရည်ရွယ်၍ ပလောက်မြို့တိုက်နယ်ကျန်းမာရေးဌာနမှ သွားကျန်းမာရေးဆရာဝန် ဒေါက်တာဇာဇင်ထူးနှင့် ကျန်းမာရေးဝန်ထမ်းများသည် ဩဂုတ် ၁၆ ရက် နံနက်ပိုင်းက ကျန်းမာရေးအသိပညာပေးခြင်းနှင့် လက်တွေ့စစ်ဆေးကုသပေးခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါဟောပြောပွဲတွင် ပလောက်မြို့တိုက်နယ်ကျန်းမာရေးဌာနမှ သွားကျန်းမာရေးဆရာဝန် ဒေါက်တာ ဇာဇင်ထူးက သွားနှင့်ခံတွင်းရောဂါအကြောင်းဟောပြောခြင်း၊ ကျန်းမာရေးဆရာမ ဒေါ်ရီသိန်းက သွေးလွန်တုပ်ကွေးရောဂါနှင့် ငှက်ဖျားရောဂါကာကွယ်ရေးအကြောင်းဟောပြောခြင်း၊ ပြည်ခြားကျေးရွာ သားဖွားဆရာမ ဒေါ်ဖြိုးလဲ့ရည်က တစ်ကိုယ်ရေသန့်ရှင်းရေးအကြောင်း ဟောပြောခဲ့ကြောင်း သိရသည်။

ထို့နောက် ကျောင်းသား ကျောင်းသူ ၂၄၀ အား သွားနှင့်ခံတွင်းကျန်းမာရေး စစ်ဆေးပေးခြင်း၊ သွားတိုက်ခြင်း သရုပ်ပြသခြင်း၊ လက်ဆေးခြင်း သရုပ်ပြသခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

**နိုင်ဦး(ပလောက်)**

## ဖခင်အမည်မှန်

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၊ အထက(၁၄) သတ္တမတန်း (B)မှ မဖူးပြည့်စုံ၏ ဖခင်အမည်မှန်မှာ ဦးဝင်းလွင် ၉/ပမန(နိုင်)၂၅၈၄၄၁ ဖြစ်ပါကြောင်း။ **ဦးဝင်းလွင်**

## ဖခင်အမည်မှန်

ကန့်ဘလူမြို့၊ အထက(၁) နဝမတန်း(က)မှ မနွယ်နွယ်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်တူး ၅/ကဘလ(နိုင်)၀၈၀၀၉၄ ဖြစ်ပါကြောင်း။ **ဦးခင်မောင်တူး**

## ဖခင်အမည်မှန်

တောင်သာမြို့၊ ကန်ရွာအလက(ခွဲ)ဆဋ္ဌမတန်းမှ မောင်ကျော်ထက်ဟန်၏ ဖခင်အမည်မှန်မှာ ဦးစိန်လင်း ၉/တသန(နိုင်)၁၉၅၅၁၂ ဖြစ်ပါကြောင်း။ **ဦးစိန်လင်း**

## ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့နေ မအေးအေးမြို့ ၉/ပဥလ(နိုင်)၀၈၅၅၇၁၏ ဖခင် ဦးမြတ်ဆွေ၏ အမည်မှန်မှာ ဦးမြတ်ထွေး ၅/ဝလန(နိုင်)၀၄၇၃၅၁ဖြစ်ပါကြောင်း။ **ဦးမြတ်ထွေး**

## ဖခင်အမည်မှန်

ပြင်ဦးလွင်ခရိုင်၊ မတ္တရာမြို့နယ် စလွန်ဖြူ(အထက)တက္ကသိုလ်ဝင်တန်း(B)မှ မောင်ရန်နိုင်ဖြိုးမြင့်၏ ဖခင်အမည်မှန်မှာ ဦးကိုမြင့် ၉/မတရ(နိုင်)၀၈၂၀၀၄ ဖြစ်ပါကြောင်း။ **ဦးကိုမြင့်**

## အမည်ပြောင်း

ပြင်ဦးလွင်ခရိုင်၊ မတ္တရာမြို့နယ် အထက(မြို့သစ်) ဒုတိယတန်း(C)မှ ဦးဆန်းဝင်းဌေး ၉/မတရ(နိုင်)၁၁၄၁၉၄၏သား မောင်ဝဏ္ဏဟန်အား ယနေ့မှစ၍ မောင်ဝေယံဘုန်းမြတ်ဟုပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ဝေယံဘုန်းမြတ်**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အားမာန် ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်ဇင်မျိုးသန့်၏ ဖခင်အမည်မှန်မှာ ဦးမြင့်ကျော်ဦး ၅/ကလထ(နိုင်)၀၄၉၀၁၅ ဖြစ်ပါကြောင်း။ **ဦးမြင့်ကျော်ဦး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးထွန်းတင်၏သား ဖောင်းပြင်မြို့နယ်၊ ဟဲလှော်ကျေးရွာနေ ဦးမောင်ငယ် ၅/ဖပန(နိုင်)၀၄၄၃၇၈နှင့် ဦးခင်မောင်လွင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။**ဦးမောင်ငယ်(ခ)ဦးခင်မောင်လွင်**

## တစ်ဦးတည်းဖြစ်ကြောင်း

ဦးဘိုတင်၏သား ဖောင်းပြင်မြို့နယ်၊ မင်းယားကျေးရွာအုပ်စု၊ မင်းယားကျေးရွာနေ ဦးထွန်းလှ ၅/ဖပန(နိုင်)၀၆၁၃၄၅နှင့် ဦးအိုက်လှမှာတစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးထွန်းလှ(ခ)ဦးအိုက်လှ**

## တစ်ဦးတည်းဖြစ်ကြောင်း

ဖောင်းပြင်မြို့နယ်၊ မင်းယားကျေးရွာ၊ အထက၊ တက္ကသိုလ်ဝင်တန်းမှ မဖူးအိလှိုင်၏ဖခင် ဦးလူညွန့် ၅/ဖပန(နိုင်)၀၄၅၇၃၈နှင့် ဦးဖြားချိုမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးလူညွန့်(ခ)ဦးဖြားချို**

## တစ်ဦးတည်းဖြစ်ကြောင်း

၂၀၁၇ခုနှစ် မုံရွာအဝေးသင်တက္ကသိုလ်၊ ဝိဇ္ဇာတွဲ(မြန်မာစာ)အောင် မဝေဝေခင်နှင့်ဖောင်းပြင်မြို့၊ အထက၊ တက္ကသိုလ်ဝင်တန်းမှ မောင်တင်နိုင်လင်းတို့၏ ဖခင်ဦးသန်းစိန် ၅/ဖပန(နိုင်)၀၂၀၉၀၆ နှင့် ဦးကျော်သန်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးသန်းစိန်(ခ)ဦးကျော်သန်း**

## တစ်ဦးတည်းဖြစ်ကြောင်း

ဦးအောင်သင်း၏သား ဖောင်းပြင်မြို့နယ်၊ မင်းယားကျေးရွာအုပ်စု မင်းယားကျေးရွာနေ ဦးခင်မောင်ရင် ၅/ဖပန(နိုင်)၀၀၇၂၀၀နှင့် ဦးမြင့်ကျော်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးခင်မောင်ရင်(ခ)ဦးမြင့်ကျော်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ် ရွှေလုံအထက တက္ကသိုလ်ဝင်တန်းမှ မောင်ထက်လင်းကိုကိုနှင့် မခင်သူဇာထွေး၊ ပဉ္စမတန်းမှ မယမင်းသော်တာတို့၏ဖခင် ဦးအောင်စိုးလွင်(ခ)ဦးစိုးလွင် ၉/သစန(နိုင်) ၀၈၅၉၇၄ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးအောင်စိုးလွင်(ခ)ဦးစိုးလွင်**

## အုတ်ဖိုမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲဖိတ်ကြားလွှာ

အုတ်ဖိုမြို့နယ်အသင်း(ရန်ကုန်)အကြိမ်(၂၀)မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အုတ်ဖိုမြို့နယ်အသင်းသူ/ သားများနှင့် အုတ်ဖိုမြို့နယ်သူ/သားများ ကြွရောက်ကြည်ညိုသဒ္ဓါတရားပွားများနိုင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်ရက်** - ၂၆-၈-၂၀၁၈ရက် (တနင်္ဂနွေနေ့)
**ကျင်းပမည့်အချိန်** - နံနက် ၉း၀၀နာရီ
**ကျင်းပမည့်နေရာ** - ပဏ္ဍိတာရာမစာသင်တိုက်၊ ပဏ္ဍိတာရာမကျောင်းလမ်း၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်

ဝါဆိုသင်္ကန်းနှင့် ဒါတဗ္ဗဝတ္ထုအစုစု ဆက်ကပ်လှူဒါန်းလိုပါက ဦးတင်မောင်ညွန့် ဖုန်း-၀၉-၈၇၈၃၀၄၀၅၀၊ ဦးဝင်းမြင့် ဖုန်း-၀၉-၅၁၄၉၀၅၄၊ ဦးခင်မောင်တင့် ဖုန်း-၀၉-၇၉၅၂၇၅၅၇၉၊ ဒေါ်ခင်ဝင်းကြည် ဖုန်း-၀၉-၄၂၃၇၂၈၂၃၂၊ ဒေါ်ဆွေဆွေမာ ဖုန်း-၀၉-၇၉၉၆၈၇၉၂၄၊ ဒေါ်ညွန့်ညွန့်ဝင်း ဖုန်း-၀၉-၇၃၉၀၃၄၀၀၊ ဦးအေးဝင်း ဖုန်း-၀၉-၄၄၃၀၅၉၈၇၆၄ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**မှတ်ချက်။ ။နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံကျွေးမွေးပါမည်။**

**အလုပ်အမှုဆောင်အဖွဲ့**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ယုဇနရပ်ကွက်၊ ကွင်းအမှတ်(၁၆က/၈)၊ ဦးပိုင်အမှတ် (၁၁၆)၊ ဧရိယာ ၀ ဒသမ ၀၈၇၈ဧကရှိ မြေကွက်အား ဦးလှမြင့် ၁/မကန(နိုင်)၀၁၈၆၆၈အမည်ဖြင့် မြေငှားဂရန်(အသစ်) လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့်ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်(အသစ်) ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**သထုံခရိုင်တရားရုံးတော်**
**၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်-၃၇ နှင့်ဆက်နွယ်သည့်**
**၂၀၁၈ ခုနှစ် တရားမဇာရီမှုအမှတ်-၁၁**

ဘဏ်ခွဲတာဝန်ခံ **နှင့်** ၁။ ဦးမြတ်စိုး
ဧရာဝတီဘဏ်လီမိတက် ၂။ ဒေါ်ချိုချိုသန်း
သထုံဘဏ်ခွဲ၊ သထုံမြို့ (အတူနေလင်မယား)
**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

အထက်ပါအမှုမှ (၁)တရားရှုံး ဦးမြတ်စိုး၊ (၂) တရားရှုံးဒေါ်ချိုချိုသန်း အမှတ် (၁၃၀၈)၊ အရာရှိရိပ်သာ၊ ခရေပင်လမ်းခွဲ၊ မင်္ဂလာဒုံဥယျာဉ်အိမ်ရာ၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ယခုနေရပ်လိပ်စာမသိ)သူများ သိစေရမည်။

၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်-၃၇အမှုတွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဧရာဝတီဘဏ်လီမိတက် သထုံဘဏ်ခွဲက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ(သို့မဟုတ်) အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၈ခုနှစ် သြဂုတ် ၃၁ရက် (၁၃၈၀ပြည့်နှစ် ဝါခေါင်လပြည့်ကျော်၅ရက်)မွန်းမတည့်မီ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၁၈ ခုနှစ် သြဂုတ် ၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **(ခင်ဝင်းယုဆွေ)**

**ခရိုင်တရားသူကြီး**
**သထုံခရိုင်တရားရုံး**

## ငွေချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**မန္တလေးခရိုင်တရားရုံးတော်**
**၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၂၈၂**

ဦးကျော်သင်းဦး **နှင့်** ၁။ ဦးထွန်းလင်း
၂။ ဒေါ်တင်တင်ထွေး
**တရားလို** **တရားပြိုင်များ**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ အမှတ် ၂/၈၃၊ လမ်း ၆၀၊ ၃၄×၃၅လမ်းကြား၊ ခရေလမ်းနေ(၁)တရားပြိုင် ဦးထွန်းလင်း(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးကျော်သင်းဦးက ငွေယုံကြည်အပ်နှံခြင်းကတိစာချုပ်ပါငွေကျပ် ၃၇၅၀၀၀၀၀/-နှင့် နစ်နာကြေးငွေကျပ် ၂၂၅၀၀၀၀၀/-စုစုပေါင်း ၆၀၀၀၀၀၀၀/-ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၄ ရက် (၁၃၈၀ ပြည့်နှစ် ဝါခေါင်လပြည့်ကျော် ၉ ရက်) မွန်းမတည့်မီ ၉း၃၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ် သြဂုတ် ၁၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။ **(ကျော်ကျော်ဦး)**

**တွဲဖက်ခရိုင်တရားသူကြီး(၃)**
**မန္တလေးခရိုင်တရားရုံး**

## လယ်တီဝိပဿနာ (၇)ရက်တရားစခန်း

ကျေးဇူးတော်ရှင် ကမ္ဘာကျော် ပထမလယ်တီဆရာတော်ကြီး၏ ဝိပဿနာတရား မြန်မာမှ ကမ္ဘာသို့တိုင်အောင် ပြန့်ပွားရေးရှေးရှုလျက် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ နာဂလိုဏ်ဂူဘုရားကုန်းမြေ ကလေးဝတောရ ပဓာနနာယက၊ နိုင်ငံတော်နှင့် လယ်တီဝိပဿနာပြန့်ပွားရေးဗဟိုအဖွဲ့ချုပ် သြဝါဒါစရိယ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ လယ်တီကမ္မဋ္ဌာနာစရိယ အဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ မဟာထေရ်၏ သြဝါဒတော်နှင့်အညီ ကျင်းပပါမည်။

**နေ့ရက်နှင့်အချိန်** - ၁၃၈၀ပြည့်နှစ် ဝါခေါင်လပြည့်နေ့ (၂၆-၈-၂၀၁၈) တနင်္ဂနွေနေ့၊ ညနေ ၅နာရီတွင် ဖွင့်လှစ်ပါမည်။
**နေရာ** - လယ်တီမှုဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၊ (၃၃၇/က)၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့
**ဖုန်း** - ၀၉-၅၀၉၈၆၃၄၊ ၀၉-၇၉၃၈၈၆၇၄၀

## ဖိတ်ကြားအပ်ပါသည်

တက္ကသိုလ်အားကစားအရာရှိ(ငြိမ်း) ဆရာငြိမ်းနှစ်(၁၀၀)ပြည့် ဂုဏ်ပြုအထိမ်းအမှတ်ကို တက္ကသိုလ်ဓမ္မာရုံ၌ ၂၅-၈-၂၀၁၈ရက်နှင့် တက္ကသိုလ်ဘောလုံးကွင်း(သထုံလမ်း)တွင် ၂၆-၈-၂၀၁၈တို့တွင် ကျင်းပမည်ဖြစ်ပါ၍ တက္ကသိုလ်အားကစားသမားဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**တက္ကသိုလ် ဘောလုံးသမားဟောင်းများအသင်း (ရန်ကုန်)**

## ဖခင်အမည်မှန်

ပေါင်မြို့နယ် အထကခွဲ(ထန်းပင်ချောင်)ကျောင်း၊ နဝမတန်းမှ မောင်ချစ်မင်းသူ၏ဖခင်အမည်မှန်မှာ ဦးဇော်မင်းခိုင် ၁၀/ပမန(နိုင်)၂၀၇၈၀၃ ဖြစ်ပါသည်။ **ဦးဇော်မင်းခိုင်**

## ဖခင်အမည်မှန်

ပေါင်မြို့နယ် အထကခွဲ (အလယ်ရွာ)ကျောင်း၊ နဝမတန်းမှ စောအောင်ကျော်ဦး၏ ဖခင်အမည်မှန်မှာ ဦးပိုင်ပိုင်ဦး ၁၀/ပမန(နိုင်)၂၅၁၇၇၄ ဖြစ်ပါသည်။ **ဦးပိုင်ပိုင်ဦး**

## ဖခင်အမည်မှန်

ဝမ်းတွင်းမြို့နယ် အထက(ဆပ်ခင်း)၊ တက္ကသိုလ်ဝင်တန်း(က)မှ မခိုင်ဝေဦး၏ ဖခင်အမည်မှန်မှာ ဦးကိုထွန်း ၉/ဝတန(နိုင်)၂၂၂၅၉၃ ဖြစ်ပါကြောင်း။ **ဦးကိုထွန်း**

## မွေးသက္ကရာဇ်အမှန်

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ရေတွင်းကုန်းကျေးရွာ မဟာမြိုင်ရပ်ကွက်နေ (ဘ)မိုဘာရိ(စ်)ဇာမာ၏ သမီး မစန္ဒာဝင်း (ပထမနှစ်၊သမိုင်း) မော်လမြိုင်တက္ကသိုလ်၏ မွေးသက္ကရာဇ်အမှန်မှာ ၂၀-၄-၂၀၀၀ဖြစ်ပါသည်။ **မစန္ဒာဝင်း**

## ဖခင်အမည်မှန်

ရွှေဘိုမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(B)မှ မဇာကြည်ငြိမ်း၏ ဖခင်အမည်မှန်မှာ ဦးစန်းယု ၅/ရဘန(နိုင်)၀၆၃၂၃၀ ဖြစ်ပါကြောင်း။

**ဦးစန်းယု**

## မိခင်အမည်မှန်

ပေါင်မြို့နယ် အလက(ပုသိမ်ကွင်း)ကျောင်း၊ ပဉ္စမတန်းမှ မောင်ထက်ဝင်းယံ၏ မိခင်အမည်မှန်မှာ ဒေါ်ခိုင်သဇင်ဦး ၁၀/ပမန(နိုင်)၁၃၂၉၀၂ ဖြစ်ပါသည်။ **ဒေါ်ခိုင်သဇင်ဦး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မြင်းမူမြို့နယ်၊ တောချောင်းဦး အထကမှ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူ မဝင်းပပကျော်၏ဖခင် ဦးကျော်မျိုးဦး ၅/မမတ(နိုင်)၀၅၁၇၂၉နှင့် တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်အရ ဦးမျိုးကျော်ဦးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးကျော်မျိုးဦး(ခ)ဦးမျိုးကျော်ဦး**

## ဖခင်အမည်မှန်

ပေါင်မြို့နယ် အထက(ကျွဲခြံ)ကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မောင်အောင်နိုင်သူ၏ ဖခင်အမည်မှန်မှာ ဦးနေဝင်း ၁၀/ပမန(နိုင်)၁၀၅၂၆၁ဖြစ်ပါသည်။ **ဦးနေဝင်း**

## အမည်မှန်

စစ်ကိုင်းခရိုင်၊ မြင်းမူမြို့နယ်၊ ဂုံညင်းဆိပ်ကျေးရွာ တက္ကသိုလ်ဝင်တန်းမှ မောင်အောင်ထက်ထက်၏ အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းအရ မောင်အောင်ထက်မြတ် ၅/မမတ(နိုင်)၁၁၆၁၁၂ ဖြစ်ပါကြောင်း။ **မောင်အောင်ထက်မြတ်**

## ဖခင်အမည်မှန်

ပေါင်မြို့နယ် အထက(ကျွဲခြံ)ကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မမေပြည့်စုံဦး၏ ဖခင်အမည်မှန်မှာ ဦးသက်ဝင်းမြင့် ဖြစ်ပါသည်။

**ဦးသက်ဝင်းမြင့်**

## ဖခင်အမည်မှန်

ပါဒလိတ်၊ အထက(၇)တက္ကသိုလ်ဝင်တန်းမှ မဖြိုးသန္တာမျိုး၏ ဖခင်အမည်မှန်မှာ ဦးမျိုးဝင်းထွန်း ၄/ပလဝ(နိုင်)၀၅၅၇၂၄ ဖြစ်ပါကြောင်း။ **ဦးမျိုးဝင်းထွန်း**

## ဖခင်အမည်မှန်

ပေါင်မြို့နယ် အထကခွဲ (ထန်းပင်ချောင်)ကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မိစုစုမွန်၏ ဖခင်အမည်မှန်မှာ ဦးစံထွန်း ၁၀/ပမန(နိုင်)၁၅၀၁၀၄ ဖြစ်ပါသည်။ **ဦးစံထွန်း**

## အမည်ပြောင်း

စစ်တွေမြို့၊ ပညာမဏ္ဍိုင် ပညာရိပ်မြေ အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ (ဘ)ဦးကျော်စိန်ထွန်း၏ သမီးမနုနုရွှေအား ယနေ့မှစ၍ မမြတ်နိုးခိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **မမြတ်နိုးခိုင်**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးကျော်သန်းဝင်း၏ ပထမတန်းစက်ခန်းအုပ် လက်မှတ်အမှတ် (စမပ-၁၃၄/ ၂၀၁၇)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၈၄၀၈၆၉၅**

## ဖခင်အမည်မှန်

ရသေ့တောင်မြို့၊ အထက (၁) နဝမတန်းမှ မသက်ထားလှိုင်၏ ဖခင်အမည်မှန်မှာ ဦးမောင်တင်လှိုင် ၁၁/ပဏတ(နိုင်)၀၄၅၁၆၄ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပုဏ္ဏားကျွန်းမြို့နယ်၊ သင်းပုန်းတန်းအထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မောင်နေဇော်လင်းနှင့် အဋ္ဌမတန်းမှ မနွယ်နွယ်စိုးတို့၏ ဖခင်အမည်မှန်မှာ ဦးသန်းကျော်ချေ ၁၁/ပဏတ(နိုင်) ၀၃၇၄၉၈ ဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

ယိုးတရုတ် အထက၊ တက္ကသိုလ်ဝင်တန်းမှ မောင်နိုင်ဦး အထက (၂) (စစ်တွေ) အဋ္ဌမတန်း(B)မှ မောင်ဖြူသန့်ကိုတို့၏ မိခင်အမည်မှန်မှာ ဒေါ်သန်းသန်းညွန့် ၁၁/ပဏတ(နိုင်) ၀၅၈၄၄၇ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

စစ်တွေမြို့၊ မောလိပ် အထက(ခွဲ) နဝမတန်းမှ (ဘ)ဦးဒိုးလှအောင်၏သား မောင်ညီညီအေးအား မောင်ညီညီဟု ပြောင်းလဲခေါ်ပါရန်။

## အမည်မှန်

ပုဏ္ဏားကျွန်းအထက တက္ကသိုလ်ဝင်တန်း(B)မှ (ဘ) ဦးမောင်နုစိန်၏သမီး မဖြူအေးချော၏ အမည်မှန်မှာ မဖြူဖြူအေး ဖြစ်ပါကြောင်း။

## တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိကယောဆရာတော်ကြီး စီမံအုပ်ချုပ်တော်မူသော ထေရဝါဒဓမ္မရောင်ခြည်ပရိယတ္တိစာသင်တိုက်(မြောက်ဒဂုံ) ထေရဝါဒဓမ္မဘောဇနဆွမ်းစား ကျောင်းတော်ကြီး ရေစက်သွန်းချကျောင်းလွှတ်ပူဇာမင်္ဂလာ ဖိတ်ကြားလွှာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၂)ရပ်ကွက်၊ သခင်အုန်းဖေကြီးလမ်း၊ ထေရဝါဒဓမ္မရောင်ခြည် ပရိယတ္တိစာသင်တိုက်တွင် တိပိဋကယောဆရာတော်ကြီးမှ မ,တည်၍စုပေါင်းကုသိုလ်ရှင်များ ကောင်းမှုဖြင့် တည်ဆောက်ပြီးသော ထေရဝါဒဓမ္မဘောဇနဆွမ်းစားကျောင်းတော်ကြီး ရေစက်ချ ကျောင်းလွှတ်ပူဇာမင်္ဂလာအခမ်းအနားကို ၁၃၈၀ပြည့်နှစ် ဝါခေါင်လပြည့်နေ့(၂၆-၈-၂၀၁၈ရက်) (တနင်္ဂနွေနေ့) နံနက် ၉း၀၀နာရီတွင် ကျင်းပမည်ဖြစ်ရာ တိပိဋကယောဆရာတော်ကြီး ဟောကြားချီးမြှင့်တော်မူမည့် အနုမောဒနာတရားတော်ကို အတူတကွ နာယူ၍ ကုသိုလ်အမျှယူနိုင်ရန်အတွက် ကျောင်းအလှူရှင်များအားလုံးနှင့်ကျောင်းတိုက်၏ ပစ္စည်းလေးပါးဒါယကာ ဒါယိကာမများအားလုံး (ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ)ကြွရောက်ကြပါရန် ခင်မင်လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ **ဝေယျာဝစ္စအဖွဲ့**

## အမည်မှန်

ဦးအီးရှော ၁၃/တခလ(နိုင်)၀၄၄၃၅၄၏သမီး တာချီလိတ်မြို့၊ မိုင်းကိုး(အထက) တက္ကသိုလ်ဝင်တန်း(က)မှ မမေသက်ဆွေ၏ အမည်မှန်မှာ မမေသက်ရွှေ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

SMART Concrete products Co.,Ltd မှ ကုမ္ပဏီပိုင်မော်တော်ယာဉ် 9M/2176၏ ယာဉ်နံပါတ်ပြားမှာ ရေနှင့်မျောပါသွားပြီး ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**ဖုန်း-၀၉-၉၇၀၄၀၃၅၅၁**

## ပျောက်ဆုံးကြောင်း

ကျွန်တော် စိုင်းနေဝင်းထွန်း ၁၃/လလန(နိုင်)၀၅၄၆၆၂၏ Passport No (မမှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၃၃၀၄၉၉**

## ပျောက်ဆုံးကြောင်း

ကျွန်မ နန်းဆိုင်ဟိန်း ၁၃/မတန(နိုင်)၀၂၇၈၆၂ ၏ Passport No (မမှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၉၈၂၈၀၃၈**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4K/6723 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (နေပြည်တော်)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၉ဌ/၁၉၇၃၇ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊**

**တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံ)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၁စ/၂၁၆၂ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရမည်းသင်း)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/ညောင်ပင်ကြီးစုရပ်၊ ညောင်ပင်ကြီးစုကွက်သစ်မှ မြေဧရိယာ ၀ဒသမ၀၈၂၈ဧကရှိဦးစိုးမြင့် ၉/ပဗသ(နိုင်)၀၀၄၆၈၂ (ဘ)ဦးပွကြီး အမည်ပေါက်ပါမစ်မြေကွက်အမှတ်(ပ-၁၃၀)ကို ဒေါ်စန်းဌေး ၁၄/ဝခမ(နိုင်)၀၉၃၀၉၇(ဘ)ဦးစိန်ဝင်းမှ မြေပေးမိန့်မိတ္တူ၊ မြေကွက်အရောင်းအဝယ်စာချုပ်မိတ္တူ မြေကွက်ရောင်းချသူ၏ ရောင်းချထားကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မှုရင်း၊ မြေကွက်ဝယ်သူ၏ ဝယ်ယူထားကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မှုရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ မြေကွက်ဝယ်ယူသူ(လျှောက်ထားသူ)၏ ဝန်ခံကတိပြုချက်မူရင်းတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ငွေချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ပုဗ္ဗသီရိမြို့နယ်တရားရုံး**
**၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၆၃**

ဒေါ်ခင်သန်းဝင်း **နှင့်** ၁။ ကိုရဲထွန်းဇော်
၂။ မယဉ်ယဉ်အေး
**တရားလို** **တရားပြိုင်များ**

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဖြုတ်ခွဲအုပ်စု၊ ဖြုတ်ခွဲကျေးရွာနေ (၂) တရားပြိုင် မယဉ်ယဉ်အေး (ယခုလက်ရှိနေထိုင်သောလိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌တရားလို ဒေါ်ခင်သန်းဝင်းက စုကြေးကျန်ငွေနှင့် လေလံစုကြေးငွေစုစုပေါင်း ငွေကျပ်သိန်း ၁၀၀ ရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၇ရက် (၁၃၈၀ ပြည့်နှစ် ဝါခေါင်လပြည့်ကျော် ၁၂ရက်) နံနက် ၁၀း၀၀နာရီတွင် တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် အမှုနှင့်စပ်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကိုသင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ် သြဂုတ် ၁၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။ **(နေလင်းစိုး)**

**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ပုဗ္ဗသီရိမြို့နယ်တရားရုံး**

# ညောင်တုန်းမြို့၌ ဧရာဝတီမြစ်ကမ်းပါးပြိုကျ၍ လူနေအိမ် ၄၉ လုံး၊ ဓမ္မာရုံတစ်လုံး ပြောင်းရွှေ့ ကွင်းရေမြင့်တက်မှုကြောင့် စာသင်ကျောင်း ၁၅ ကျောင်း ယာယီပိတ်ထား

ညောင်တုန်း ဩဂုတ် ၁၇

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်တွင် ဩဂုတ် ၁၇ ရက် နံနက်ပိုင်း၌ ဧရာဝတီမြစ်ရေ တိုက်စားမှုကြောင့် ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအုပ်စု ဂန်ချောင်းကျေးရွာ၌ မြစ်ကမ်းပါး အလျား ပေ ၁၀၀၊ အနံ ပေ ၇၀ ပြိုကျခဲ့ရာ ယင်းမြစ်ကမ်းပြိုကျသည့်နေရာနှင့် နီးစပ်လျက်ရှိသည့် လူနေအိမ် တစ်လုံး၊ အိမ်ထောင်စု တစ်စု၊ လူဦးရေ ခြောက်ဦးအား ကမ်းနှင့်ဝေးရာရှိ ဆွေမျိုးများ၏ နေအိမ်သို့ ခေတ္တပြောင်းရွှေ့ နေရာချထားပေးခဲ့သည်။

အလားတူ ဧရာဝတီမြစ်ရေ တိုက်စားပြီး ညောင်တုန်းမြို့နယ် သပြုရေလယ်ကျွန်းကျေးရွာအုပ်စု ရွှေဒင်္ဂါးကျွန်းကျေးရွာတွင် မြစ်ကမ်းပါးပြိုကျလျက်ရှိရာ

စာမျက်နှာ ၉ ကော်လံ ၁ ◆



ညောင်တုန်းမြို့နယ် သပြုရေလယ်ကျွန်းကျေးရွာအုပ်စု ရွှေဒင်္ဂါးကျွန်းကျေးရွာတွင် ဧရာဝတီမြစ်ကမ်းပါးပြိုကျမှုကို တွေ့ရစဉ်။

## မုန်တိုင်းအကြွင်းအကျန် တိမ်တိုက်များကြောင့် မိုးကြီးနိုင် ရေကြီးရေလျှံမှုဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုရန်အကြံပြု

နေပြည်တော် ဩဂုတ် ၁၇

ယနေ့မွန်းလွဲ ၁ နာရီခွဲက တိုင်းထွာချက်များအရ ဗီယက်နမ်နိုင်ငံ မြောက်ပိုင်းကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်ခဲ့သော အပူပိုင်းမုန်တိုင်း "ဘီဘင်ကာ" (Bebinca) အကြွင်းအကျန်တိမ်တိုက်များ၏ အရှိန်ကြောင့် ယနေ့ညနေမှ နောက် ၇၂ နာရီအတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးရွာပြီး နေရာကွက်၍ မိုးကြီးခြင်းနှင့် ဒေသအလိုက် မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်သည်။

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၂၄ နာရီအတွင်း ၇၇ မီလီမီတာ (၃-လက်မ)နှင့်အထက်၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ၃၈ မီလီမီတာ (၁ ဒသမ ၅- လက်မ)နှင့်အထက် ရွာသွန်းနိုင်သည်။

သို့ဖြစ်ပါ၍ လေပြင်းတိုက်ခတ်ခြင်းနှင့်အတူ မိုးသည်းထန်စွာရွာသွန်းခြင်းတို့ကြောင့် လျှပ်တစ်ပြက်ရေကြီးခြင်း၊ မြေပြိုခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်ကိုလည်းကောင်း၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများ ဖြစ်ပေါ်နိုင်သောကြောင့် ကြိုတင်သတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

မြန်မာရေလုပ်သားများ ထိုင်းနိုင်ငံသို့ MoU စနစ်ဖြင့် စေလွှတ်ရေးဆွေးနွေး စာ-၉

မြဝတီမြို့၌ ဆိုဒီယမ်ဆိုင်ရာနိုက် ပုံဆောင်ခဲများ ဖမ်းဆီးရမိ စာ-၁၃

## မော်လမြိုင်-ရန်ကုန်-နေပြည်တော် အမြန်လူစီးရထား ဩဂုတ် ၁၉ ရက်မှစ၍ ပုံမှန်ပြန်လည်ပြေးဆွဲမည်

မော်လမြိုင် ဩဂုတ် ၁၇

မွန်ပြည်နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့်ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ပြီး ဒုံဝန်းဘူတာနှင့် နှင်းပုလဲဘူတာကြားရှိ တံတားအမှတ်(၇၄)မှာ ရေတိုက်စား၍ ပျက်စီးသွားခဲ့သောကြောင့် မော်လမြိုင်မှ ရန်ကုန်သို့ လည်းကောင်း၊ မော်လမြိုင်မှ နေပြည်တော်သို့ လည်းကောင်း အမြန်လူစီးရထားများ ရပ်ဆိုင်းထားခဲ့ရသည်။

ယခုအခါ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားလုပ်ငန်းက အချိန်မီပြုပြင်ခဲ့မှုကြောင့် မော်လမြိုင်မှ ရန်ကုန်သို့ပြေးဆွဲနေသော(၁၇၆)အစုန်၊ (၃၆)အစုန်၊ (၉၀)အစုန်၊ ရန်ကုန်မှမော်လမြိုင်သို့ ပြေးဆွဲနေသော(၁၇၅)အဆန်၊ (၃၅)အဆန်၊ (၈၉)အဆန်၊ မော်လမြိုင်မှ နေပြည်တော်သို့ ပြေးဆွဲနေသော(၁၈)အစုန်၊ (၁၇)အဆန်၊ နေပြည်တော်မှ မော်လမြိုင်သို့ ပြေးဆွဲနေသော(၁၆)အစုန်၊ (၁၅)အဆန် လူစီးရထားများနှင့်မော်လမြိုင်မှ ပဲခူးသို့ပြေးဆွဲနေသော အမှတ်(၈၆)အစုန်၊ (၈၅)အဆန်လော်ကယ်ရထားကို ယခင်အချိန်စာရင်းအတိုင်း ဩဂုတ် ၁၉ ရက်မှစ၍ ပုံမှန်ပြန်လည်ပြေးဆွဲသွားမည်ဖြစ်ပြီး ရထားလက်မှတ်များကို ဩဂုတ် ၁၈ ရက်မှစ၍ စတင်ရောင်းချသွားမည်ဖြစ်ကြောင်း မော်လမြိုင်ဘူတာကြီးရှိ မီးရထားရုံးမှ သိရသည်။

တင်ထွန်း (မော်လမြိုင်)




